www.burmeseclassic.com

# အိုမာသပ်

## တိမ်ညိုစီးတဲ့ ပန်းကကြိုး




Dagon Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

# အိုမာဆမ်

## ဏိမ်ညိုဒြီးဏဲ့ပန်းဏကြိုး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၀၄၀၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၇၄၀၁၀၈

၂၀၀၈ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ . . ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ . . . . ဦးကျော်လှိုင် (၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

BURMESE CLASSIC

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

နောက်ဆုံးတေးသွားကို ဟစ်ညည်းပြီးသည်နှင့် သူမ ရင်ထဲ ပေါ့ပါးငြိမ်းချမ်းသွားသည်။

ဆိတ်ငြိမ်အေးဆေးစွာ သုံးဆောင်နားဆင်နေသည့် ပရိသတ်ကို တစ်ချက် ဦးညွှတ်နှုတ်ဆက်ပြီး နားနေခန်းသို့ ဝင်ခဲ့လိုက်သည်။

လက်ခုပ်သံ ဖြောက်တိဖြောက်တျဲကိုပင် ဆုံးအောင် နားမထောင်ဖြစ်။

သူမ အတွယ်တာရဆုံး ဂစ်တာလေးကို ဂစ်တာအိတ်ထဲ ထည့်နေစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



"မမ ... ညှိုသည်တစ်ယောက်က တွေ့ချင်လို့တဲ့"

စားပွဲထိုးလေးတစ်ယောက်က လာပြောစဉ် သူမ စိတ်ရှုပ်စွာဖြင့်

"ကျွတ် ... ကျွန်မ ညှိုသည် လက်မခံတတ်ဘူးဆိုတာ သိရက်နဲ့"

စားပွဲထိုးလေးက တိုးတိတ်စွာ ခေါင်းငုံ့သွားပြီး ...

"ကျွန်တော် ပြောပါသေးတယ်၊ သူက သူ့နာမည်ပြော ကြည့်ပါတဲ့၊ လက်ခံလိမ့်မယ်တဲ့"

သူမ အံ့ဩသွားပြီး ...

"ဘယ်သူလဲ"

"ခေါ်ညိုလေးသိမ့် တဲ့"

သူမရင်ထဲ နာကျင်ဝမ်းနည်းသွားသည်။

သိပ်ရင်းနှီးတဲ့ ဒီနာမည်ကြားတိုင်း သူမရင်ထဲက အစိုင်အခဲ မကျေသေးကြောင်း နာကျင်မှုက သတိပေးတတ်သည်။

"ခေါ်လာရမလား"

"မလိုဘူး၊ ကျွန်မ ထွက်တွေ့မယ်၊ သူ ဘယ်မှာလဲ"





"ကားထဲမှာ ထိုင်စောင့်နေတယ်၊ ကားနံပါတ်က ..."

ကောင်လေးကို ဆက်ပြောခွင့် မပေးတော့။

ဂစ်တာအိတ်ကိုကောက်လွယ်လိုက်ပြီး ...

"ရတယ်၊ ကျွန်မ အဲဒီကားကို ကောင်းကောင်းသိတယ်"

သူ ကားမပြောင်းသေးရင်ပေါ့။

ကား Parking ထိုးထားရာ နေရာမှာ သိပ်ရှာစရာ မလိုဘဲ ရပ်ထားတဲ့ကားကို လွယ်ကူစွာ တွေ့ရသည်။

ကားနောက်ခန်းတံခါးကို ဖွင့်ရန်ပြင်လိုက်စဉ် ...

"ကားရှေ့မှာပဲ လာထိုင်ပါလား"

"နောက်မှာပဲ ထိုင်ချင်တယ်"

ဒရိုင်ဘာမမြိုသည့် ထုံးစံအတိုင်း ဒရိုင်ဘာမဟုတ် ဘဲ ကိုယ်တိုင်မောင်းနေတာ တွေ့ရသည်။

"အိမ်ပြန်မှာလား"

ကားကို parking ထိုးထားရာက ထွက်လိုက်ပြီး လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့မှာ ဒါပေမဲ့ အိမ်မှာ ညစာစားစရာ မရှိဘူး၊ တစ်ခုခု ဝင်ဝယ်သွားရမယ်"

"စိတ်ပျက်တယ်၊ ဒီအတိုင်း ဘယ်အချိန်ထိ စခန်းသွားနေမှာလဲ"

စိတ်ပျက်တယ်၊ စိတ်ပျက်တယ်၊ ဒီစကားလုံးတွေကြောင့် မေမေလည်း သူ့အနားက ခွာခဲ့တာ၊ သူမလည်း ဒီလိုပဲ။

"ဒီအခါမှာ ပျော်နေသေးတဲ့ အချိန်အထိပေါ့"

ကားက ဆောင့်ပြီး ရပ်ခနဲ မောင်းထွက်သည်။

စိတ်တိုသွားပြန်ပြီပေါ့။

"ဘာမှ ဝင်မဝယ်နေနဲ့၊ နောက်ခန်းက ခြင်းတောင်းထဲမှာ စားစရာတွေပါတယ်၊ ညည်း နေနိုင်ပေမယ့် ငါ မနေနိုင်လို့ စီစဉ်လာခဲ့တယ်"

ခြင်းထဲကို လှမ်းကြည့်စဉ် အစားအသောက်တွေ ထည့်ထားဟန်တူတဲ့ ဘူးတချို့ကို တွေ့ရသည်။

ဘွားဘွား စီစဉ်ပေးတာပဲ ဖြစ်မှာပါ။

"ဘွားဘွား နေကောင်းလား"





ဘွားဘွားကို သတိရ လွမ်းဆွတ်စွာ မေးလိုက်မိသည်။

"အိမ်ကို သတိရတဲ့စိတ်ရှိရင် ပြန်လာပါလား"

အိမ်ကို သတိရတာ မဟုတ်။

အမြဲတမ်း မှုန်လောင်ဆူပွက်နေတတ်သည့် အိမ်ကို သူမ ဘာလို့တွယ်တာရမှာလဲ။

သူမကို နှစ်သိမ့်တတ်တဲ့ ဘွားဘွားရယ်။

သူမကို နားလည်ပေးတဲ့ မေမေရယ်။

သူတို့တွေကိုပဲ သတိရတာပါ။

"မီးပျက်နေတာလား"

ဩော် ... သူမ အခန်းရှေ့ ရောက်နေပြီပဲ။

မီးမှောင်နေတဲ့ အခန်းကိုကြည့်ပြီး မေးသည်ထင်။

"မီးချထားလို့ပါ"

ကားထဲကထွက်ရင်း ပြောလိုက်သည်။

ဂစ်တာအိတ်ကို ဆွဲထုတ်နေစဉ် သူမအိတ်ကို စက်ဆုပ်သလို မျက်နှာပေးနဲ့ ကြည့်နေတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပ်မုန်းတဲ့ ဂစ်တာကိုမှ နင်က ဆက်တီးနေသေးတယ်"

ဒီစကားတွေက ကြားဖန်များ၍ နားရည်ဝနေသလို ကြားရတိုင်းလည်း သူမ နာကျင်မြဲပင်။

"အိမ်ပေါ် တက်ဦးမှာလား"

ဝတ်ကျေတန်းကျေ မေးလိုက်စဉ် ကားထဲက ကြော့ကြော့မော့မော့ ထွက်လာပြီး ...

"တက်ဦးမှာပေါ့၊ အေးအေးဆေးဆေး စကားမှ မပြောရသေးတာ"

အေးအေးဆေးဆေး ပြောမှာမဟုတ်၊ ခက်ထန်ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ တစ်ဖက်သတ်အမြင်ကျကျ ပြောမှာသေချာသည်။

ဒါလေမဲ့ ပြောရမှာက သူ့ဝတ္တရား ...

နားထောင်ရမှာက သူမဝတ္တရား ...

သူမတို့နှစ်ယောက်ကြားမှာ သားအမိဆိုတဲ့ ဆက်စပ်မှုရှိနေတော့ ...





"ဒါဆိုလည်း လှေကားထစ်တွေကို သတိထားဦး၊ ချော်လဲမယ်"

သူ့ကို မေမေ အမြဲသတိပေးတတ်သည့် စကား။

အခုတော့ သူမ မေမေ့ကို သတိပေးရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖွင့်လိုက်သည်နှင့် သူမအခန်းက မီးချောင်းတွေ အားလုံးလင်းသွားသည်။

မီးလင်းသွားသည်နှင့် သူမအခန်းရဲ့ အခင်းအကျင်းက အကာအရံမဲ့နေ၍ ထင်းခနဲ။

မီးဖိုခန်းကလွဲ၍ ဘာမှအခန်းမဖွဲ့ထား၊ အခန်းဖွဲ့ရအောင်လည်း သူမအခန်းမှာ ပစ္စည်းများများစားစားမရှိ။

အိပ်ရာတစ်ခုရယ်၊ တီဗီနဲ့ဆက်သွယ်ကြည့်ရတဲ့ စက်အချို့ရယ်၊ ကက်ဆက်သေးသေးတစ်လုံးရယ်၊ စာအုပ်တချို့ရယ်၊ ဒါလောက်ပဲ။

ထိုင်စရာ ခုံမရှိသည့် အခန်းလေးကို ငေးငေးကြည့်ပြီး ...

"စိတ်ပျက်စရာ ကောင်းလိုက်တာ"



"ဒါပါနဲ့ဆို ဒီအခန်း လာဖူးတာ နှစ်ခေါက်၊ ဒီစကားပြောဖူးတာလည်း နှစ်ခေါက်ပဲ။ ပထမတစ်ခေါက်က ဖေဖေဆုံးတုန်းက ..."

သူမ အရွဲ့တိုက်ပြီး ပြောနေတာမဟုတ်။

ရင်ထဲက တကယ့်ကို ခံပြင်းဝမ်းနည်းစွာ ပြောမိခြင်းပင်။

"နေရ ထိုင်ရ စားရ သောက်ရတာ အဆင်ပြေရဲ့လား"

သူတို့ဆီက ဘာအထောက်အပံ့မှ မယူပေမယ့် သူမ တစ်ကိုယ်ရေအတွက် အဆင်ပြေပါသည်။

"ပြေပါတယ်၊ တစ်ပတ်သုံးရက်ပဲ သွားဆိုရတော့ နောက်တစ်ဆိုင်တောင် ဆိုရင်ကောင်းမလားလို့"

မျက်လုံးပြူးပြီး ရင်ဘတ်ဖိနေတာ မြင်ရသည်။

"ဒီလောက်နဲ့ ငါတို့သိက္ခာချရတာ မလုံလောက်သေးဘူးလား နွယ်သာကီ"

"ဘာသိက္ခာကျရမှာလဲ၊ ရိုးရိုးသားသား အနုပညာနဲ့ ဖျော်ဖြေတဲ့အလုပ်က သိက္ခာကျစရာလား"

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ၊ ညည်းတော့ ညည်းအဖေရဲ့သွေးတွေ ရှိနေသရွေ့ ငါတို့ကို သိက္ခာချနေဦးမှာပဲ"

သွေးဆိုတာ ဖောက်ထုတ်ပြီး လဲလှယ်ပြောင်းပစ်လို့ ရတဲ့အရာမှ မဟုတ်တာ။

"မပူပါနဲ့ သမီးမှာ ဘာသွေးမျိုး အသိုင်းအဝိုင်းမှ မရှိဘူးလို့ ပြောထားပါတယ်၊ သမီးနဲ့ ပတ်သက်ပြီး သိက္ခာကျစရာ အကြောင်းမရှိပါဘူး"

မကျေနပ်သလိုလို စက်ဆုပ်အံ့ဩသလိုလို စိတ်ပျက်နာကြည်းသလိုလို အကြည့်တွေနဲ့ သူမ အိမ်ရာပေါ် ထိုင်ချလိုက်တာ တွေ့ရသည်။

"ကျောင်းပြန်တက်ဖို့ကိုရော မစဉ်းစားတော့ဘူးလား"

သူတို့အထောက်အပံ့နဲ့ တက်ရမယ့်ကျောင်းကို သူမ ဆန္ဒမရှိတော့။

"မေမေ စိတ်တိုင်းချ အနှစ် နှစ်ဆယ်လုံး နေခဲ့ပြီးပြီ၊ နောက်ပိုင်းကာလတွေကို ကိုယ့်ဘာသာကိုယ်ပဲ ဖန်တီးပါရစေ"





ညိုမှိုင်း အိုစာသွားတဲ့ မျက်နှာကို တွေ့ရသည်။

"ဒါပေမဲ့ ငါ သင်ပေးခဲ့တဲ့ ပညာတွေ နမြောဖို့ကောင်းတယ်။ ညည်း အရွဲ့တိုက်နေတာဆိုရင် ငါ အရှုံးပေးပါတယ်၊ အိမ်ပြန်လာပြီး ကျောင်းပြန်တက်ပါ"

သူမ ခေါင်းမာစွာ ပြုံးလိုက်မိသည်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်ကသာ ဒီစကားပြောမည် ဆိုလျှင် သူမ စိတ်ပြောင်းကောင်း ပြောင်းသွားနိုင်ခဲ့သည်။

အခုတော့ ...

"ဟင့်အင်း ... ဒီဘဝမှာ သမီး ပျော်တယ်၊ ဘွားဘွားကို ပြောလိုက်ပါ ကျန်းမာရေးဂရုစိုက်ပါလို့၊ ထမင်းစားလိုက်ဦးမယ်"

အဝတ်အစားပင် မလဲတော့ဘဲ ပြောချင်တာပြောပြီး ထမင်းစားရန် ပြင်လိုက်သည်။

ခေါက်ဆွဲခြောက် တစ်ထုပ်ကိုဖောက်၍ ရေနွေးပူပူနဲ့ ခပ်ကျဲကျဲဖြတ်လိုက်ပြီး ပါလာတဲ့ ကြက်သားကြော်နဲ့ ရောမွှေစားပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေတဲ့ မေမေ့ကို စားဖို့လည်း မခေါ်မိ။ ခေါ်ရင်လည်း ဒါမျိုးစားမှာမဟုတ်။

သူမရဲ့ ပြီးစလွယ်နိုင်တဲ့ ညစာကို ကဲ့ရဲ့ရှုတ်ချပေဦးမည်။

"နေရော ကောင်းရဲ့လား၊ ဒီလိုပဲ အမြဲစားသောက်နေရင် ရေရှည်မကောင်းဘူး"

ဟုတ်ပါတယ်၊ အစားအသောက်ကအစ စည်းစနစ်ကျလွန်းလို့ ဖေဖေနဲ့ သူမ အဲဒီအိမ်ကြီးပေါ်က ထွက်ခဲ့ကြတာပေါ့။

"ညည်းအဖေရဲ့ ဉာဉ်ဆိုးတွေကို ငါ ဘယ်လိုလုပ်မှ ဖျောက်ပစ်မှာလဲ နွယ်သာကို"

"ဖေဖေ့ကို ပြန်ခေါ်ပေး၊ ဆဖေ အသက်ပြန်ရှင်လာအောင် လုပ်ပေးနိုင်ရင် ဘယ်ကိစ္စမဆို လက်ခံပေးမယ်"

ကလေးတစ်ယောက်လို မဖြစ်နိုင်တာတွေကို ရေရွတ်ပြောဆိုပြီး ဝမ်းနည်းစိတ်က လှိုက်တက်လာသည်။





အရသာပြည့်စုံကောင်းမွန်ပေမယ့် အေးစက်ခြောက်သွေ့တဲ့ ထမင်းဝိုင်းကိုစွန့်ပြီး ခေါင်ဆွဲပြုတ်ပူပူကို သားအဖနှစ်ယောက် မြိန်ယှက်စွာ စားခဲ့ကြတာကို သူမ မမေ့။

ဖေဖေ ဝေဒနာ ပြင်းထန်စဉ်က တောင်းဆိုခဲ့တဲ့ အစားအသောက်သည် သူမကိုယ်တိုင် ပြုတ်ပေးရသော ခေါက်ဆွဲပြုတ်ပူပူပင်ဖြစ်သည်။

"ငါ သွားမယ်"

သူမ ခေါင်းမညိတ် ခေါင်းမခါ။

မဖိတ်ခေါ်ဘဲလာပြီး သူ့သဘောနဲ့သူ ပြန်သွားတဲ့ မေမေ့ကို သူ နှုတ်မဆက်မိတော့။

သူမ့ အခန်းလေးက ချက်ချင်းပင် ပြန်တိတ်ဆိတ်သွားသည်။

ခေါက်ဆွဲပြုတ်ပူပူကို ပြန်ငုံ့သောက်နေစဉ် သူမပါးပြင်ပေါ်မှာလည်း ပူနွေးတဲ့ မျက်ရည်တွေ စီးစွတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပါနဲ့ဆိုရင် ဒီကောင်လေးကို မြင်ရတာ ငါးရက်မြောက်ရှိပြီဖြစ်သည်။

ဒီလိုစားသောက်ဆိုင်မှာ ငါးရက်ဆက်တိုက် တစ်ယောက်တည်းလာပြီး သူမ သီချင်းဆိုတာကို လာအားပေးတာ ရှိးသားပါတယ်လို့ ခေါင်းစဉ်တပ်လို့မရ။

သူမနဲ့ အကြည့်မဆုံ,ဆုံအောင် စောင့်ဖမ်းတတ်ပြီး အကြည့်ချင်းဆုံရင် ပြုံးယောင်သမ်းသွားတတ်သေးသည်။

သူမ အလှည့်မှာ ဆုချတာတွေ ပန်းကုံးပေးတာတွေ မိတ်ဆက်တာတွေ လက်မခံတတ်တာမို့ တိတ်ဆိတ်တည်ငြိမ်စွာ ပြီးဆုံးသွားတတ်သည်။





ဂစ်တာတီးတာကို ဝါသနာပါတဲ့ ဖေဖေ့ဆီက သွေးအပြည့် ပါလာတော့ သူမလက်တွေက ဂစ်တာကိုပဲ စွဲစွဲမြဲမြဲကိုင်ဖြစ်တော့သည်။

ကိုယ်တိုင် ဂစ်တာတီးပြီး သီချင်းအေးအေးလေးတွေကို ထိုင်ဆိုနေရတာလောက် သူမအတွက် ပြီးပြည့်စုံတာမျိုး မရှိ။

အဲဒီအချိန်မှာ သူမ မျက်လုံးထဲမှာ ပရိသတ်တွေကို မမြင်၊ ပြန့်ပြူးပြာစင်နေတဲ့ ကောင်းကင်ပေါ်မှာ လွင့်မျောနေတာမျိုး ခံစားမြင်မိနေတတ်သည်။

ဖေဖေ့သူငယ်ချင်းဆိုင်ဖြစ်၍ သူမအတွက် အစစအရာရာ အဆင်ပြေလှသည်။

သူမအလှည့် ပြီးသည်နှင့် တန်းပြန်တတ်သူဖြစ်၍ ဆိုင်ကတခြားအဆိုတော်တွေနဲ့ မရင်းနှီး။

သူတို့ကလည်း သူမကို ခင်ချင်ပုံမရ။

သူတို့တ အသံထက် ရုပ်ပြဖို့ကို အားသန်ကြပြီး သူမက ရုပ်ထက် အသံပြဖို့က အားသန်သည်။

သူတို့ရဲ့ ရောင်စုံမျက်နှာတွေကို သူမ ထိမထင် ကြည့်တတ်သလို ပြောင်ရှင်းဝင်းမွတ်နေတဲ့ သူမ မျက်နှာကိုလည်း သူတို့က အထင်မကြီးသလို ကြည့်တတ်ကြသည်။

နောက်ဆုံးအပိုဒ်ကို သီဆိုအပြီး အသက်ရှူဖို့ မေ့နေသလို ကောင်လေးက အားပါးတရ သက်ပြင်းချလိုက်တာ တွေ့ရသည်။

သီဆိုနေသူ သူမကမမောၤ ကောင်လေးက မောနေသည်။

ပြီးသည်နှင့် သူမ ဂစ်တာကို ကောက်လွယ်ပြီးထွက်ခဲ့လိုက်သည်။

ကားငှားဖို့ ရပ်နေစဉ် သူမရှေ့သို့ ကားလေးတစ်စီး လျှောခနဲ။

ဟိုကောင်လေးပဲပေါ့။

"ကျွတ် ... စိတ်ရှုပ်လိုက်တာ"

သူမ ကောင်လေးကြားအောင် ရေရွတ်လိုက်ပြီး နောက်မှာလာရပ်တဲ့ Taxi ပေါ် တက်လာခဲ့လိုက်သည်။





သူမဘဝထဲ ခပ်ရှုပ်ရှုပ် ခံစားမှုတွေ မဝင်စေချင်။

နောက်ကြည့်မှန်ကနေတစ်ဆင့် ကောင်လေးကား ပါလာတာ တွေ့ရသည်။

အင်း ... ဒီလိုမျိုးတွေ သူမ ကြုံရပေါင်းမနည်းတော့။

နောက်တော့လည်း အေးစက်ကြမ်းတမ်းတဲ့ သူမ အနားကိုပင် မကပ်နိုင်ကြဘဲ လက်လျှော့သွားကြသည်ချည်းပင်။

သူတို့ရင်ဘတ်ထဲက နှလုံးသားတွေကို သူမ အထင်မကြီးတတ်တာ ဘယ်တတ်နိုင်ပါ့မလဲ။

❦ ◇ ❦

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့ဖြစ်၍ သူမ အားလပ်သဖြင့် ထုံးစံအတိုင်း စိတ်ကြိုက်ဝယ်ခြမ်း ချက်ပြုတ်ရန် ဈေးသို့ ခပ်စောစော ထွက်ခဲ့လိုက်သည်။

သူမ အခန်းကဆင်းလိုက်သည်နှင့် လှေကားခြေရင်းမှာ ရပ်ထားတဲ့ ကားတစ်စီးကို တွေ့လိုက်ရသည်။

သူမ အမှတ်မမှားဘူး ဆိုလျှင် ထိုကားသည် ...။ ကားထဲက ကောင်လေးက ကသိကရိုမျက်နှာနဲ့ ထွက်လာပြီးဖြိုးပြသည်။

သူ့ပုံစံက တစ်ညလုံး ဒီကားထဲမှာပဲ ရှိခဲ့သည့်ပုံ။ သူမနှုတ်ခမ်းတွန့်ရုံ ပြုံးမိသွားလား မသိ။



ကောင်လေးက နောက်က လမ်းလျှောက်ကပ်ပါလာသည်။

"မမနွယ်"

သူမ ကြက်သီးဖြန်းခနဲ ထသွားသည်။

နံနက်စောစော နှင်းလည်းမကျ။

အေးလည်းမအေး။

ကောင်လေးရဲ့ နွေးထွေးလိုက်လှဲတဲ့ အသံကြောင့်ပဲဖြစ်မည်။

"မမနွယ်"

ဒုတိယအကြိမ်မှာတော့ သူမ ကြက်သီးမထတော့။

လှည့်မကြည့်ဘဲ ဆက်လျှောက်နေစဉ် ကောင်လေးဆက်မခေါ်တော့။

ဈေးဝယ်စရာရှိတာဝယ်ပြီး ပြန်လှည့်လာစဉ်အထိဘာမှ မထူးခြားသေး။

သူမ အခန်းနား ပြန်ရောက်ခါနီးမှ ...

"မမနွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အားနား ရောက်လာပြီး ထပ်ခေါ်သည်။

သိပ်နီးနီးကပ်ကပ် ခေါ်ခြင်းဖြစ်၍ သူမ မျက်မှောင်ကြုတ်၍ စိတ်ရှုပ်စွာ ကြည့်လိုက်စဉ် ...

ရှုံ့မဲ့အားနာနေတဲ့ မျက်နှာနဲ့ ကောင်လေးက အသံတိုးတိုးဖြင့် ...

"ကျွန်တော် အိမ်သာ အသုံးပြုချင်လို့ပါ မမနွယ်"

သူမ ရယ်ချင်သွားမိသည်။

ဈေးမှာတုန်းက ဈေးအိမ်သာ မသုံးခဲ့ဘဲနဲ့။

"မဖြစ်ဘူး၊ ငါ့အိမ်သာကို သူများသုံးတာ ငါ မကြိုက်ဘူး"

ကောင်လေးမျက်နှာက ချွေးပါစို့လာသည်။

တကယ့်ကို အန္တရာယ် လွယ်ထားရသလို ...

"ကျွန်တော် မအောင့်နိုင်တော့လို့ပါ မမနွယ်၊ တောင်းပန်ပါတယ်"

သူမ စိတ်ရှုပ်မခံချင်တော့။ အခန်းသော့ကိုပေးလိုက်ပြီး ...





"မင်း ပြီးမှ ငါ အခန်းထဲဝင်မယ်၊ လောလောဆယ် မင်းကားသော့ ငါ့ ပေးထား"

သူမ သော့ချင်းအလဲအလှယ်လုပ်ပြီး ကားနားကစောင့်နေလိုက်သည်။

ကားထဲက ရေသန့်ဘူးခွံတွေနဲ့ မုန့်ထုပ်တွေကိုကြည့်ပြီး ကောင်လေးကို သနားသလိုလို။

ဆယ်မိနစ်ခန့်အကြာ ကောင်လေးက ပေါ့ပါးလန်းဆန်းစွာ ပြန်ထွက်လာသည်။

"အဟဲ ... မျက်နှာပါ သစ်လိုက်တယ်၊ ကျေးဇူးတင်ပါတယ် မမနွယ်"

ရင်းနှီးနွေးထွေးစွာ လှမ်းပြောစဉ် သူမ ကားသော့ကို ပြန်ပေးရင်း ...

"ငါ့အခန်းသော့ ပေး"

ကောင်လေးက အခန်းသော့ကို ပြန်ပေးသည်။

"မင်း ဒီနားကို ငါ့အတွက် လာတာဆိုရင် ရောက်မလာနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်ခဲ့စဉ် ကောင်လေးက နေရာမှာပဲရပ်ပြီး ကျန်ခဲ့သည်။

သူမ အခန်းထဲ ပြန်ဝင်လိုက်ပြီး ကောင်လေးဝင်ခဲ့တဲ့ ရေချိုးခန်းထဲ သွားကြည့်လိုက်သည်။

အားလုံး ဘာမှ လက်ရာခြေရာမပျက် သေသေသပ်သပ် အသုံးပြုခဲ့ပုံရသည်။

ရေချိုးခန်းမှ ပြန်အထွက် ကျင့်သားရနေတဲ့ မျက်စိက ဘေစင်နားအရောက် ...

"ဟင် ..."

သူမ အံ့ဩစွာ စိတ်လှုပ်ရှားသွားသည်။

ဘေစင်ပေါ်မှာ ပန်းစည်းလေးတစ်ခု။

ဂစ်တာပုံ အလှတင်ပန်းစည်းလေးတစ်ခု။

သူမပန်းစည်း မဟုတ်ကြောင်း သေချာသည်။

ဒါဆို ...

ကောင်လေး ထားခဲ့တာဖြစ်မည်။





အရုပ်လေးကို သူမ ကောက်ယူကြည့်လိုက်စဉ် ဂစ်တာသံလေးက ငြိမ့်ညောင်းစွာ ထွက်လာသည်။

ဒီကောင်လေး သူမ ကြည်နူးအောင်တော့ လုပ်နိုင်စွမ်းရှိသား။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးရှေ့မှာ ဖိတ်စာတစ်စောင် ညှပ်ထားတာ တွေ့သဖြင့် ဖိတ်စာကိုယူပြီး သော့ဖွင့်လိုက်သည်။

အခန်းထဲရောက်မှ ဂစ်တာကိုလွယ်လျက်နှင့်ပင် ဖိတ်စာကိုဖွင့်ဖတ်လိုက်စဉ် ...

"ဪ ... ဘွားဘွားတောင် အသက်ခုနစ်ဆယ် ရှိသွားပြီပဲ"

ငြိမ်းချမ်းအေးမြတဲ့ ဘွားဘွား မျက်နှာကို မြင်ယောင်ပြီး ဘွားဘွားကို သတိရလာသည်။

"ဘွား အသက်ခုနစ်ဆယ်အထိ နေရရင် ခုနစ်ဆယ်ပြည့် မွေးနေ့လုပ်မယ်၊ ကိုယ်ချစ်ခင်ရင်းနှီးတဲ့ လူတွေကိုဖိတ်ပြီး သူတို့နဲ့ ရင်းရင်းနှီးနှီး စကားပြောချင်တယ်၊ အဲဒါနောက်ဆုံး ဖြစ်ချင်လည်း ဖြစ်မှာ"၊





ဘွားဘွား ပြောခဲ့တဲ့ စကားကို ပြန်ကြားယောင်ပြီး နံရံကိုမှီ၍ ထိုင်ချလိုက်သည်။

အဲဒီအိမ်ကြီးဆီက ခွာခဲ့တာ ဘာလိုလိုနဲ့ လေးနှစ်တောင် ရှိသွားခဲ့ပြီပဲ။

ကြားထဲမှာ ဘွားဘွားကို တစ်ခါမှ သွားမတွေ့ခဲ့။

ခြေထောက်မကောင်းတဲ့ ဘွားဘွားကလည်း သူ့မဆီ မလာနိုင်။

ဘွားဘွားဆန္ဒအရဆို ဘွားဘွားလည်း သူမကိုတွေ့ချင်နေရှာမှာ သေချာသည်။

မေမေ ပြောသလို သူမ ဒီဘဝမှာ သိပ်ပျော်နေသလား။

ဖေဖေ ရှိစဉ်တုန်းကတော့ သိပ်ပျော်ပါသည်။

သူမ ပြန်လာရင် အပြုံးယဲ့ယဲ့ ချိုချိုနဲ့ ကြိုတတ်တဲ့ ဖေဖေ။

ဖေဖေ့ အကြောင်းတွေးမိရင် အဲဒီအိမ်ကြီးဆီ မပြန်ချင်တော့။

အပြင်က ပြန်လာတိုင်း နေကောင်းလား တစ်ချက်ဝင်မမေးတတ်တဲ့ ဖေဖေ။

ရောဂါသည်ဖေဖေ့ကို ကွာရှင်းဖို့အထိ သဘောတူခေါင်းညိတ်ခဲ့တဲ့ မေမေ။

ချစ်လို့ယူခဲ့ကြပေမယ့် မတူညီတဲ့ ခံယူချက်တွေဝါသနာတွေ၊ အယူအဆတွေကြောင့် စိတ်ချင်းဝေးနေခဲ့ကြတဲ့ဖေဖေနဲ့ မေမေ။

သူမ ကိုယ်ထဲမှာ ဖေဖေ့သွေး များတာမို့ သူမဖေဖေ့နောက်ကို တစက် နောက်မတွန့်ဘဲ လိုက်ခဲ့သည်။

အဲဒီအိမ်နဲ့ ပတ်သက်တာ တစ်ခုခု မြင်ရကြားရတိုင်း သူမ ရင်ဘတ်ထဲ နာကျင်ဝမ်းနည်းတတ်လွန်း၍ မတွေးမိအောင် ကြိုးစားမေ့ထားကာမှ ...

သူမ ဖိတ်စာလေးကို အိပ်ရာပေါ် တင်လိုက်ပြီးလူလည်း အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

အသားမာတက်နေတဲ့ လက်ချောင်းထိပ်လေးတွေနဲ့ နဖူးပြင်ကို နှိပ်လိုက်စဉ် ကြမ်းရှရှ အတွေ့က နဖူးကြောများကို ပြေလျော့ကျဆင်းသွားသည်။



အေးစက်နေမယ့် အစားအသောက်များကို စားချင်စိတ် မရှိတော့။

ကော်ဖီပူပူတစ်ခွက်နဲ့ ကိတ်ခြောက်နှစ်ချပ်ကို ဖြစ်သလိုစားလိုက်ပြီး ခပ်စောစော ဝင်အိပ်ပစ်လိုက်သည်။

www.burmeseclassic.com



ခြံရှေ့မှာ သူမ ရပ်နေတာ ကြာပြီဖြစ်သည်။

ဖွင့်ထားတဲ့ ခြံထဲကို သူမ ခြေလှမ်းသုံးလေးလှမ်းလောက် လှမ်းရုံနဲ့ ရောက်သွားမည် ဖြစ်သော်လည်း သူမ မလှမ်းမိ။

ထွက်လာတုန်းက ရည်ရွယ်ချက်တစ်မျိုးနဲ့ဖြစ်ပြီး အခုမှ သူမ တွေဝေနေမိပြန်သည်။

ဖေဖေနဲ့ ထွက်လာပြီးကတည်းက ဒီအိမ်ကြီးဆီကို လှည့်မကြည့်ဖြစ်ခဲ့တဲ့ သူမ။

အိမ်ကြီးထဲ ဝင်ဖို့အတွက် ခြေတွန့်နေသလို ဖေဖေ့အတွက်လည်း ခံပြင်းနာကြည်းဆဲ။





သူမကို မျှော်နေရှာသည့် ဘွားဘွားကို သနားလှသော်လည်း သူမ မဝင်ချင်တော့။

ကားတစ်စီးက ခြံထဲကွေ့ဝင်ဖို့ ပြင်နေစဉ် သူက ကားနားသွားလိုက်ပြီး ကားမှန်ကို ဖြည်းဖြည်းခေါက်လိုက်သည်။

အရှိန်လျှော့ထားသဖြင့် ကားမောင်းသူက စက်မသတ်ဘဲ ကားကိုရပ်လိုက်ပြီး ...

"ဘာကိစ္စလဲ"

မသိကြတဲ့လူတွေဖြစ်၍ အကြည့်ချင်း စိမ်းနေကြသော်လည်း ထိုလူရဲ့အကြည့်တွေက ချိုနေတာ တွေ့ရသည်။

"ကျွန်မ ဒီခြံထဲက မွေးနေ့ပွဲ လာတာပါ၊ အခု အရေးပေါ်ကိစ္စတစ်ခု ပေါ်လာလို့ မဝင်ဖြစ်တော့ဘူး၊ အဲဒါ လက်ဆောင်လေး လူကြုံပါးလိုက်ချင်လို့"

ယုံယုံ မယုံယုံ မတတ်နိုင်။

အပမ်းမကြီးတဲ့ အကူအညီဖြစ်၍ တောင်းလိုက်ခြင်းမျိုးသာ။



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲ ကိုယ်တိုင်ဝင်ပေးရင် လူကြီးကိုလည်း ဂါရဝပြုရာ မရောက်ဘူးလား"

စေတနာစကား ဆိုတာ သိပေမယ့် သူမအတွက် ခက်ခဲလွန်းနေတာမို့ ...

"ဝင်ပြီး ချက်ချင်း ပြန်ထွက်ရင် ပိုရိုင်းမှာစိုးလို့ပါ၊ ကျွန်မ နောက်နေ့မှ သပ်သပ် လာတွေ့တောင်းပန်ပါ့မယ်"

ဘွားဘွား အသိထဲမှာ ဒီလူကို မတွေ့ဘူး။ အသက် ခုနစ်ဆယ်အရွယ် ဘွားဘွားမှာ အသက်သုံးဆယ်အရွယ် ဒီလူနဲ့ မိတ်ဆွေဖြစ်နိုင်စရာ အကြောင်းလည်းမရှိ။

"ဒါဆိုလည်း ပေးလိုက်လေ၊ ဘယ်သူပေးလိုက်တာလို့ ပြောပေးရမလဲ"

"ရပါတယ်၊ လက်ဆောင်ဘူးထဲမှာ စာပါတယ်၊ သူသိမှာပါ"

"သြော်"

လက်ဆောင်ဘူးလေးကို ကမ်းယူပြီး ကားကိုဖြည်းဖြည်းဘီးလိမ့်ရုံ ဝင်သွားသည်။





ခွင့်လွှတ်ပါ ဘွားဘွားရယ်။

သူမ ရင်ထဲက အာဃာတတွေ အရှိန်မကြီးတော့ပေမယ့် မငြိမ်းသတ်နိုင်သေးတဲ့အတွက် မလာပါရစေနဲ့ဦး။

စိတ်ထဲက ဘွားဘွားကို ရည်မှန်းကန်တော့လိုက်ပြီး ခြံကြီးရှေ့က လှည့်ထွက်လာခဲ့လိုက်သည်။

မေမေရဲ့ လူကုံထံ အသိုင်းအဝိုင်းထဲကို သူမ ဒီပုံစံနဲ့ဝင်လာရင်လည်း မေမေ ကျေနပ်မည်မထင်။

သူမနဲ့ မေမေ့ကြားက အက်ကြောင်းကို ဖေဖေသာရှိနေလျှင် ပိုပြီးမကွာဟလာအောင် အားပေးနှစ်သိမ့်ပေးဦးမည်သည်။

❦ ✧ ❦

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ... ပြီးရင် ဆရာက တွေ့ချင်လို့တဲ့"

ထုံးစံအတိုင်း သူမ အလှည့်ပြီး၍ ပြန်ရန်အလုပ်စားပွဲထိုး ကောင်လေးက လာပြောသဖြင့် ဆရာဟုခေါ်ကြသော ဆိုင်ပိုင်ရှင်ကို သွားတွေ့လိုက်သည်။

"လာ ... သမီး"

ဖေဖေ့ရဲ့ သူငယ်ချင်းလည်းဖြစ်၍ သူမအပေါ် နွေးထွေးကြင်နာစွာ ဆက်ဆံတတ်သော ဆိုင်ပိုင်ရှင်ကို သူမကလည်း လေးစားယုံကြည်ထားသည်။

"ဦး ... ခေါ်တယ် ဆိုလို့"

ဦးက ပြုံးပြီး သူမကို ခုံလွတ်တစ်ခုမှာ ထိုင်ခိုင်းသည်။





"ဟုတ်တယ်၊ အလုပ်ကိစ္စတစ်ခု ပေါ်လာလို့ သမီးရေ၊ ဦး မိတ်ဆွေတစ်ယောက်က ဒီဆိုင်မှာ လာစားရင် သမီးနဲ့ တယောဆရာကို သဘောကျလို့တဲ့၊ အဲဒါ သူ့မင်္ဂလာနှစ်ပတ်လည်နေ့မှာ သမီးတို့ကို ဖျော်ဖြေပေးစေချင်လို့တဲ့၊ အနုပညာကြေးကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပါ့မယ်တဲ့"

သူမ တစ်ခါမျှ လက်မခံဖူးသော ကိစ္စတစ်ခု။

ဝါသနာအရရော ဘဝရပ်တည်မှုအတွက်ရော သူမ လောလောဆယ် ရွေးချယ်ထားပေမယ့် အကျယ်ကြီး သူမ မျှော်လင့်ထား။

"သမီးအတွက် မဖြစ်နိုင်ဘူးထင်တယ် ဦး"

"ဘာဖြစ်လို့လဲ သမီး၊ သူတို့က သမီးတို့အနုပညာကို တန်ဖိုးထားပြီး လေးလေးစားစား တောင်းဆိုတာပါ"

သူမ အနုပညာကို သူတစ်ပါးစိတ်တိုင်းကျ ဖန်တီးနိုင်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ ပြောဖူးသည်။ သူမရဲ့ ဒီစိတ်ဓာတ်ကြောင့် သူမကို အောင်မြင်မယ့် အနုပညာသမား ဖြစ်ချင်မှဖြစ်မည်ဟု ပြောဖူးသည်။

"ဦးသူငယ်ချင်း လင်မယားက တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ပြီး အပြန်အလှန် သစ္စာရှိခဲ့ကြတာ၊ သူတို့ရဲ့နှစ် သုံးဆယ်ပြည့် မင်္ဂလာရက်မှာ အေးအေးငြိမ့်ငြိမ့် ဂီတသံ လေးနဲ့ ဖျော်ဖြေချင်တယ်ဆိုပြီး စိတ်ကူးခဲ့ကြတယ်"

ဒီဆိုင်မှာ ခပ်အေးအေး ဂီတကို ဖန်တီးသူဟူ၍ သူမနဲ့တယောဆရာ နှစ်ယောက်တည်းသာရှိသည်။

သူမတို့နှစ်ယောက်လည်း အပြန်အလှန် တစ်ယောက် အနုပညာကို တစ်ယောက် လေးစားကြသည်။ တစ်ခါတလေ တစ်ယောက် တီးခတ်တာကို တစ်ယောက် နားထောင်ပြီး အပြန် အလှန် အားပေးဝေဖန်ကြသည်။

"တယောဆရာကရော"

တယောဆရာလို့ ပြောပေမယ့် သူမထက် အသက် အများကြီး ကြီးသူဖြစ်သည်။





မိတ်ဆွေအရင်းအချာတွေ မဟုတ်ပေမယ့် အရင်း အချာတွေ ရင်းနှီးမှုတွေ ရှိထားသည်။

"သူက လက်ခံတယ်၊ သမီးသဘောပဲ လိုတယ်"

"သမီး ငြင်းရင် ဦး မျက်နှာပျက်နိုင်သလား"

ဦးက ပြုံးသည်။

တစ်မက်သားကို အကျပ်မကိုင်တတ်။

အပေးအယူဆန်တဲ့ အလုပ်ရှင်နဲ့ အလုပ်သမား ဆက်ဆံမှုမျိုး ဦးမှာ မတွေ့ရတတ်။

အခုလည်း ဦးက နွေးနွေးထွေးထွေး ပြုံးပြီး ...

"မျက်နှာပျက်တဲ့အထိတော့ မဖြစ်နိုင်ပါဘူး သမီးရယ်၊ ဒါပေမဲ့ ဦးဆန္ဒကို ပြောပါဆိုရင်တော့ ဒီတစ်ကြိမ်တော့ ကူညီပေးပါနော်၊ ဦးမိတ်ဆွေအတွက် ဦး စီစဉ်ပေးနိုင်တယ် ဆိုတဲ့ စိတ်ချမ်းသာမှုကို လိုချင်လို့ပါ"

သူမ ဆက်ငြင်း၍ မကောင်းတော့။

"ဒါဆိုလည်း သမီးအတွက် အနုပညာကြေးဆိုတာကို သူ တို့ဘက်က မတောင်းဆိုပါနဲ့နော်၊ ဦးကို ကူညီတဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရော၊ သူတို့ရဲ့သစ္စာတရားကို ချီးမြှင့်တဲ့အနေနဲ့ရော သမီး မေတ္တာနဲ့ သွားဖျော်ဖြေပေးပါ့မယ်”

“ဟာ ... ကျေးဇူးတင်ပါတယ် သမီးရယ်၊ ဦး အိုကေလို့ အကြောင်းပြန်လိုက်တော့မယ်နော်”

သူမ ခေါင်းညိတ်ပြီး နှုတ်ဆက်ပြန်ခဲ့လိုက်သည်။

သူများတွေ နှစ်သုံးဆယ်အထိ အချစ်မပြယ်ကြသေး ပေမယ့် သူမ မိဘတွေကျတော့ ...

သွားစမ်း ...

ဦးနောက်က နည်းနည်းလေး စဉ်းစားစရာ ပေါ်သည် နှင့် ဒီကိစ္စက အတွေးထဲ ပြန်ပြန်ရောက်လာသည်။

ဖေဖေ့ အပြောအရတော့ သူမ မွေးပြီး မကြာခင် ကတည်းက မေမေနဲ့ ဖေဖေ ညှိမရအောင် ကွာခြားမှုတွေများလာ ခဲ့သည်တဲ့။

❦ ✧ ❦





ခြံကျယ်ကြီးထဲမှာ စားပွဲဝိုင်းတွေ ချထားပေမယ့် ဘာ stage မှ ချမထား။

မြက်ခင်းနုနုလေးတွေပေါ်မှာ ချစ်စရာခုံရှည်လေးသာ ချထားသည်။

အကင်မျိုးစုံကို ထားရှိပြီး နှစ်သက်ရာအကင်များ ကို ကိုယ်တိုင် ကင်စားနေကြပုံက ရင်းနှီးနွေးထွေးစွာ ...

“နွယ်သာကို အရင်ဆိုနော်၊ အပြန်နောက်ကျနေမယ်”

ပွဲစချိန်ကိုက ရှစ်နာရီ၊ သူမအတွက် ဖျော်ဖြေချိန် က ကိုးနာရီဆိုတော့ နောက်ပိုင်းယူရင် နောက်ကျမှာစိုးရသဖြင့် အရှေ့ပိုင်းကိုပဲ ယူလိုက်သည်။

www.burmeseclassic.com



နံ့မြင့်လေးပေါ်မှာ ဂစ်တာပိုက်ပြီး သူမ ထိုင်လိုက်ချိန်အထိ လူတွေက ဒီဘက်ကို အာရုံမရသေး။

ကိစ္စမရှိ။

သူမမှာ ပရိသတ်ကို ညှို့ငင်နိုင်တဲ့ အနုပညာမှော်လက်နက် ရှိနေတယ်လို့ ဖေဖေ ပြောဖူးထားသည်။

ဂစ်တာကြိုးများကို စတင်ကြိုးညှိ တီးခတ်ချိန်မှာ ပင် အကင် လုကင်နေကြတဲ့ နေရာက မျက်လုံးတွေ သူမဆီရောက်လာသည်။

"ရေစီးကြောင်းသံယောဇဉ်"သီချင်းကို ဆွဲငင်ညှို့ယူပြီး စတင်တီးဆိုလိုက်သည်နှင့် သူမကိုယ်တိုင် သီချင်းထဲ မျောဝင်စီမွှစီးသွားသည်။

သီချင်းတစ်ပုဒ်ဆုံးတိုင်း ကျဲဖြောက်ဖြောက်လက်ခုပ်သံတွေကို ကြားနေရသည်။

သူမ အားပါတရ သီချင်းဆိုအပြီး ကလေးမလေးတစ်ယောက်က ပန်းစည်းအဖြူ စွင့်စွင့်ကြီးကို လက်ဆောင်လာပေးသည်။



ပန်းစည်းယူပြီး လျှောက်ထွက်လာစဉ် ...

"သိပ်ကောင်းတာပဲ သမီးရယ်၊ အန်တီတို့က လူကြီးတွေဆိုတော့ သီချင်းဆို အေးအေးငြိမ့်ငြိမ်လေးတွေပဲ ကြိုက်တယ်၊ ကျေးဇူးလည်းတင်တယ် သမီးရယ်၊ အကင်စားဦးနော်"

ပွဲရှင် အန်တီကြီးက လိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ချီးကျူးပြီး သူမကို ဝိုင်းလွတ်တစ်ခုမှာ နေရာချပေးသည်။

အားနာသဖြင့် အကင်တွေယူရန် အကင်ထားရာနေရာကို လျှောက်သွားလိုက်သည်။

အကင်အချောင်း လေးငါးခုကို ယူလာပြီး ကင်နေစဉ် ...

"မမနွယ်"

ရင်းနှီးတဲ့အသံ မဟုတ်။

ဒါပေမဲ့ သူမကို တရင်းတနှီး ခေါ်လိုက်ခြင်းဖြစ်၍ အံ့ဩစွာ လှည့်ကြည့်စဉ် ...

"သြော်"

www.burmeseclassic.com

www.burmeseclassic.com



သူမ အိမ်နား လာဖူးတဲ့ ကောင်လေး။

သူ့မျက်လုံးတွေက သူမကို တွေ့ရခြင်းအတွက် အလွန်အမင်း ပျော်ရွှင်နေဟန်။

"ကျွန်တော် ကင်ပေးမယ်"

ပြောပြောဆိုဆို သူမ အကင်လေးတွေကို ဆီသုတ်ပြီး ဟိုလှည့် ဒီလှည့် ကင်ပေးနေသည်။

"မင်းရော ဒီပွဲကို လာတာလား"

ကောင်လေးက ရယ်ပြီး ...

"ဆိုပါတော့၊ မမနွယ် ဒီနေ့ ဆိုတာ အရမ်းကောင်းတာပဲ၊ ဆိုင်မှာ ဆိုရတာထက်များတော့ ပင်ပန်းနေမှာပေါ့"

အမှန်တော့ ပိုပင်ပန်းသည်။

ဒါပေမဲ့ ဆိုပြီး၍ စိတ်ပေါ့သွားတော့လည်း ပင်ပန်းတာတွေ မရှိတော့။

"မမနွယ် အကျက်စားမှာလား၊ မကျက်တကျက် စားမှာလား"

အတော်စားများသော ကောင်လေးပင်။





"အကျက်ပဲ စားမယ်"

အကင်တွေ ကျက်သွားစဉ် ကောင်လေးက ပန်းကန်ပြား အလွတ်တစ်ခုထဲ ထည့်ပေးပြီး ...

"ကျွန်တော် မမနွယ်နဲ့ ထိုင်လို့ဖြစ်ပါတယ်နော်"

သူမအတွက် အဖော်မရှိတဲ့ နေရာမှာ အဖော်ရှိတော့လည်း ကောင်းတာပေါ့။

နည်းနည်းတော့ နားငြီးပေလိမ့်မည်။

"ရပါတယ်၊ စကားလျှော့ပြောရင်ပေါ့"

ကောင်လေးက ဟက်ခနဲ တစ်ချက်ရယ်ပြီး ရှက်သွားသလို ခေါင်းကုတ်နေသည်။

"နောက်ရက်တွေ မင်းကို ဆိုင်မှာမတွေ့ရပါလား"

ဆက်တိုက်လာပြီး ပျောက်သွား၍ ထူးဆန်းနေစဉ် ဒီမှာ ပြန်ဆုံခြင်းပင်။

"အဟဲ ... တစ်လစာမုန့်ဖိုး ပြောင်သွားပြီလေ။ ပိုက်ဆံမရှိတော့လို့ ဆိုင်မှာ လာမစားတော့တာ၊ ဒါပေမဲ့ မမနွယ် ပြန်တိုင်း မမနွယ် ကားနောက်မှာ ကျွန်တော်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်း၍ သူမှ ဘာကိုမှ သတိမထားမိ။

ဆိုင်နဲ့အိမ်၊ အိမ်နဲ့ဆိုင်ကလွဲ၍ သူမ ထပ်ထားရသည့် အာရုံမရှိ။

"ကျွန်တော် ထားခဲ့တဲ့ အရုပ်လေး ကြိုက်လား"

ထားခဲ့တဲ့ နေရာမှာပင် သူမ ဆက်ထားခဲ့သည်။ ချစ်စရာအရုပ်လေး ဖြစ်သော်လည်း သူမ စိတ်မှာထူးထူးခြားခြား နှစ်ခြိုက်ခြင်းမျိုးမရှိ။

"အရုပ်ကြိုက်ရမယ့် အရွယ်မှ မဟုတ်တာ"

ကောင်လေးက မျက်နှာပျက်ချင်ချင်။

ဒီကောင်လေးရဲ့ မရင့်ကျက်မှုက စိတ်ပျက်စရာ ကောင်းပေမယ့် ပွင့်လင်းမှုလေးကတော့ ခွင့်လွှတ်ပေးချင်စရာ ကောင်းနေသည်။

"ဟုတ်သားပဲ၊ ကျွန်တော်လည်း အရုပ်မဖြစ်ချင်ပါဘူး"

သူမ စိတ်လက်ပေါ့ပါးစွာ ရယ်လိုက်မိသည်။

ကောင်လေးက သူမ ရယ်နေတာကို မက်မက်မောမော ဖြူစင်စွာ စိုက်ကြည့်နေပြီး ...





"အဲဒီလိုပဲ အမြဲရယ်နေပါ မမနွယ်ရယ်"

သူမ ဆက်မရယ်ချင်တော့။

သူမ ယောက်ျားတစ်ယောက် ကျေနပ်ဖို့ ရယ်ချင် မရယ်ချင် မသေချာသေးပေ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



"မမ ညှို့သည် ရောက်နေတယ်"

လာလိုက်တဲ့ ညှို့သည်၊ ညှို့သည် လက်မခံတတ်တဲ့ သူမထံကိုမှ ညှို့သည်တွေ အခုတလော လာလွန်းနေသည်။

"ငါ မတွေ့ချင်ဘူး"

သူမ အိမ်ပြန်ရန် လှည့်အထွက် ...

"ဆရာ့ဆီမှာ ညှို့သည် စောင့်နေတယ်"

အလုပ်ရှင်နဲ့အတူ စကားပြောရင်း စောင့်နေတဲ့ ညှို့သည်ဆို၍ သူမ ငြင်း၍မကောင်းတော့။

"အေး ... ပြီးရော၊ ငါ သွားလိုက်မယ်"

ရုံးခန်းထဲရောက်စဉ် အလုပ်ရှင်နဲ့ စကားပြောနေသော သူတစ်ယောက်။



"ဟော ... ဟိုမှာ လာပါပြီ"

အသက်သုံးဆယ်ဝန်းကျင်ယောက် ရှိမည်ထင်တဲ့ ထိုအမျိုးသားက နေရာမှထပြီး သူမကို တလေးတစား နှုတ်ဆက်သည်။

"မနွယ်သာကီ ဆိုတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်"

ထိုလူကိုဖြေရင်း နားမလည်စွာ ဖြစ်နေစဉ် ...

"ဪ ... သူက ဟိုတစ်နေ့က သမီးတို့ လိုက်ဖျော်ဖြေပေးတဲ့ ညှို့ခံပွဲပိုင်ရှင်ရဲ့သားပါ၊ သမီးက အနုပညာကြေးမယူလို့တဲ့ ကျေးဇူးတင်စကား သပ်သပ်လာပြောတာ"

အလုပ်ရှင်က ကိုယ်စားဝင်ဖြေပေးတော့မှ သူမ နားလည်စွာ ပြန်ပြုံးပြလိုက်မိသည်။

"ဟုတ်ပါတယ် မနွယ်သာကီ၊ ဖေဖေတို့ မေမေတို့ကလည်း မနွယ်သာကီကို ကျေးဇူးတင်နေကြပါတယ်၊ အနုပညာကြေးမယူလို့ အားလည်းနာနေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခတ်တယ်၊ လူတွေက အနုပညာသမားတိုင်းကို ငွေအတွက် လုပ်နေတာပဲလို့ ထင်သည်ကိုး။

"ရပါတယ်၊ ကျွန်မ ဒီလိုပွဲမျိုးတွေ လိုက်ဖျော်ဖြေပေးလေ့ မရှိပါဘူး၊ အခုလည်း ဦးနဲ့သိပ်ရင်းနှီးတယ်ဆိုလို့ ကူညီပေးရုံသက်သက်ပါ"

သူက ပြုံးသည်။

အပြုံးက မာန်ပါနေ၍ မပီပြင်။

ဒီလို ပြုံးလိုက်မှ သူမ တစ်ခုခုကို သွားသတိရသလို ဖြစ်သွားသည်။

"ကျွန်မ ရှင့်ကို မြင်ဖူးသလားလို့"

ထပ်ပြုံးပြီ ခေါင်းညိတ်စဉ် ဒုတိယအကြိမ် အပြုံးကြောင့် သူမ မြင်ဖူးတာ သေချာသွားသည်။

"မြင်ဖူးပါတယ်၊ မွေးနေ့လက်ဆောင် လူကြုံပေးလိုက်တဲ့ လူအဖြစ်နဲ့လေ"

"ဩော် ... ဟုတ်သားပဲ၊ ကျွန်မ လူများများနဲ့ မဆက်ဆံရဘဲနဲ့ မေ့နေတယ်"





သူမရဲ့ တုံးပြနေတဲ့ မှတ်ဉာဏ်ကို စိတ်ပျက်စွာ ဝန်ခံလိုက်မိသည်။

"ဟုတ့်တယ်၊ နှယ်သာကီက သူ့ကို မိတ်ဆက်တာတွေ ပန်းစည်းပန်းကုံး ပေးတာတွေ လက်ခံတာ မဟုတ်ဘူး"

သူက လူကြီးလူကောင်းဆန်ဆန် ပြုံးပြီးခေါင်းညိတ်နေပေမယ့် အထင်ကြီးရိပ်တွေ ရှိမနေ။

အင်းလေ ... သူမကိုယ်တိုင်က လူတွေ အထင်ကြီးခံရဖို့ ရပ်တည်နေတာမှ မဟုတ်တာ။ သူမ လုပ်ချင်တာကို လုပ်နေခြင်းသက်သက်မျှပင်။

"ဟုတ်လား ... ဒါဆို အားနာစရာတော့ ဖြစ်တော့မယ်၊ ကျွန်တော့်မေမေက မနှယ်သာကီအတွက် လက်ဆောင်ပေးခိုင်းလိုက်လို့ပါ"

"မလုပ်ပါနဲ့၊ ကျွန်မ အဲဒီနေ့က ကျေနပ်ကြည်နူးခဲ့ရတဲ့ အတွက် အဲဒါ လက်ဆောင်လို့ပဲ သဘောထားလိုက်ပါ"

သူမရော သူပါ အပြန်အလှန် အားနာနေကြစဉ် ဦးက ကြားဝင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဒါ သမီးရယ်၊ တစ်ဖက်က စေတနာကို လက်ခံပေး လိုက်ပါ"

သူမ ထပ်ငြင်းရန် ပြင်ဆဲမှာပင် တစ်ဖက်ကစကား ဖြတ်ရန် ဝင်လာသည်။

"သိပ်တန်ဖိုးမကြီးပါဘူး မနွယ်သာကီ၊ ကျွန်တော်တို့ ကုမ္ပဏီကသွင်းတဲ့ Air Con တစ်လုံး တပ်ဆင်ခွင့်ကတ် လေးပါ"

ငွေရောင်ကတ်လေးတစ်ခုကို ဗွာလေးတစား ကမ်း ပေးရင်း ပြောသည်။

"ယူလိုက်ပါ သမီးရယ်"

ဦးက သူမကို ထပ်ပြီး တိုက်တွန်းသည်။

သူမ အားတုံ့အားနာ လှမ်းယူလိုက်ရသည်။

"မနွယ်သာကီ အဆင်ပြေတဲ့နေ့ ဖုန်းဆက်ပေးပါနော်၊ ကျွန်တော် လူလွှတ်ပြီး ဆင်နိုင်းလိုက်ပါမယ်"

သူမ ယောင်ယမ်း ခေါင်းညိတ်လိုက်မိသည်။





"ကျွန်မ အားနာနာနဲ့ပဲ လက်ခံလိုက်ရပြီ။ ကိစ္စပြီးပြီဆို ရင် ကျွန်မကို ပြန်ခွင့်ပေးပါဦး"

ပြန်ရန် ခွင့်တောင်းလိုက်စဉ် သူကပါ နေရာကထ ရပ်ပြီး ...

"ကျွန်တော်လည်း ပြန်မှာမို့ ဝင်ပို့ပေးမယ်လေ၊ ချိန်းထား တာ မရှိရင်ပေါ့"

သူ့စကားက ရင်းနှီးလိုရာ ရောက်ပေမယ့် သူမ သိပ်သဘောမကျ။

"ရပါတယ်၊ ကျွန်မ ဘာသာပဲ ပြန်ပါ့မယ်၊ ကျေးဇူးပါပဲ ကို ..."

နာမည်မသိသေးတာကို သတိပြုမိပြီး စကားတုံ့ သွားစဉ် သူက တစ်ခြမ်းတည်းပြုံးပြီး ...

"တိမ်လွှာပါ မနွယ်သာကီ"

"ဟုတ်ကဲ့ ကိုတိမ်လွှာ၊ ကျွန်မကို ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ထွက်လာခဲ့တော့မှ သူမစိတ်ထဲ ပေါ့ ပါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆိုင် ညာမဆိုင် လူစိမ်းတစ်ယောက်ရှေ့မှာ သူမ အနေရခက်တာ၊ ဒါ ပထမဆုံးအကြိမ်ဆိုတာ သတိထားမိလိုက်သည်။

သူ့အကြည့်တွေကြောင့်ပဲ ဖြစ်မည်ထင်။

လူတစ်ယောက်ရဲ့ရင်ထဲ ဘာဖြစ်နေလဲ ဆိုတာကို တောင် ထိုးထွင်းမြင်နိုင်လောက်တဲ့အထိ စူးရှထက်မြက်တဲ့ သူ့အကြည့်တွေကြောင့်ပဲ ဖြစ်မည်။

မေမေ့မျက်လုံးတွေလည်း အဲလိုပဲပေါ့။

အထက်စီးက အားလုံးရဲ့ဆန္ဒကို သိနေပေမယ့် ကိုယ့်ဆန္ဒကိုသာ အကောင်အထည်ဖော်တတ်တဲ့ အတ္တကြီးတဲ့ မျက်ဝန်းမျိုးဖြစ်သည်။





ကားငှားနေတဲ့ သူ့ရှေ့ကို ကားလေးတစ်စီးက လျှောခနဲ။

ကောင်လေးကားပင်။

"မမနွယ် အိမ်ပြန်မှာ မဟုတ်လား"

ဒီနေ့ သူမအတွက် ခြေစကြာတွေအသင့်။

"ဟုတ်တယ်၊ ကားငှားပြီး ပြန်မလို့"

"ဒါဆို ကျွန်တော့်ကားကို ငှားလေ"

ဉာဏ်များသလို မျက်နှာလည်း ချိုသည့် ကောင်လေး။

သူမရဲ့ပုံမှန်စိတ်နဲ့ဆို ဒီကောင်လေးကို ခပ်ထန်ထန် ကြည့်ပြီး ငေါက်ငမ်းမောင်းထုတ်မိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကလေးတစ်ယောက်လို ရှိုးရှိုးရှင်ရှင်မျက်နှာ ပေးနှင့်ဖြစ်၍ သူမ မအော်ရက်။

ပြီးတော့ ဒီကောင်လေးနဲ့ စကားပြောရတာ ပေါ့ပေါ့ ပါးပါးနဲ့ ပျော်စရာ ကောင်းတာမို့ ...

"ကောင်းပြီလေ၊ မင်း ကားခတော့ ယူရမယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ရှတ်နောက်နောက်နဲ့ ကားရှေ့ခန်းကို ဖွင့်ပေးစဉ် သူမ နောက်ခန်းကပဲ ဝင်ထိုင်လိုက်သည်။

ရှက်ရယ် ရယ်ပြီး သူမကို နောက်ကြည့်မှန်ကတစ်ဆင့် လှမ်းကြည့်သည်။

သူမတို့ ကားထွက်စဉ် သူမတို့ကားရှေ့က ကား တစ်စီး ဖြတ်ထွက်သွားတာ တွေ့ရသည်။

ကားထဲကလူက သူမကို ငုံ့ကြည့်ပြီး ပြုံးသွား သလိုလို။

"ကိုတိမ်လွှာ"



စိတ်ထဲက ခပ်တိုးတိုး ရေရွတ်လိုက်မိပြီး ကောင်လေးကားပေါ် ပါလာတာကို မလုံမလဲ ဖြစ်သွားသည်။

ဘာဖြစ်တာလဲ။

သူမကို တိမ်လွှာ အထင်လွဲသွားမှာကို စိုးရိမ်မိတာလား။

ထပ်မံပတ်သက်မှု ရှိနိုင်တဲ့ လူတစ်ယောက်အတွက် သူမ လိပ်ပြာမလုံ ဖြစ်နေတာ ရှက်စရာ ကောင်းနေသည်။

"မမနှယ် ညနေစာ စားပြီးပြီလား"

ကောင်လေးဆီက အသံကြောင့် သူမ သတိပြန်ဝင်လာသည်။

"အဆာပြေတော့ စားထားတယ်၊ အိမ်ရောက်မှ ထပ်စားတော့မယ်"

"ကျွန်တော် ဗိုက်ဆာလို့ တစ်ခုခု ဝင်စားချင်တယ်၊ မမနှယ် ကားခမပေးဘဲ ထမင်းကျွေးပါလား"

ဟာ ... ဒီကောင်လေး ဂျီကျလွန်းသည်။

"တို့ ပင်ပန်းနေပြီ၊ အိမ်ပဲပြန်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကားနောက်မှီပေါ် ခေါင်းတင်ပြီး မျက်လုံးများကို မှေးစင်းထားလိုက်သည်။

သူမ မျက်လုံးဝိတ်လျက်နှင့်ပင် လှမ်း၍ ...

"မင်းနာမည် မသိရသေးပါလား"

"ကောင်းကင်ပါ မမနှယ်"

သူမ သိသိသာသာ ပြုံးဖြစ်သွားသည်။

ဒီညဖိုမှိုမှာ သူမ မြေမထိသည့် လူသားနှစ်ယောက်နှင့် ဆုံတွေ့ခဲ့ရသည်ပဲ။

❦ ✧ ❦



နားရက်ဖြစ်၍ သီချင်းဖွင့်ပြီး မီးပွတိုက်နေစဉ် တံခါးဘဲလ်သံကြောင့် သူမ အံ့ဩသွားသည်။

သူမဆီ လာလည်ရလောက်တဲ့ ဧည့်သည်မရှိတာမို့ တံခါးဘဲလ်သံက သူမနဲ့စိမ်းလွန်းလှသည်။

အပြင်သံပန်းကို မဖွင့်ဘဲ အထဲက သစ်သားတံခါးကို ဖွင့်လိုက်ပြီး ...

"ဘာကိစ္စ ရှိလို့ပါလဲရှင်"

အပြင်မှာ လူစိမ်းနှစ်ယောက်က ရပ်လျက်။

"မနှယ်သာကီနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"

သူမ မသိတဲ့ လူနှစ်ယောက်က သူမကို တွေ့ချင်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နှယ်သာကီပါ"

"ဪ ... ကျွန်တော်တို့က တိမ်လွှာကုမ္ပဏီကပါ၊ ဦးတိမ်လွှာက ဒီအခန်းမှာ Air Con တပ်ပေးဖို့ လွှတ်လိုက်လို့ပါ"

သူမ သူပေးခဲ့သည့် Gift card လေးကို ဘယ်နားမှာထားမိလိုက်မှန်းပင် မမှတ်မိတော့။

ကျေးဇူးကြွေးကို နည်းနည်းမှ အတင်မခံချင်တာလား၊ စေတနာ အရမ်းရှိနေတာလား မပြောတတ်။

"ရပါတယ်၊ ကျွန်မအတွက် မလိုလို့ မတပ်ချင်ပါဘူးလို့ ပြောပေးပါနော်"

လူစိမ်းနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နည်းနည်း ပိုသွက်ဟန်ရှိသည့်လူက ...

"ဒါဆို အစ်မ ဖုန်းဆက်ပြီး ကိုယ်တိုင်ပြောပေးပါလား၊ ကျွန်တော်က တစ်ဆင့်လုပ်ပေးရတဲ့ လူတွေဆိုတော့ မကောင်းဘူးလေ"





"ကောင်းပြီလေ၊ ဖုန်းနံပါတ် ပြောပါလား၊ ကျွန်မ ဖုန်းဆင်းဆက်လိုက်ပါမယ်"

အနီးအနားက ဖုန်းအိမ်မှာ ဖုန်းသွားဆက်ရန် ဖုန်းနံပါတ်တောင်းလိုက်စဉ် ...

"ရပါတယ် အစ်မ၊ ကျွန်တော်တို့မှာ ဖုန်းပါပါတယ်၊ ခေါ်ပေးပါ့မယ်"

ထိုသူကပင် ခပ်သွက်သွက်နဲ့ handphone ပေါ်က နံပါတ်များကိုနှိပ်ပြီး ...

"ဆရာ ကျွန်တော် ထင်လင်းပါ၊ မနှယ်သာကီက ဆရာနဲ့ ဖုန်းပြောချင်လို့တဲ့"

တစ်ဖက်ကိုပြောပြီး သူမကို ဖုန်းကမ်းပေးသည်။

"ဟဲလို ... မနှယ်သာကီ၊ ကျွန်တော် နားထောင်နေပါတယ်"

"ကျွန်မအတွက် Air Con မလိုလို့ အဲဒါ ကိုတိမ်လွှာ လူတွေကို ပြန်ခေါ်ပေးဖို့ပါ"

တစ်ဖက်က ရယ်သံကို ကြားလိုက်ရပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခု မနွယ်သာကီ အိမ်နား ရောက်နေပြီ၊ အလုပ်သမားတွေကို လာခေါ်တာတော့ မဟုတ်ဘူး၊ မနွယ်သာကီကို လာခေါ်တာ"

"ရှင်"

သူမ နားမလည်နိုင် ဖြစ်နေစဉ်မှာပင် ...

"ဟုတ်တယ်၊ နွယ်သာကီဆီက ဘာမှ အဆက်အသွယ် မလုပ်တော့ဘူးဆိုတာ သိလို့ လူလွှတ်လိုက်ရတာ၊ လွှတ်ပြီးမှ အလုပ်သမားနှစ်ယောက်နဲ့ နွယ်သာကီ တစ်ယောက်တည်း နေရတာ စိတ်ကျဉ်းကျပ်နေမယ်ထင်လို့ ကျွန်တော် နွယ်သာကီကို လာခေါ်တာ"

အခုအထိ သူမဆန္ဒကို စဉ်းစားဖို့ မတွေး။

သူ့ဆန္ဒတွေကိုပင် တရစပ်ပြောနေသည်။

"ကျွန်တော် နွယ်သာကီ အခန်းရှေ့ရောက်ပြီ၊ ဖုန်းချလိုက်တော့မယ်နော်"

ဖုန်းကျသွားတဲ့အထိ သူမ ဘာဆုံးဖြတ်ရမယ် မသိသေး။





သူ့ခြေသံနဲ့အတူ သူ့အပြုံးက အားဘွားကြီး သူမ ရှေ့ ပေါ်လာသည်။

"ကဲ ... နွယ်သာကီ၊ ကျွန်တော်တို့ အပြင်မှာ တစ်ခုခု သွားစားရင်း အချိန်ဖြုန်းရအောင်၊ သူတို့ အနည်းဆုံးနှစ်နာရီလောက် အချိန်ယူရလိမ့်မယ်"

သူမ လက်ခံ၊ မခံ မမေးဘဲ သူ့သဘောနဲ့သူ ဆုံးဖြတ်စီစဉ်နေသည်။

"နေပါဦး ကိုတိမ်လွှာ၊ ကျွန်မအတွက် Air Con မလိုပါဘူးဆို"

သူက ပါးဂါးနပ်နပ် ပြုံးပြီး ...

"ဒီလောက်ပူတဲ့ ရာသီကို နှစ်သက်တဲ့လူဆိုရင် အာဖရိကလူတွေပဲ ရှိမယ်၊ ကဲ ... နွယ်သာကီ သူတို့နဲ့ အိမ်မှာ နေရစ်မလား၊ ကျွန်တော်နဲ့ အပြင်မှာ တစ်ခုခုလိုက်စားမလား"

သူ အမိန့်ပေးနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့သြစွာ သူ့မျက်လုံးထဲမှာ အဖြေရှာလိုက်မိသည်။

ကြည့်စမ်း ... သူ့မျက်ဝန်းတွေက သူမကို လုံးဝ မငြင်းရဲအောင် ချုပ်ကိုင်ထားသလိုပင်။

ငြင်းလိုက် နှယ်သာကီ ...

သူ့ပစ္စည်းကိုလည်း ငြင်း ...

သူနဲ့ အပြင်ထွက်ဖို့ကိုလည်း ငြင်း။

"ကျွန်မ အဝတ်လဲဖို့ ဆယ်မိနစ်လောက် အချိန်ပေးပါ"

သူမရဲ့ဦးနှောက်နဲ့ ဆုံးဖြတ်ချက်က ဆန့်ကျင်စွာ။

"ရတာပေါ့၊ ကိုထင်လင်း အားလုံးပြီးရင် ကျွန်တော့်ကို ဖုန်းဆက်ပေးဗျာ"

သူမ အဝတ်လဲနေစဉ် Air Con တပ်မည့်နေရာကို သူ့ဘာသာသူရွေးပြီး ဆုံးဖြတ်နေပြန်သည်။

တစ်ခါတလေ ကိုယ်တိုင်မစဉ်းစားရဘဲ အသာလေး နောက်လိုက်လုပ်ရတာ ငြိမ်းချမ်းသား။





မေမေ ဘာကြောင့် နောက်လိုက်မလုပ်ချင်ရတာပါလိမ့်။ မေမေကရော ဘာကြောင့် ဦးဆောင်ဖို့ မဝံ့ရဲရတာပါလိမ့်။

မရည်ရွယ်ဘဲ အတွေးက ခဏပျံ့သွားသေးသည်။

အဝတ်လဲပြီး မှန်ကြည့်လိုက်စဉ် မှန်ထဲမှာ မျက်နှာ ကြောင်ရှင်းရှင်းနဲ့ T.Shirt အနက် ဝတ်ထားတဲ့ မသေမသပ်အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

နှုတ်ခမ်းနီဆိုးရန် စိတ်ကူးမိပြီးမှ အလုပြင်ရမှာ ရှက်သလိုလို ဖြစ်လာသည်။

သူမ ဘယ်သူ့အတွက်မှ အလှမပြင်လိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားမလဲ"

သူ့ကား စထွက်သည်နှင့် သူက သူမကို လှမ်းမေးသည်။

"ရပါတယ် တစ်ခုခုပေါ့"

မနက်စာစားပြီးခါစဖြစ်၍ သူမ သိပ်မဆာသေး။

"ဒါဆို အသီးဖျော်ရည်တစ်ခုခု သောက်တာပေါ့"

အသီးအနံ့ ကြိုက်သူဖြစ်၍ သူ စဉ်းစားတာကို လက်ခံလိုက်သည်။

သူခေါ်သွားတဲ့ ဖျော်ရည်ဆိုင်ရောက်တော့ သူမရင်ထဲ လှိုက်ဟာဝမ်းနည်းသွားရပြန်သည်။

သူမနဲ့ ဖေဖေ သောက်နေကျဆိုင်လေး။





သီးနှံမျိုးစုံကို စိတ်တိုင်းကျ ဖျော်ပေးတတ်သော အဆင့်မြင့်မြင့် ဖျော်ရည်ဆိုင်ဖြစ်သည်။

"ဒီဆိုင်မှာ သောက်ဖူးလား"

သူက ကလေးတစ်ယောက်ကို မေးတဲ့ပုံစံမျိုးနဲ့ မေးသည်။

"အင်း"

သူမ ဖြေရန်ပင် အင်အားမရှိချင်တော့။

ဖေဖေ ဆုံးကတည်းက သူမ ဒီဆိုင်ကို မရောက်ဖြစ်ပေ။

ဖေဖေက သူမအလွန်မုန်းသော ခရမ်းချဉ်သီးဖျော်ရည်သောက်ပြီး သူမကတော့ အလွန်ချဉ်သော သံပရာရည်ချဉ်စူးစူးကို မှာသောက်တတ်သည်။

"ဘာသောက်မလဲ"

"ခရမ်းချဉ်သီး"

"ဟင် ... ခရမ်းချဉ်သီး ဖျော်ရည်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက အံ့သြသလိုလို လှောင်သလိုလို ပြုံးရင်းထပ်မေးသည်။

"ကြိုက်လို့လား"

သူမ ခေါင်းခါလိုက်ပြီး …

"လူတစ်ယောက်ကို သတိရလို့၊ သူ ကြိုက်တာ မှာသောက်တာပါ"

သူက ဘာမှဆက်မမေးတော့ဘဲ ခရမ်းချဉ်သီးဖျော်ရည်နှစ်ခွက်ကို မှာလိုက်သည်။

"ခရမ်းချဉ်သီးဖျော်ရည် ကြိုက်တဲ့လူဆိုတော့ ဘယ်လိုလူမျိုးလဲ၊ များသောအားဖြင့် အသားအရေနဲ့ မျက်လုံးအတွက် သောက်တာများတယ်၊ လူငယ်ပဲလား"

သူမ ဘာမှပြန်မဖြေဘဲ လှိုက်တက်လာတဲ့ ဝမ်းနည်းလွမ်းဆွတ်စိတ်တွေကို မျိုချနေရသည်။

ပန်းရင့်ရောင် ခရမ်းချဉ်သီးဖျော်ရည်ခွက်တွေ ရောက်လာစဉ် ချဉ်ပြုံးပြုံး အရသာလေးက လည်ချောင်းထဲ ရှင်းရှင်းချောင်ချောင် ဖြတ်ဆင်းသွားသည်။



မေမေကြိုက်တာ ဒီလို ခပ်ပြေပြေချဉ်ချဉ် အရသာထင်ရဲ့။

"အင်း … မဆိုးဘူးပဲ"

သူက ဖျော်ရည်တစ်ငုံမျှစုပ်ပြီး ပြောသည်။

"ကျွန်တော် ဒီမှာ အကြိုက်ဆုံးက ပင်မှည့်သီးဖျော်ရည်လေ"

"ဘာဖြစ်လို့ မမှာတာလဲ"

သူက ပခုံးနှစ်ဖက်ကို တွန့်ပြပြီး …

"ဘယ်လိုအရသာမျိုးမို့လို့ ဒီလူ ကြိုက်တာလဲ သိချင်လို့ပါ"

သူမ မပြုံးချင်ပြုံးချင် ပြုံးလိုက်မိသည်။

"သူက သူ့ကို လောကကြီးက ဘာပဲပေးပေး ကျေကျေနပ်နပ် လက်ခံတတ်တဲ့ သူလေ၊ သူ သိပ်မက်မောတဲ့ အရာတွေကိုတောင် သူ သိပ်ချစ်တဲ့ လူအတွက်ဆိုရင် စွန့်လွှတ်ပေးတဲ့ လူမျိုးပေါ့"

သူမစကားတွေကို သူက စိတ်ဝင်တစား နားထောင်နေရင်း ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ ဒီလူက နှယ်သာကီရဲ့ အလေးစားဆုံးလူ၊

ဒါမှမဟုတ် အချစ်ဆုံးလူပဲ ဖြစ်ရမယ်"

ဖျော့ရည်ဖန်ခွက် ကြည်ကြည်လေးကို သူမ ငုံ့ကြည့်နေရင်း သူမ နှုတ်ဆိတ်နေလိုက်သည်။

"သူ့ကို သတိရတဲ့အနေနဲ့ဆိုတော့ ဒီလူက ..."

သူ သိပ်စပ်စုရဲသည်။

ဒါပေမဲ့ သူမ စိတ်မဆိုးပါ။

သူမကိုယ်တိုင် ဖေဖေနဲ့ပတ်သက်ပြီး ရင်ဖွင့်ချင်နေသည်မဟုတ်လား။

"သူက အလေးကြီးကို ထွက်သွားပြီ၊ ကျွန်မ လိုက်ရှာလို့မရတဲ့ နေရာကိုပေါ့"

သူက လိုက်ပါဝမ်းနည်းသွားသလို မျက်လုံးတွေငြိမ်သက်ဆွဲ့အသွားသည်။

သူမရဲ့ငြိမ်သက်စွာ တမ်းတဝမ်းနည်းနေခြင်းကို တိတ်ဆိတ်စွာ လိုက်ပါခံစားနေသလိုပင်။

"ကျွန်မရဲ့ ဖေဖေပေါ့"



သူမ တိုးတိမ်စွာ ပြောလိုက်မိသည်။

အို ... ကြည့်စမ်း၊ သူမ မျက်ရည်တွေဝါ ကျလုကျခင်။

မဖြစ်။

ဖေဖေ ဆုံးပြီးကတည်းက သူမ ဘယ်လောက်ဝမ်းနည်းကြေကွဲကွဲ ကြေကွဲကွဲ ဘယ်သူ့ကိုမှ ရင်မဖွင့်ဘဲ ဆို့စိတ် မျိုသိပ်နိုင်ခဲ့သည်ပဲ။

အခုမှ သူမ ဘာလို့ သူစိမ်းတစ်ယောက်ရဲ့ နှစ်သိမ့်မှုကို လိုချင်နေရတာလဲ။

ဖျော့ရည်ကုန်သွားချိန်တွင် သူမ ပုံမှန်ပြန်ဖြစ်အောင်ကြိုးစားနိုင်သွားပြီဖြစ်သည်။

သူမရဲ့ ပြန်တည်ငြိမ်လာစ အနေအထားကို တွေ့ရတော့မှ သူက စကားပြန်သည်။

"ကျွန်တော် အပြင်မှာ တစ်ခါမှ နှစ်နာရီလောက် အချိန်ထိုင်မဖြုန်းဖူးဘူး"

ဒါဆို သူမက ကံထူးရှင်လား။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာလုပ်ပေးရမလဲ၊ အလုပ်သမားနှစ်ယောက်နဲ့ ကျွန်မ နေလို့ဖြစ်ပါတယ်"

သူမရဲ့အစီအလျော်မတည့်တဲ့ မာနကို သူက သနား သလို ပြုံးကြည့်နေသည်။

"မသင့်လျော်ဘူးလေ"

သူစိမ်းယောကျ်ားတစ်ယောက်နဲ့ အအေးဆိုင်အတူ ထိုင်နေရတာကျတော့ရော။

သူနဲ့ကျရင် ဘာဖြစ်လို့ သူမ နှုတ်နည်းရတာလဲ လိမ့်။

"ဒီလိုလုပ်ပါလား၊ နောက်တစ်နာရီဆို ကျွန်တော် ဆိုက်ထဲ သွားစရာရှိတယ်၊ အဲဒီဆိုက်ထဲမှာ ကျွန်တော့်ကုမ္ပဏီရဲ့ လျှပ်စစ်ပစ္စည်းတွေချည်းပဲ ဆင်ဖို့ ကံထရိုက်ရထားတာပေါ့ လေ၊ အဲဒီကို ဝင်ကြည့်စရာရှိတယ်၊ လိုက်ခဲ့မလား မလိုက်ချင်ရင်လည်း ဒီဆိုင်မှာ စောင့်နေရစ်လေ"

သူ့ပုံစံက ဒီနှစ်ခုထဲက တစ်ခုကို သူမ မဖြစ်မနေ ရွေးပေးရမယ့်ပုံ။



"လိုက်ခဲ့ရင် နွယ်သာကို စိတ်ပြေလက်ပျောက်လည်းဖြစ်၊ အပျင်းပြေလည်း ဖြစ်နိုင်တာပေါ့၊ နေခဲ့ရင် ..."

သူက သူမမျက်နှာကို အကဲစမ်းသလို ကြည့်ပြီးမှ ဆက်ပြောသည်။

"နေခဲ့ရင်တော့ နွယ်သာကို ဆက်ပြီး အဖေ့ကို သတိရ ဝမ်းနည်းနေရမှာပေါ့"

သူက မေးခွန်းရော အဖြေပါ နှစ်ခုစလုံး ချပြပြီးမှ အကောင်းဆုံးကို ရွေးခိုင်းတတ်သူလား။

"ကျွန်မ လိုက်ခဲ့ပါ့မယ်"

ကြည့် ... သူမ သူ့စကားကို နာခံမိသွားပြန်ပြီ။

သူက ကျေနပ် ပါးနပ်စွာ ပြုံးပြီး ...

"အိုကေ ... ရေမီးချဉ်သီးဖျော်ရည်သောက်ပြီး ခေါင်းကြည် သွားပြီဆိုရင် ကျွန်တော်တို့ သွားကြတာပေါ့"

သူမသည် သူ့ရှေ့မှာ သိပ်လိမ္မာသော ကျောင်းသူ လေးဖြစ်နေ၍ သူကတော့ အစည်းရုံးကောင်းသော ဆရာတစ် ယောက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားထဲမှာပဲ နေခဲ့မလား၊ သီချင်းဖွင့်ထားခဲ့မယ်လေ"

သူက ကားထဲက ဆင်းကာနီး သူမဆီသို့ မေးသည်။ ပြီးစီးလု အဆောက်အအုံ အထပ်မြင့်ကြီးနားမှာ လူတွေအ များပန်းခပ် အလုပ်တွေရှုပ်နေကြသည်။

"အင်း"

သူမ အင်းသံရှည်ကြီးနဲ့ ပျင်းရိစွာ နေခဲ့လိုက်သည်။

ကားကို ဆိုက်နဲ့အနီးဆုံးမှာ ရပ်ထားခဲ့၍ အပြင်က လူတွေကို အားလုံး ဝိုးဝါးသာသ မြင်နေရသည်။

အဆောက်အအုံကြီးဆီ လျှောက်သွားတဲ့ သူ့ရဲ့ နောက်ကျောကို သေသေချာချာ ကြည့်နေမိပြီးမှ မလုံမလဲ ရှက်သလိုလို ဖြစ်သွားသည်။



အရပ်မြင့်မြင့် ကိုယ်ဟန်ထွားထွားနဲ့မို့ သူ့အသွင်က ခန့်ခန့်ညားညား ထီးထီးမားမားကြီး ဖြစ်နေသည်။

ကချင်ပုဆိုး ခရမ်းရင့်ရင့်ကို ဝတ်ထားသဖြင့် ရှိရင်းစွဲအသက်ထက်ပိုပြီး ကြီးသယောင် ထင်ရသော်လည်း တည်ငြိမ်တဲ့ပုံစံ ပေါက်နေတာတော့ အမှန်ပင်။

သူ့ကို ဆင်ဝင်အောက်နားမှာ ဂျင်းပန့်အရှည်ဝတ်ထားသည့် အမျိုးသမီးတစ်ယောက်က ရင်းရင်းနှီးနှီး လာကြိုပြီး စကားပြောနေတာ တွေ့ရသည်။

ရယ်ရယ်မောမောနဲ့ သူ့လက်မောင်းကို ပုတ်ခတ်နေ၍ အလွန်ခင်တဲ့ အနေအထား ဖြစ်ပေလိမ့်မည်။

ဘာလိုလို ခံစားချက်တွေနဲ့ အတွေးပြန့်နေတာကို ထိန်းဖို့အတွက် သူမ မျက်လုံးများကို မှေးပိတ်ထားလိုက်ပြီး သီချင်းအပေါ် အာရုံလွှဲထားလိုက်သည်။

သီချင်းနားထောင်ရင်း မှေးခနဲ ဖြစ်သွားစဉ် ...

ကားမှန်တံခါးခေါက်သံကြောင့် ခေါင်းမှီမှိန်းနေရာက လန့်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစင်လေးပဲ"

အမျိုးသမီးတစ်ဦးနဲ့အတူ ကားဘေးမှာရပ်နေတဲ့ သူ့ကို တွေ့လိုက်ရသည်။

အမျိုးသမီးတစ်ဦး ဆိုပေမယ့် အမှုအရာနဲ့ ပြောဟန် ဆိုပေါက်က အမျိုးသားတစ်ယောက်နှယ် သွက်လက်ပွင့်လင်း လွန်းစွာ ...

"နင်ကလည်း သူ့ဘာသာသူ အေးအေးဆေးဆေး နေပါစေ"

သူက သူမရဲ့ အုလည်လည်ပုံစံကိုကြည့်ပြီး အားနာစွာနဲ့ သူ့သူငယ်ချင်းကို ဟန့်နေသံ ကြားရသည်။

"မိတ်ဆက်ပေးလေဟာ"

အတော်ရွှတ်တရွတ်နိုင်တဲ့ အမျိုးသမီးပေပဲ။

"နွယ်သာကီတဲ့၊ အခုမှ ခင်ရုံရှိသေးတဲ့ မိတ်ဆွေ၊ ရှင်းပြီလား စပ်စုမ"

အမျိုးသမီးက သူ့ကို ဘာအရောင်မှမပါတဲ့ စင်းစင်းကြယ်ကြယ် အကြည့်များနဲ့ကြည့်ပြီး ရယ်နေသည်။





"နွယ်သာကီတဲ့၊ နာမည်ရော လူရော ချစ်စရာလေး၊ တို့က ဝသုန်မေတဲ့၊ တိမ်လွှာနဲ့ စတိတ်တည်းက ခင်ခဲ့တဲ့ သူငယ်ချင်းတွေပါ"

"ဪ ... ဟုတ်ကဲ့"

ယောင်ယမ်းပြီး ခေါင်းညိတ် ပြုံးပြလိုက်ရပြန်သည်။

ဘာတွေ နားလည်မှုလွဲလို့ သူမကို စိတ်ဝင်စားနေတာလဲ၊ နောက်နေ့တွေ တိမ်လွှာနဲ့ သူမ ထပ်တွေ့စရာ ဘာအကြောင်းကိစ္စမှ မရှိတာကို မသိထားလို့လား။

"နွယ်သာကီ ... သူက သိပ်ဇရုတ်ကျတတ်တာ၊ ကျွန်တော့် ကားထဲမှာ နွယ်သာကီကိုတွေ့လို့ အစာင်းလိုက်ရစ်ပြီး ပါလာတာ"

သူက ကမန်းကတန်း အားနာပါးနာ ရှင်းပြနေရှာသည်။

"ငါက ရစ်တယ် ဟုတ်လား၊ အေး အေး ... နင့်စကားနဲ့ ညီအောင် ငါ အခုမှ တကယ်ရစ်ပြမယ် ... ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်မေက တကယ်ရစ်တော့မည့်ပုံနဲ့ သူမတို့ကို ရယ်ကျဲကျဲကြည့်ပြီး ...

"နင် ဘယ်တုန်းက အလုပ်ထဲကို မိန်းကလေးခေါ်လာခဲ့ဖူးလို့လဲ"

သူက အံကြိတ်မျက်လုံးပြူး၍ ဝသုန်မေကို လက်သီးထောင်ပြသည်။

"ခေါ်လာစရာ မိန်းကလေးမိတ်ဆွေမှ မရှိတာ၊ နင့်တစ်ယောက်တည်း ခင်မိတာကိုတောင် တော်တော်စိတ်ကုန်နေပြီ"

သူက ပြောမနာ ဆိုမနာ ဝသုန်မေကို ကလိသည်။

သူတို့နှစ်ယောက် စကားရည်လု၊ စကားနာထိုးနေချိန်မှာ သူမက ခြေဖဝါးပင်ပမာ။

"အေးလေ ... တစ်ခါမှ မခေါ်လာဖူးတဲ့လူက ခေါ်လာတော့ နင့်အတွက် သိပ်အရေးပါတဲ့လူ ဖြစ်လို့နေမှာ မဟုတ်ဘူးလား"





သူမ မျက်နှာပေါ် ရေနွေးစီးကြောင်းက ခပ်ပြင်းပြင်းလေး ပွတ်ဆွဲသွားသလို ပူနွေးနီမြန်းသွားသည်။

"ဟာ ... တော်ပြီ၊ ငါ ပြန်တော့မယ်၊ နှယ်သာကိုကို အားနာစရာ ကောင်းနေပြီ၊ နင် မဖွဲ့တိုင်း လျှောက်စွပ်စွဲမနေနဲ့ ဂေါ်မ၊ ငါ သွားပြီ"

သူ့သူငယ်ချင်းကို ခပ်လောလော နှုတ်ဆက်ပြီး ဓာတ်ထဲဝင်၍ ချက်ချင်းမောင်းထွက်ခဲ့သည်။

လွတ်လပ်ပွင့်လင်းစွာ တဟားဟားရယ်ပြီး ကျန်ရစ်ခဲ့တဲ့ ဝသုန်မေကို နောက်ကြည့်မှန်မှ မြင်နေရသည်။

ဘယ်လောက် စိတ်လှုပ်ရှားနေခဲ့လဲ မသိ။

သူမ အခုမှ အသက်ရှူဖို့ သတိရတဲ့ လူတစ်ယောက်လို အားရပါးရ အသက်ရှူသွင်းလိုက်မိသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



သူမ သက်ပြင်းရှိုက်သံက တစ်ဖက်လူ သတိထားမိအောင် ကျယ်သွား၍ထင်။

သူက ကားမောင်းနေရာက သူမကို ငဲ့ကြည့်ပြီး …

"ဇော်ရီး … နွယ်သာကီ၊ သူက သိပ်အစသန်တာ၊ ကျောင်းမှာကတည်းက အားမနာစတမ်း စတတ်တဲ့သူလေ"

"သူ့ကိုကြည့်ရတာ ပေါ့ပါးသွက်လက်ပြီး အပူအပင်မရှိသလိုမျိုးပဲနော်"

စိတ်ထဲက ဝသုန်မေကို နှစ်နှစ်ကာကာ သဘော… မိ၍ ချီးကျူးလိုက်သည်။





"ဟုတ်တယ်၊ သဘောကောင်းပြီး မဟုတ်မခံလေ၊ စိတ်ကောင်းရှိတော့ လူချစ်လူခင်လည်း ပေါတယ်၊ အခုဆိုက်ကလည်း သူ ဒီနိုင်းဆွဲပြီး သူ့ကိုယ်တိုင် ကံထရိုက်ရတဲ့ဆိုက်လေ၊ မိဘကလည်းပြည့်စုံ၊ အလုပ်အကိုင်လည်းကောင်းဆိုတော့ သောကဆိုတာ ဂြိုဟ်နဲ့လားလို့တောင် သူ့အတွက်က မေးရမလို ဖြစ်နေတယ်"

စိတ်ထဲက အားကျမိပြီး သူမကိုယ်သူမ ဝမ်းနည်းသွားသလိုပင်။

အို … ဒီလမ်းကို သူမဘာသာသူမ ရွေးချယ်ခဲ့တာ …ဲ။ အခုမှ နောင်တတွေနဲ့ တွေဝေတော့မလို့လား။

"ဒါနဲ့ စကားမစပ် နွယ်သာကီရော ကျောင်းပြီးပြီလား"

သူမ မဖြေချင်ဆုံးနဲ့ မကြားချင်ဆုံးစကား။

ဒါပေမဲ့ သူမ အဖြေတော့ ပေးရပါသည်။

"မပြီးခဲ့ပါဘူး"

သူက သူမဘက်ကို ကားမောင်းရင်းနဲ့ တစ်ချက် …ကြည့်ပြီး …

www.burmeseclassic.com



"ဆက်တက်ချင်စိတ်ရော မရှိဘူးလား"

ရှိတာပေါ့၊ သိပ်ရှိတာပေါ့။ ဒါပေမဲ့ အဲဒီလမ်းက မေမေ လျှောက်စေချင်တဲ့လမ်း၊ မေမေကိုယ်တိုင် ရွေးချယ်ပေးခဲ့တဲ့လမ်းဖြစ်၍ သူမ ခါးသက်စွာ ကျောခိုင်းခဲ့ရခြင်းပင်။

သူမ ဘာမှမပြောဘဲ တရိပ်ရိပ်နဲ့ ဖြတ်ကျန်ခဲ့သည့် လမ်းဘေးရှိ အဆောက်အအုံများကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေလိုက်သည်။

"အအေးကြိုက်လား"

"ရှင်"

"ဪ ... Air con အေးတာကို ကြိုက်လားလို့ပါ"

သူမ အာရုံပြောင်းစေရန် စကားလမ်းကြောင်း လွှဲလိုက်တာကို သိသိသာသာ သတိထားမိလိုက်သည်။

အရင်က သူမ အိပ်ခန်းထဲမှာ Air Con အမြဲဖွင့်ထား၍ အအေးမကြိုက်တဲ့ ဘွားဘွားက ခဏခဏဆူတတ်တာ သတိရလိုက်သည်။

"ကြိုက်ပါတယ်"



"ဒါဆို ကျွန်တော် တပ်ပေးရကျိုး နပ်တာပေါ့၊ ဒါပေမဲ့ သိပ်အအေးခံတာတော့ မကောင်းဘူးနော်၊ ရောဂါရမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

သူမတို့နှစ်ယောက်ကြားမှာ ပြောစရာ စကားအတွက် ... ကြောင်းအရာ သိပ်ရှားပါးလွန်းသည်။

အကြောင်းအရာ တစ်ခုအတွက် စကားနှစ်ခွန်း ... က်နဲ့ ပြီးဆုံးသွားတတ်၍ သူမတို့နှစ်ယောက်ကြား တိတ်ဆိတ် ... ာက များနေသည်။

"နယ်သာကီက ကျွန်တော် ထင်ထားတာထက်ပိုပြီး တည် ငြိမ်နေတယ်"

သူ့ဆီက အဆက်အစပ်မရှိဘဲ သူမအပေါ်ထားတဲ့ ... ကြားရစဉ် သူမ ကျေနပ်သွားသည်။

သိပ်အသွက်ကြီး မဟုတ်သလို၊ သိပ်တည်တည် ... ကြီးလည်း မဟုတ်တဲ့ သူမကို ပိုပြီးငြိမ်ဆိပ်စေခဲ့သူက သူ ... ကိုင်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ မမြင်နိုင်တဲ့ power တစ်ခုခု ရှိနေသ
အဲဒီ power သည် သူမကို လွှမ်းမိုးချုပ်ကိုင်ဖို့ အားယူနေသ
power မဟုတ်ပါစေနဲ့လို့။

❦ ✧ ❦





ပေပေဆုံးတဲ့ နှစ်ပတ်လည်နေ့မှာ သူမအတွက်
စိတ်ကျေးရလောက်အောင် မိတ်ဆွေမများ။

ညွှန်ခံရတဲ့ အလုပ်ကိုလည်း ဒီလိုနေ့မျိုးမှာ မလုပ်

ပေပေ့အတွက် ရည်စူးပြီး ဘုန်းကြီးကျောင်းမှာ
လုပ်လိုက်သည်။

တစ်ယောက်တည်း ကျင်းပရတဲ့ အလှူအတွက်
စိတ်သည့်လူက တစ်ယောက်တည်းသာ။

ဖိတ်သည်ဆိုသည်ထက် အချို့ကိုစွများ ဝိုင်းလုပ်ပေး
အကူအညီ တောင်းထားခြင်းသာ။

သူမ ခေါင်းတစ်ဆတ်ညိတ်၊ အပြုံးတစ်ပွင့်ရဖို့...

www.burmeseclassic.com



ဘာနဲ့လဲရ လဲရ၊ လဲမည်ဆိုသည့် ရှုးရှုးမိုက်မိုး

ကောင်းကင် ဆိုတဲ့ ကောင်လေးပင်။

"မမနွယ် ဒီမှာ ဘုန်းကြီးတွေကိုကပ်မယ့် သက်န်းတွေ

ကောင်းကင်က သင်္ကန်းထုပ်တွေကို သူမ်ဆီကမ်း

ပေးစဉ် ဘုန်းကြီးတွေရှေ့မှာ သူမ နေရာချလိုက်သည်။

မနက်ကတည်းက ဖေဖေ့ကို သတိရလွန်း၍ အား

အင်မရှိသလို ရှုပျာတိုနွမ်းချိနေသည်။

ကောင်းကင်သာ သူမနားမရှိလျှင် သူမ ဒီအလှူ

အထမြောက်အောင် စီစဉ်နိုင်တော့မည်မဟုတ်။

အလှူပြီးသွား၍ သူမ အခန်းထိ လိုက်ပို့ပေးပြီး

ချိန်အထိ ကောင်းကင်က သူမကို အရိပ်တကြည့်ကြည့်။

"မမနွယ် ပင်ပန်းလို့ နားချင်နေပြီ မဟုတ်လား၊ မနက်

ကတည်းက ဘာမှမစားရသေးဘူးလေ၊ တစ်ခုခု စားပြီးမှ

နားပါလား"

ဘုန်းကြီးတွေကို ဆွမ်းကပ်ပြီးသည်နှင့် ပြန်လာခြင်း

ဖြစ်၍ သူမတို့နှစ်ယောက်လုံး ဘာမှမစားရသေး။





"တို့တော့ မစားချင်ဘူး၊ ကောင်းကင် စားချင်ရင် စား

လေ"

ကောင်းကင်က သူမကို ကရုဏာသက်စွာကြည့်

ပြီး...

"အိမ်ရှင်ကမစားမှတော့ ဧည့်သည်လည်း မစားတော့ပါ,

ဘူး"

သူမ ကောင်းကင်ကို အားနာ၍ တစ်ခုခုစားရန်

ဆုံးဖြတ်လိုက်သည်။

အိမ်မှာရှိသည့် ပေါင်မုန့်ကို ကြက်ဥနဲ့ကြော်ပြီး

နွားနို့နဲ့သောက်ရန် ဆုံးဖြတ်လိုက်ကြသည်။

"ဒီနေ့အတွက် ကျေးဇူးပဲနော် ကောင်းကင်"

မုန့်စားရင်း ပြောလိုက်စဉ် ကောင်းကင်က ကြည်နူး

စွာပြုံး၍ အားပါးတရစားရင်း ...

"ကျွန်တော်က လုပ်ပေးချင်နေတဲ့ သူပဲဟာ၊ တင်ခြင်းအောင်

ကျွန်တော်က ကျေးဇူးတင်ရမှာ မမနွယ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေး ပွင့်လင်းလွန်း၍ သူမ ဒီကောင်လေးရှေ့မှာ ရှက်ရွံ့တွန့်ဆုတ်ခြင်း မရှိသလို ရင်ခုန်လှိုက်မောတဲ့ ခံစားချက်မျိုးလည်း မရှိ။

"ကဲပါ … စားပြီးရင် မင်းလည်း ပြန်နားတော့၊ မမနွယ်လည်း နားတော့မယ်၊ ညကျရင် အလုပ်ရှိသေးတယ်"

"လာကြိုရမှာလား"

ဘာလို့လို့နဲ့ သူမကို ကောင်းကင် လာကြိုတတ်တာကို သူမ အလိုက်သင့် လက်ခံနေမိတာ မနည်းတော့။

ကားခပေးသော်လည်း ကောင်းကင် လိုချင်တာ ကားခမဟုတ်တာ သူမ သိနေသည်။

သူမအတွက် ကောင်းကင်က စိတ်ချလုံခြုံတဲ့အဖော်ဖြစ်ပေမယ့် မသင့်တော်။

"လာမကြိုနဲ့တော့၊ ကိစ္စတစ်ခုရှိလို့ ဝင်စရာရှိတယ်"

တမင်လိုးလွဲပြောလိုက်သည်။

"ဟင် … ဒါဆို ဒီည ကျွန်တော် ကားခမရတော့ဘူးပေါ့"





ကောင်းကင်က ကလေးတစ်ယောက်လို အလိုမပြည့်မှာ ရဲရွတ်စဉ် သူမ မနှစ်သိမ့်ချင်တော့။

သူမဆီမှာ ကောင်းကင်အတွက် သာယာမှုတွေ အရှည်မပေးနိုင်တာမို့ …

သူမ သက်ပြင်းဖျော့ဖျော့လေး ခိုးချလိုက်သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



သူမ သီချင်းဆိုနေစဉ် ရှေ့ဆုံးဝိုင်း နေရာသို့ လူတစ်စု ရောက်လာသည်။

သီချင်းဆိုနေတဲ့ အချိန်တိုင်း လူတွေရဲ့မျက်လုံးတွေကို မကြည့်တတ်သဖြင့် လာစားတဲ့သူတွေနဲ့ မျက်မှန်းမတန်းမိတတ်။

တစ်ခါတလေ အကြည့်ချင်းဆိုင်မိလို့ တစ်ဖက်လူက ပြုံးပြလျှင်တောင် သူမ ပြန်ပြုံးပြဖို့ ခဲယဉ်းလှသည်။

ဒီမျက်နှာမာမာကို မေမေ့ဆီက ရခဲ့တာလို့ မေမေ ပြောဖူးသလို သူမလည်း လက်ခံသည်။

မေမေ့လို နူးညံ့ရွှင်ကြည်ဖို့ ကြိုးစားတိုင်း ခက်ခက်ခဲခဲ အလုပ်တစ်ခု လုပ်နေရသလို သူမနဲ့ အံမဝင်။





အခုလည်း ဒီအတိုင်းပင် ရှေ့ဝိုင်းက လူတွေရဲ့ စူးစူးရဲရဲ အကြည့်တွေကို အာရုံသိဖြင့် သိနေသော်လည်း အကြည့်ချင်းမဆိုင်ဖြစ်၍ ဘယ်သူတွေလဲ သူမ မသိ။

သူမ အလှည့်ပြီး၍ နားနေခန်းထဲ ဝင်လာစဉ် သူမနောက်မှ လူတစ်ယောက် ကပ်ပါလာသည်ကို သတိထားမိ၍ လှည့်ကြည့်လိုက်စဉ် ...

"မဝသုန်မေ"

"ဟာ ... မှတ်မိသားပဲ၊ တို့က မှတ်မိပါ့မလားလို့"

ပွင့်လင်းသွက်လက်စွာ သူမကို ရင်းရင်းနှီးနှီးပြောသည်။

"မှတ်မိပါတယ်"

သူမ စကားအဆုံး ဝသုန်မေက သူမလက်တွေကို ဖမ်းဆုပ်ပြီး ...

"သိပ်ကောင်းတာပဲ၊ တိမ်လွှာက နှယ်သာကီ ဒီမှာသီချင်းဆိုတာ တို့ကိုမပြောဘူး၊ ခုလည်း ပါလာရဲ့နဲ့ မပြောဘူးလေ"

ဪ ... သူ ပါလာသည်ကိုး။

www.burmeseclassic.com



ဘာရယ်မဟုတ် သူမ ရင်ထဲ လှိုင်းတစ်ခုက်တော့ ခပ်မြွေးမြွေး ဖြတ်သွားတာ သတိထားမိလိုက်သည်။

"တို့က တစ်ခုခုနဲ့ ဂုဏ်ပြုချင်တာ၊ နှယ်သာ့ကီက ဆုတွေ ပန်းတွေ ဘာတွေ ပေးတာ လက်မခံဘူးဆိုလို့"

"ကျေးဇူးတင်ပါတယ် မဝသုန်မေ"

"ဒါဆို တို့ကို တစ်ခုခု လိုက်ကျွေးပေး"

သူမကို ငယ်ပေါင်းသူငယ်ချင်း တစ်ယောက်လို ဝသုန်မေက အကျပ်ကိုင် လိုက်လျှောနိုင်းနေသည်။

စိတ်ရှုပ်ပေမယ့် သူ့မျက်နှာနဲ့ သူမ ဝသုန်မေ့ကို လိုက်လျှောပေးချင်နေသည်။

"ဘာလုပ်ပေးရမှာလဲ"

ဂစ်တာကို အိတ်ထဲထည့်၍ ဇစ်ဆွဲပိတ်ရင်း မေး လိုက်သည်။

"တို့နဲ့ တစ်ခုခု လိုက်စားပေး"

"ဟင် ... စောစောက မဝသုန်မေတို့ စားကြပြီးပြီ မဟုတ် လား"





"အလကားပါ၊ ဒီကောင်တွေ ဘီယာနဲ့ အမြည်းတွေပဲ မှာကြတော့ တို့က အမြည်းပဲ လိုက်စားရတာ"

ရှေ့ဝိုင်းမှာ လူအများကြီးဆိုတာ သိပေမယ့် ဘာတွေ မှာစားကြတယ် ဆိုတာတော့ သူမ မသိ။

"အခု တို့ဗိုက်မဝသေးဘူး၊ နှယ်သာကီတော့ မသိဘူး၊ တို့ကတော့ ဘယ်လောက်စားစား ဝိတ်မတက်တတ်တဲ့လူ ဆိုတော့ ညနေစာဆို အဝစားရမှ ကျေနပ်တာ၊ တစ်နေ့ လုံး ပင်ပန်းထားတော့ ညနေစာ မဝရင် နေရတာ အဆင် မပြေဘူးလေ"

ဝသုန်မေက သူမ ငြင်းရခက်အောင် ပွင့်လင်းရိုးသား စွာ တောင်းဆိုနေသည်။

"ဘယ်လိုလဲ၊ ကိုယ့်ပရိသတ်ကို ဒီလောက်တော့ လိုက်လျှော နိုင်မှာပါနော်"

ဂစ်တာအိတ်ကို ကောက်လွယ်ပြီး သူမ ခေါင်းညိတ် လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကော ... အပြင်မှာပဲ သွားစားတော့မယ်နော်၊ ဟိုကောင်တွေက သောက်လို့ကောင်းနေကြတုန်း"

သူမ ဝသုန်မေနဲ့ လိုက်လာစဉ် ဝသုန်မေက ဖုန်းဆက်နေသည်။

ဖုန်းဆက်ပြီးတော့မှ သူမဘက် ပြန်လှည့်လာပြီး...

"တိမ်လွှာ လိုက်ပို့ပေးလိမ့်မယ်၊ တို့ ကားမယူလာဘူးလေ"

ခဏကြာ သူက မပြေးရုံတမယ် ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာနေတာ တွေ့ရပြီး ...

"နင် ... ဘာ ဒုက္ခပေးဦးမလဲ၊ နွယ်သာကို ပင်ပန်းနေမှာပေါ့"

သူမနောက်ကို အားနာသလို ငဲ့ကြည့်ပြီး ဝသုန်မေကို အပြစ်တင်နေသည်။

"အမယ် ... ကာယကံရှင်က ဘာမှမဖြစ်ဘူး၊ နင်က ဘာဖြစ်နေရတာလဲ"



ဝသုန်မေကလည်း မခံ။ သူ့ကို ရယ်ဖြဲဖြဲနဲ့ ပြန်ပြောသည်။

"ဘယ်သွားကြမှာလဲ"

ဝသုန်မေက နာရီတစ်ချက် ကြည့်လိုက်ပြီး ...

"တရုတ်တန်းမှာ တစ်ခုခု သွားစားကြမယ်လေ"

သူမကတော့ လိုက်စားပေးရမယ့်လူဖြစ်၍ သူတို့ခေါ်ရာ လိုက်သွားရုံသာ။

သူမက နောက်ခန်းမှာထိုင်ပြီး ဝသုန်မေနဲ့ သူက ရှေ့ခန်းမှာ။ ဝသုန်မေ စကားပြောလွန်းသလို သူကလည်း ဝသုန်မေ ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့်။

တစ်ချက် တစ်ချက် နောက်ကြည့်မှန်ကနေ တစ်ဆင့် အကြည့်ချင်း ဆုံသော်လည်း စက္ကန့်ပိုင်းမျှသာ ဖြစ်သလို စိတ်လှုပ်ရှားမှုကလည်း ဖျက်ခနဲသာ။

အလွန်တရာ လူစည်သော တရုတ်တန်း အရောက် ဝသုန်မေက သူမလက်ကို သွက်သွက်လက်လက်ဆွဲပြီး ...

"အကင်တွေ စားရအောင် နွယ်သာကို"

www.burmeseclassic.com



ဖေဖေနဲ့ ပြည်ကြီးငါးကင်စားပြီး အညှီနံ့မခံနိုင်ခဲ့ အန်ရူးတာ သွားသတိရလိုက်သည်။

"ဝက်သား စားတယ်မဟုတ်လား"

သူက ဝသုန်မေနဲ့အတူ အကင်တွေ လိုက်ရွေးရင်း သူမကို မေးဆတ်၍ မေးသည်။

"စားပါတယ်"

သူမ ခပ်တိုးတိုး ဖြေလိုက်စဉ် သူက သူမလက်ထဲသို့ အကင်သုံးလေးချောင်း လှမ်းထည့်ပေးပြီး ...

"ကိုယ့်ဘာသာကိုယ် ရွေးမှာလား၊ ကျွန်တော် ရွေးပေးရမလား"

ဝသုန်မေက ပြုံးစိစိနဲ့ သူ့ကိုလှမ်းကြည့်သည်။

"ကျွန်မဘာသာ ရွေးပါ့မယ်"

ရှက်အမ်းအမ်း ဖြစ်သွားတာကို ကမန်းကတန်း ဖုံးဖိ ကွယ်ပြီး အကင်တချို့ ရွေးယူလိုက်သည်။

"ဟဲ့ ... ငါ့ကိုလည်း ရွေးပေးလေ"





ဝသုန်မေက သူ့ကို အသံကျယ်ကျယ်နဲ့ လှမ်းကလိ စဉ် သူ အံကြိတ်ပြီး လက်သီးထောင်ပြလိုက်တာကို တွေ့ရသဖြင့် သူမ ပြုံးလိုက်မိသည်။

ကြည့်စမ်း ... သူမ ဒီကာလလေးကို ကြည်နူးကျေနပ်လို့ပါလား။

သိမ်မွေ့ကြည်နူးနေတဲ့ စိတ်လှုပ်ရှားမှုကို သတိထား လိုက်မိသလို အဲဒီ ခံစားမှုကို ပြန်လည်ထိန်းသိမ်းဖို့ကိုပါ သတိရ လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ငါက ဆင်ဖြူတော်မှီပြီး ကြံစုပ်ရမှာပဲ"

"ဝသုန်မေ ... နင် ငါးစပ်ကလေးပိတ်ပြီး နေပေးရင် သိပ် ကျေးဇူးတင်မှာပဲ"

သူက သူမကို အားတုံ့အားနာ ပြုံးကြည့်ပြီး ဝသုန် မေကို လှမ်းဟန့်သည်။

ပြောလေ ကဲလေ မန်းလေ ပြလေ ဝသုန်မေကတော့ သူ့ကို မျက်လုံးပြန်ပြူးပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လုပ်ပြောမနေနဲ့၊ အခု နင် ငါ့ကို ကျိတ်ပြီးကျေးဇူးတင်နေတယ် မဟုတ်လား"

"ဟာ"

သူက သူမ ရွေးပြီးသား အကင်တွေကို သိမ်းကျုံးယူသွားပြီး ကင်ပေးတဲ့နေရာကို ဖျတ်ခနဲ ထွက်သွားသည်။

"ဒီကောင် ရှက်သွားပြီ"

သူမ ရှက်နေတာကရော ...

သိဝ်အကဲခတ်တော်ပုံရတဲ့ ဝသုန်မေ့ရှေ့မှာ သူမရဲ့ ရင်ခုန်သံတွေကို ထိုးတိတ်တည်ငြိမ်စွာ ခက်ခဲပင်ပန်းစွာ ထိန်းထားလိုက်ရသည်။

❦ ✧ ❦



"ဝသုန်မေ့ စကားတွေကြောင့် နေရခက်သွားလား နွယ်သာကီ"

မြို့ထဲမှာနေတဲ့ ဝသုန်မေကို အရင်ပို့ပြီးမှ သူမကို မှီသဖြင့် ကားထဲမှာ သူမတို့နှစ်ယောက်သာ ကျန်ခဲ့သည်။

ဝသုန်မေကို ချပြီးသည်နှင့် သူက ကားမောင်းရင်း လှမ်းမေးသည်။

"သူက သိပ်ပွင့်လင်းလွန်းတယ်နော်"

"အင်း ... ဒါပေမဲ့ အဲဒီပွင့်လင်းမှုကြောင့် တစ်ခါတလေ စိတ်ညစ်ရပေမယ့် ဝသုန်မေကို ပိုခင်ရတာလည်း အဲဒီပွင့်လင်းမှုကြောင့်ပဲ ဆိုတော့ သူ့ကို လျစ်လျူရှုလို့ မရဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



သူမအာက်ကို ဖျတ်ခနဲ လှည့်ပြောစဉ် မောင်နေ[illegible]
ဖြစ်၍ သူ့မျက်နှာကို မမြင်ရ။ ဒါပေမဲ့ ရွှန်းတောက်တဲ့ မျက်ဝ[illegible]
ကိုမူ ရစ်စုန်လိုက်မောဖွယ် တွေ့ရသည်။

သူမ သူ့ကို မကြာခဏ မကြည့်မိအောင်နေ[illegible]
ဖြစ်မည်။

"နွယ်သာကီ တစ်ယောက်တည်း နေရတာ တစ်ခါတလေ[illegible]
မပျင်းဘူးလား။ အထီးကျန်သလိုမျိုး မခံစားရဘူးလား"

မေးမှ မေးတတ်သည်။

"ပျင်းတော့ မပျင်းဘူး၊ အထီးကျန်သလိုတော့ တစ်[illegible]
တလေ ခံစားရတယ်"

အမှန်အတိုင်း ဖြေမိပြီးမှ သူ့ကို သူမ ဘာကြော[illegible]
ဝန်ခံမိပါလိမ့်လို့ သူမကိုယ်သူမ အပြစ်တင်လိုက်မိသည်။

"ကျွန်တော် သိပ်စပ်စုရာများ ကျနေမလား မသိ[illegible]
တစ်ခုလောက် မေးချင်သေးလို့"

သိပ်စပ်စုတာပေါ့လို့ ငေါ့တော့တော့ ဖြေလိုက်[illegible]
သည်။ ဒါပေမဲ့ သူမ သူ့ရှေ့မှာ အရာရာ တွန့်ဆုတ် တွေဝေ[illegible]
တတ်သည်မို့ ...





သူမ ငြိမ်နေခြင်းကို သူက လက်ခံသည်ထင်၍လား
သိ။

မထူးဆန်းသော်လည်း ထူးဆန်းသည့် မေးခွန်းကို
သူ မေးလေသည်။

"နွယ်သာကီမှာ ချစ်သူတွေ ဘာတွေများ ရှိနေပြီလားလို့
ပါ"

မောင်နေ၍သာ တော်တော့သည်။

နီနီ့ဆို ရှက်အမ်းထွပ်နီးနေမယ့် မျက်နှာကို သူမ
ရှုတ်ရခက်ပေဦးမည်။

"ချစ်ရမယ့်သူ ပေါ်လာရင်တော့ ထားမိမှာပါ။ အခုထိတော့
ကျွန်မ ဘယ်သူ့ကိုမှ မချစ်မိသေးဘူး"

သူ့ဆီက ရယ်သံဟက်ခနဲ ကြားရသည်။

လှောင်ရယ်သံ မဟုတ်ပေမယ့် တစ်ဖက်လူကို
ရှုရခက်စေတဲ့ ရယ်သံမျိုးပင်။

"ဒါဆို ကြော်ငြာဝင်လိုက်ဦးမယ်၊ ကျွန်တော်လည်း ချစ်သူ
မရှိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပေးတော့ … တော်တော် ကြောင်တဲ့အနေအထား ကြီး၊ ဒါပေမဲ့ ရင်ခုန်ကြည်နူးနေတာတော့ သေချာလှသည်။

"မချစ်မိသေးတာလား၊ ရှိနေရက်နဲ့ အဆင်မပြေသေးလို့ လား"

နည်းနည်း နေသားကျလာပြီဖြစ်၍ သူ့ကို ပြန်မေးနိုင် ပြီဖြစ်သည်။

"အင်း … ချစ်လို့ရတဲ့ ချစ်သင့်တဲ့ မိန်းကလေးတွေတော့ ရှိတယ်၊ ဒါပေမဲ့ နက်နက်ရှိုင်းရှိုင်း စိတ်ထဲက အလိုလို ချစ်လာတဲ့ ခံစားချက်မျိုး မဟုတ်လို့ ဖွင့်မပြောဖြစ်သေး ဘူး၊ အိမ်ထောင်ပြုချိန်တန်တဲ့အထိ ဒီအတိုင်းကြီးပဲ ဖြစ် နေမယ် ဆိုရင်တော့ သင့်တော်တဲ့ မိန်းကလေးတစ်ယောက် ယောက်ကို ကမန်းကတန်း ဖွင့်ပြောပြီး လက်ထပ်ရမယ် ထင်တယ်"

"ဟင် … အဲဒီလို လုပ်လို့ရလား၊ တကယ်မချစ်ဘဲ လက် ထပ်လို့ရလား"





သူက သူမကို သနားစရာ ကလေးငယ်တစ်ယောက် ကို ကြည့်သလိုမျိုး လှည့်ကြည့်သည်။

"သေချာတယ်၊ နွယ်သာကီက အချစ်ကို ကိုးကွယ်မယ့် မိန်းကလေး ထင်တယ်"

ဒီလိုယူဆတာကို လက်မခံချင်ပေမယ့် မှန်သလို ရှိနေတာမို့ ခေါင်းငြိမ်ခဲ့ရသည်။

"အဲဒါ အဲဒီမိန်းကလေးအတွက် ကောင်းတာ နွယ်သာကီ ရဲ့၊ အရင်က ရာနှုန်းပြည့် ချစ်ပြီးမှ လက်ထပ်ခဲ့ရင် လက် ထပ်ပြီးမှ ယောကျ်ားတွေဘက်က အချစ်လျော့သွားတာကို သိရင် ခံရခက်နေလိမ့်မယ်။ တကယ်လည်း ယောကျ်ား တွေဘက်က လျော့သွားတာချည်းပဲ၊ အဲ … ဒါပေမဲ့ လျော့ သွားတဲ့ အချစ်နေရာမှာ သံယောဇဉ်က အစားထိုးလာတော့ အိမ်ထောင်ရေး မြဲသွားကြတာပေါ့။ အစကတည်းက နည်းနည်းပဲ ချစ်ခဲ့ရင် လက်ထပ်ပြီးလို့ ရာနှုန်းပြည့်မချစ် တော့ရင်လည်း ခံစားရ သက်သာသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောနေတာကို သူမ နားမသိပ်မလည်၊ နားလည်ချင်ပေမယ့်လည်း လက်မခံချင်ပြန်။

သူ့ရဲ့အချစ်သီချင်းကို သူမ အထင်သေး ရွတ်ချင်လာသည်။

ဒါပေမဲ့ သူမမှာ သက်သေမရှိ။

ဖေဖေနဲ့ မေမေ သိပ်ချစ်ခဲ့ပြီး စိမ်းစိမ်းကားကား ပြတ်သွားခဲ့ကြတာ ဘာကြောင့်လဲလို့ သူမ တွေးမှုသည့် အဖြေက သူ့စကားတွေလား။

သူမ အခန်းနား ရောက်လာပြီဖြစ်၍ စကားစပြတ်သွားသည်။

"တကယ်တော့ ဒီည ကျွန်တော် ဖြစ်ချင်တဲ့ ဆန္ဒကို ဝသုန်မေက လုပ်ပေးခဲ့တာပါလို့ ပြောရင် နွယ်သာကို စိတ်ဆိုးမှာလား"

ကားပေါ်က ဆင်းကာနီး သူ့ရဲ့နူးညံ့ညင်သာတဲ့ စကားကြောင့် သူမကိုယ်ထဲက သွေးတွေ ရှက်ရွံ့စွာ ပူနွေးပျံ့နှံ့သွားသည်။





ဘာဖြေရမှန်းမသိ။ သူမ အံ့သြထူအမ်းနေစဉ် သူက ဟက်ခနဲ တစ်ချက်ရယ်ပြီး ...

"ဆောရီး ... ကျွန်တော် မပြောသင့်သေးတာကို ပြောမိသွားပြီ၊ ကျွန်တော့်စကားကို ပြန်ရုပ်သိမ်းပါ့မယ်"

ဟာ ... သူ ... သူမကို နေရခက်အောင် အမျိုးမျိုး ရှုနေသည်။ စိတ်ထဲက ကသိကအောက် ဖြစ်လာတာမို့ ကားထဲက ခပ်သွက်သွက် ဆင်းလိုက်သည်။

သူ လိုက်လာပြီး တောင်းပန်စရာမလား ဆက်ပြီး တစ်ခုခု တောင်းဆိုဦးမလား။

ထိုးတိုက်ရင်ခုန်စွာ စောင့်စားနေပေမယ့် သူ့ခြေသံကို မကြားရအဲ သူ့ကားစက်သံ ညက်ညက်ကို တဖြည်းဖြည်းဝေးသွားတာ ကြားလိုက်ရသည်။

အောင့်ထားသလို တင်းထားရတဲ့ အသက်ကို ခပ်မဲ့မဲ့ ရှူလိုက်စဉ်၊ ရင်ခုန်လှိုက်မောမှုက မှန်းချုပ်မှုလောင်လိုက်သလို အသံတိတ် ရှေ့ဖော်မိလိုက်သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



သူမ အခန်းဝတွင် ကပ်ထားသော စာရွက်ဝါလေးကို မြင်ရသော်လည်း လှေကားမီးရောင်မှိန်မှိန်ကြောင့် ဖတ်၍မရ။

စာရွက်ကို ယူပြီး အခန်းထဲရောက်မှ ဖတ်လိုက်သည်။

"မြယ်သာကို

ညည်းအသွား နေမကောင်းသူ့ညည်းကို တွေ့ချင်နေတယ်၊ ဆန္ဒရှိရင် လာခဲ့ပါ။ လာလည်းလာစေချင်တယ်။

ဦးစလေးသိန်"

သူမ စာပတ်ပြီး စိတ်ထဲ ဝမ်းနည်းသွားသည်။ ဘွားဘွားကို သတိရပေမယ့် ဘွားဘွားကို သွားတွေ့ဖို့ မကြိုးစားခဲ့။



ချက်ချင်း သွားလိုက်ချင်ပေမယ့် အဲဒီအိမ်ကြီးဆီ ပြန်သွားဖို့ စိတ်ကမရဲပြန်။

စာကိုကိုင်ပြီး ထိုင်ခုံပေါ်မှာ အကြာကြီး ခပ်ငူငူ ထိုင်နေမိသည်။

ဒီကို ထွက်လာတာ ဆုံးရှုံးမှုတွေချည်းပဲ ရင်ဆိုင်ရတယ် မဟုတ်လား။ အဲဒီ ဆုံးရှုံးမှုတွေအတွက် ညည်းဘယ်လောက် ဝမ်းသာနိုင်မှာလဲ။

မေမေ ပြောခဲ့ဖူးသော စကားကို ခါးသက်စွာပြန် ကြားယောင်လိုက်မိသည်။

အဲဒီဆုံးရှုံးမှုတွေကို မေမေရော ကျေကျေနပ်နပ် ခံစားနေရလို့လား။

မေမေ့ရင်ထဲ မကျေမနပ်နဲ့ ဆုံးရှုံးမှုတွေကို လက်ခံနေရလျှင် သူမ ကျေနပ်သည်။

မီဘအုပေါ် မထားကောင်းတဲ့ အငြိုးတွေနဲ့ ဆင်းမ ရှင်သန်ဖို့ မေမေ မှာသွားခဲ့ပေမယ့် သူမ မလိုက်နာနိုင်ခဲ့။

www.burmeseclassic.com

အိပ်ရာပေါ်မှာ ပက်လက်ကလေးနဲ့ ယဲ့ယဲ့ကလေးသာ ဖေဖေ ပြုံးနိုင်ချိန်တွင် မေမေက ကုလားကိုယ်တိုင်မောင်းပြီး အပြီးဆန်ဆန်နဲ့ ဖေဖေ့ကို ကျော်ခိုင်းလျက်။

အထီးကျန်လိုက်တာ ဖေဖေရယ်။

တစ်ညလုံး ကြေကွဲဝမ်းနည်းစိတ်တွေနဲ့ အိပ်မပျော်။ မိုးလင်းခါနီးမှ မှေးခနဲဖြစ်သွားပြီး၊ အိပ်ရာက နိုးချိန်တွင် မနက်ရှစ်နာရီခွဲနေပြီဖြစ်သည်။

ရေမိုးချိုးပြီး ဘွားဘွားဆီ ထွက်လာစဉ် ဘွားဘွားကြိုက်တတ်သည့် စံပယ်ပန်းတွေကိုတွေ့၍ ဝယ်ခဲ့လိုက်သည်။

ဘွားဘွား အခန်းရဲ့ပြတင်းပေါက်မှာ ချိတ်ဆွဲပေးထားလျှင် လေသင့်တိုင်း မွှေးနေပေလိမ့်မည်။

ဘွားဘွားကို တွေ့ချင်တဲ့ဆန္ဒနဲ့ ခြံဝကိုရောက်မှန်းမသိ ရောက်သွားသည်။

အရင်ကလိုပင် ခြံထဲဝင်ဖို့တွန့်ဆုတ်နေပေမယ့် ဒီတစ်ခေါက်တော့ ဘွားဘွားအတွက်စိတ်ပူတာနဲ့ ခြံတံခါးဝကခေါင်းလောင်းကို တီးလိုက်စဉ် ခြံစောင့်ဦးလေးကြီး ထွက်လာသည်။





သူမကိုသိသော လူကြီးမဟုတ်တော့။

အင်းလေ ... မေမေ့ဆီမှာ ခြံတာဆိုလို့ မာနနဲ့အစွပဲရှိမည်။ ခြံစောင့်နဲ့အိမ်ဖော်ဆိုတာ သူမတို့ အိမ်အတွက် အများဆုံး စံချိန်တင်နိုင်လောက်အောင် ပြောင်းနိုင်ခဲ့သူဖြစ်သည်။

"ဘွားဘွားနဲ့ တွေ့ချင်လို့ပါ"

သူမ စကားအဆုံး ကွမ်းတွေဝါးထားတဲ့ ဦးလေးတသွားရဲရဲကြီးကို ပေါ်အောင်ပြုံးပြီး ...

"ကလေးမက နှယ်သာကီလား"

သူမ အံ့ဩစွာ ခေါင်းညိတ်လိုက်စဉ် ...

"ဒီတစ်ရက် နှစ်ရက်အတွက် နှယ်သာကီ ဆိုတဲ့ ကလေးမလေး လာလိမ့်မယ်လို့ မမကြီးက မှာထားတယ်၊ ကဲ ... ဝင် ... ဝင်"

သူမ လာမယ်ဆိုတာကို မေမေက ကြိုသိနေတယ်ဆိုတော့ မေမေရဲ့ ထက်မြက်တဲ့ အာရုံတွေ မလျော့ပါးသွားသေး။

အိမ်ဖော်အသစ်ကပင် အိမ်တံခါး လာဖွင့်ပေးပြန်သည်။

www.burmeseclassic.com



ဧည့်ခန်းထဲမှာ စိန်ပွင့်တွေ ထိုင်စစ်နေတဲ့ မေမေက သူမကို အပြုံးလိုက်လဲ့စွာ မကြိုဆိုပါ။

သိနေသားပဲ ဆိုတဲ့ ခေါက်ရိုးကျိုးနေတဲ့ အပြုံးနဲ့ ခေါင်းဆတ်ပြပြီး ...

"ညည်းအဘွား အခန်းထဲမှာ ရှိတယ်၊ ဝင်သွားချည်၊ ပြီးရင် မပြန်နဲ့ဦး၊ ပြောစရာ ရှိသေးတယ်"

သူမ ဘွားဘွား အခန်းဆီ တန်းဝင်လာခဲ့လိုက်သည်။

နံနက်စာကို ခုတင်ပေါ်မှာပဲ ထိုင်လျက်စားနေတဲ့ ဘွားဘွားက သူမကို မြင်သည်နှင့် ဘာမှမပြောသေးဘဲ မျက်ရည်တွေ ဝိုင်းလာသည်။

"သမီး နေကောင်းလား"

သူနာပြုဆရာမလေးက အစားတင်စားနေတဲ့ စားပွဲသေးလေးကို ဖယ်ပေးလိုက်သည်။

"ကောင်းပါတယ်၊ ဘွားဘွား နေမကောင်းဘူးဆိုလို့"

ဘွားဘွားရဲ့ ခုတင်စွန်းမှာ ဝင်ထိုင်လိုက်စဉ် ဘွားဘွားက သူမလက်ကို ချိန့်စွာ ဆုပ်ကိုင်သည်။





အရေပြားတွေ လျော့တွဲနေပေမယ့် အရိုးတွေ သန်စနေဆဲတဲ့ ဘွားဘွားရဲ့လက်ချောင်းတွေက အရင်လို မာကျောခြင်း မရှိတော့။

"ခုတလော နလုံးပြန်ဖောက်တယ် ထင်တယ်၊ အသက်ရှူရတာလည်းမော၊ နည်းနည်းလှုပ်လည်းမော၊ စကားပြောလည်း မောနဲ့ ဘာမှမပြော မလုပ်ဘဲ အိပ်ရာပေါ်မှာချည်း နေနေရတယ်"

ဘွားဘွားက သူမကို တွေ့ရသဖြင့် လန်းဆန်းလာပုံရသည်။ ချောင်ကျနေတဲ့ မျက်နှာက သွေးရောင်ပြန်လွှမ်းလာပြီး သူမကို ပျောက်သွားမှာစိုးသည့်အလား စေ့စေ့စပ်စပ် ကြည့်နေရှာသည်။

"ဘွားဘွား သတိရလိုက်တာ သမီးရယ်၊ ဘွားဘွားတို့ဆီ ပြန်လာပါတော့နော်"

သူမ ပြုံးပြလိုက်ပေမယ့် ခေါင်းမညိတ်ဖြစ်။

"သမီးအမေလည်း သမီးကို စိတ်ပူနေတာပဲ၊ သူ့မျက်လည်း သမီးကို ချစ်ရှာပါတယ်ကွယ်၊ သူ့ဘက်ကမလျှော့ချင်ရင်လည်း သမီးလေး လျှော့လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ လျှော့လိုက်ချင်ပါသည်။ လျှော့ဖို့ ကြိုးစားတိုင်း မေမေရဲ့ နွမ်းလျလျ မျက်နှာကို ပြန်မြင်ယောင်ပြီး မမေ့ကို နာကြည်းမှုက ပြန်ပေါ်လာတတ်သည်။

"မောနေဦးမယ် ဘွားဘွားရယ်၊ သမီး အခု ရှိနေတာပဲ။ စကားမပြောနဲ့တော့၊ ဘွားဘွား အိပ်ပျော်တော့မှ သမီးပြန်မယ်"

သူနာပြုဆရာမလေးကို မျက်ရိပ်ပြလိုက်စဉ် ဆရာမလေးက ဘွားဘွားကို ဆေးလာတိုက်သည်။

သူမလက်ကို ဆုပ်ကိုင်လျက် ခဏအကြာတွင် ဆေးရှိန်ဖြင့် ဘွားဘွား အိပ်ပျော်သွားသည်။

ဘွားဘွားရဲ့ ချိနဲ့နဲ့ လက်ချောင်းလေးများကို အသာအယာ ဖြေဖယ်လိုက်ပြီး ဘွားဘွား အခန်းထဲက ပြန်ထွက်ခဲ့လိုက်သည်။

ဧည့်ခန်းထဲတွင် စိန်တွေဆွေးနေဆဲ မေမေက သူမကို မျက်လွှာလှန်ကြည့်ပြီး ...

"ထိုင်ဦး"



သူမ အေးစက်စက် တုံ့ဏှီဘာဝေ ထိုင်ချလိုက်သည်။

"နေရတာ အဆင်ပြေလား"

သူမကို ရှေ့မှာရှိနေတဲ့ စိန်ပွင့်လောက်မှ စိတ်ဝင်စားဟန် မတူ။

စိန်ကြည်သည့် မှန်ဘီလူးကို လက်ကမချဘဲ ပြောခြင်းဖြစ်သည်။

"ပြေပါတယ်"

အမေးတစ်ခွန်း အဖြေတစ်ခွန်းနဲ့ သူမတို့ကြားမှာ ကွာဝေးမှုက ကြီးမားနေသည်။

"ပြန်လာဖို့ စိတ်မကူးသေးဘူးလား"

"ပြန်လာပါတော့ သမီးရယ်"လို့ မေမေ ဘာဖြစ်လို့ မပြောရတာလဲ။

"မေမေ သတိရလိုက်တာ သမီးရယ်"လို့ မေမေ ဘာဖြစ်လို့ မပြောရတာလဲ။

"မေမေ မှားခဲ့ပါတယ် သမီးရယ်"လို့ မေမေ ဘာလို့ ဝန်မခံရဲရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မယ်"

ဆက်နေရင် သူမ ဝမ်းနည်းလာတော့မှာမို့ ထရပ်ပြီး ပြောလိုက်စဉ် ...

"ဒီမှာ ဖုန်းယူသွား တစ်ခုခုဆို ဆက်သွယ်ရ ခက်တယ်"

စားပွဲပေါ်တွင် ရှိနေတဲ့ Hand phone တစ်လုံးကို မေးဆတ်ပြရင်း ပြောသည်။

"ဖုန်းမလိုပါဘူး"

ရပ်နေတဲ့ သူမကို မော့ကြည့်သည်။

သူမရဲ့ ပစ္စည်းမဲ့မာနကို အထင်မကြီးတဲ့ အကြည့်မျိုး ဖြစ်သည်။

"အလကား မာနကြီးမနေနဲ့၊ ငါ့မှာ သမီးတစ်ယောက်တည်း ရှိတယ်၊ ဒီသမီးက ငါ့ဆီ မနေနိုင်တော့ ငါ့ အဆက်အသွယ် လုပ်နေရမှာပဲ၊ အဲဒီအတွက် ဖုန်းလိုတယ် ငါပေးတာ ယူလို့ သိက္ခာမကျပါဘူး၊ ဘာဖြစ်လို့လဲ တော့ ညည်းက ငါ့သမီး ဖြစ်နေလို့ပဲ"





ဒီစကားတွေကိုပဲ ညင်သာနူးညံ့စွာ ပြောလို့ရတယ် ဆိုတာ မေမေ သိပါစ။

သူမ ဖုန်းကို ထဲ ကောက်ယူလိုက်မိသည်။

"ဖုန်းဘီလ်အတွက် မပူနဲ့၊ ငါ ဆောင်ပေးမယ်၊ အိမ်ကို အနည်းဆုံး နှစ်ရက်တစ်ခါလောက် ဖုန်းဆက်ပေးပါ၊ အဘွားကျန်းမာရေးအတွက်လည်း ပါတာပေါ့"

သူမကို ချည်ဖို့ ကြိုးတစ်ချောင်းလို ဖုန်းတစ်လုံးက တာဝန်ထမ်းဆောင်ပေလိမ့်မည်။

"အိမ်ပြန်ဖို့ကိုလည်း စဉ်းစားဦး၊ ငါ့စိတ်ထဲက စောင့်ကြည့်နေတဲ့ကာလ လွန်သွားပြီ ဆိုရင်တော့ ငါ တစ်ခုခု ဆုံးဖြတ်ရလိမ့်မယ်၊ အနည်းဆုံးကတော့ ညည်း အိမ်ထောင် ပြုရလိမ့်မယ်"

သူမကို အိမ်ထောင်ချပေးလိုက်ရုံနဲ့ သူမ အာရုံတွေ မေမေ ပြန်ရမှာလား။

"ပြောလို့ပြီးပြီလား၊ ပြီးရင် ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ကိုကျော်ပြီး နံရံရှိ တိုင်ကပ်နာရီကို လှမ်းကြည့်သည်။ ပြီးမှ ...

"ထမင်းစားပြီးမှပြန်၊ ဒီရင် ၁တောအတွင်း ညည်း လာနိုင်တယ်ဆိုတာသိလို့ ညည်းကြိုက်တဲ့ ငါးသလောက်ဥ ကြော်ထားတယ်"

သူမရင်ထဲ နွေးခနဲ ဖြစ်သွားပေမယ့် စိန်တွေကို ဆက်ပြီး အာရုံစိုက်နေတဲ့ မေမေ့ကြောင့် စားချင်စိတ် မရှိတော့။

"မစားတော့ပါဘူး၊ အိမ်မှာ ချက်ထားတာတွေ ရှိတယ်"

အမှန်တော့ ဒီကိုထွက်လာ၍ ဘာမှမချက်ထားခဲ့။

လမ်းက ဒံပေါက်ဖြစ်ဖြစ် ဟင်းဖြစ်ဖြစ် ဝယ်လာပြီး စားမယ်ဟု တွေးထားခဲ့သည်။

"ပြီးရောလေ ... ညည်းမစားရင် အိမ်မှာ ငါးသလောက်ဥနဲ့တည့်တဲ့သူ မရှိဘူး၊ ထည့်သွားလိုက်"

ဒီလောက် စေတနာတွေရှိနေရင် ချော့မော့ပြောင်းပြီးပဲဖြစ်ဖြစ်၊ မာန်မဲဆူပူရင်းပဲဖြစ်ဖြစ် အတင်းကျွေးလိုက်ပါတော့လား။



မေမေကပင် အိမ်အကူကို အော်ခေါ်ပြီး သူမအတွက် ထည့်ခိုင်းနေသည်။

သူမလက်ထဲ အသင့်ရောက်လာတဲ့ ချိုင့်လေးကိုယူပြီး အိမ်ထဲက ထွက်လာစဉ် သူမနဲ့ ထိုအိမ်သည် သူစိမ်းတွေ ဖြစ်ဖြစ်သွားသည်။

Home sweet home ဖြစ်ဖို့ နွေးထွေးတဲ့ တိမ်တိုက်တစ်ခုနဲ့ ထိုအိမ်လေးကို လွှမ်းရစ်သိုင်းထားလိုက်ချင်သည်။

❦ ◇ ❦



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ဖုန်းလေးကို ကြည့်ပြီး တစ်ယောက်ယောက်နဲ့ ဖုန်းပြောချင်သည့်ဆန္ဒ ဖြစ်လာသည်။

မိတ်ဆွေနည်းသည့်ကြားထဲ ဖုန်းနံပါတ်ပင် မယူထားတတ်သည့် အကျင့်ကြောင့် သူမအတွက် ဖုန်းသာရှိပြီး ခေါ်စရာလူမရှိ ဖြစ်နေသည်။

ဖုန်းကိုကြည့်ပြီး သူမကိုယ်သူမ စိတ်ပျက်စွာ ဖြီးနေမိစဉ် သူမမျက်လုံးများက စားပွဲအောက်ရှိ အဖြူရောင်ကတ်ကလေးတစ်ခုစီ ရောက်သွားသည်။

ကတ်ကလေးကို ကောက်ယူကြည့်လိုက်စဉ် တိမ်လွှာပေးခဲ့သော လိပ်စာကတ်လေး ဖြစ်နေသည်။





သူမ ဖုန်းပြောနေချင်သည့် အချိန်တွင် ပျောက်နေတဲ့ သူ့ကတ်လေးက လက်ထဲပြန်ရောက်လာသဖြင့် တိုက်ဆိုင်မှုအပေါ် ကြည့်နူးသွားမိသည်။

ကတ်လေးထဲက ဖုန်းနံပါတ်ကို အလိုလို နှိပ်မိပြီး "ဟဲလို" ဆိုတဲ့ သူ့အသံကို ကြားရမှ သူမ စိုးရွံ့စွာ ဖုန်းပြန်ပိတ်လိုက်မိသည်။

အလိုလေး ... သူမ သူ့ကို ဖုန်းခေါ်ပြီး ဘာတွေပြောရမှာလဲ။

သူ့အသံကြားရတိုင်း ကြည်နူးရင်ခုန်ရပေမယ့် သူမအဲဒီခံစားမှုမှာ မမိန်းမောဖို့ ကြိုးစားရဦးမည်လေ။

ဖုန်းခေါ်မိလိုက်သည့်အတွက် စိတ်လှုပ်ရှားမိတာပင် မပျောက်သေး။

သူမ ရှေ့ဆီ ဖုန်းလေးက အသံမြည်လာသဖြင့် လန့်သွားသည်။

မေမေတို့ဆီကလွဲ၍ တခြားဖုန်း မဖြစ်နိုင်။

သွေးအေးအေးနဲ့ ဖုန်းပြန်ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

တစ်ဖက်က ဘာမှမပြောဘဲ ငြိမ်နေသဖြင့် မကြား ရဘူးထင်၍ ထပ်ထူးလိုက်သည်။

"ဟဲလို"

"နွယ်သာကို မဟုတ်လား"

သူမ ထပ်ပြီး တုန်လှုပ်သွားသည်။

သူ့ရဲ့ဩရှရှ အသံကို သူမ မှတ်မိနေသလို သူမရဲ့ အသံကိုလည်း သူက ချက်ချင်း အမိဖမ်းနိုင်ခဲ့သည်။

"ဟုတ် ... ဟုတ်ပါတယ်"

ငြင်းလို့ရရက်နဲ့ မငြင်းလိုက်မိနိုင်တဲ့ ပျော့ညံ့မှု စိတ်ပျက်စရာ။

"ကျွန်တော့်ဆီ ဖုန်းဆက်ပြီးတော့ ဘာဖြစ်လို့ စကား မပြောရတာလဲ"

"ကျွန်မဖုန်းမှန်း ဘယ်လိုလုပ်သိလဲ"

သူမ ဖြေရမှာကို မဖြေဘဲ သူ့ကို ပြန်မေးလိုက် သည်။



သူ့ရဲ့အပေါ်အနပ်ကြီးတဲ့ ရယ်သံကို ဖုန်းထဲက ကြားနေရပြီ။

"ကျွန်တော့်ဆီမှာ ကျွန်တော် မသိတဲ့ ဖုန်းနံပါတ်ဝင်နေလို့ ပြန်ဆက်ကြည့်တာ၊ နွယ်သာကို့အသံကို ကျွန်တော် မှတ်မိတယ်လေ"

သူမ ငြိမ်သိမ့်စွာ ကြည်နူးနေလိုက်ချင်ပေမယ့် ...

"ဖုန်းထဲမှာ memory သွင်းနေတုန်း နှိပ်မိသွားတာ ထင်တယ်"

ဖြောင်လိမ်လိုက်တာကို သိပ်အကောင်းဝါးတတ်တဲ့ တိမ်လွှာ သိနေမှာ သေချာသည်။

"ဪ ... ကျွန်တော့်ဖုန်းနံပါတ်ကို မှတ်ထားပေးတယ် ဆိုတော့ ဝမ်းသာရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် မှားနှိပ်မိတဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော် နွယ်သာကို့အသံ ကို ကြားရလို့လေ"

သူ့အသံနဲ့အတူ သူ့ရဲ့မထီတရီ အပြုံးကိုပါ မြင်ယောင်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နားထောင်နေလား နွယ်သာကို"

သူမဘက်က အသံတိတ်သွား၍ မေးလိုက်ခြင်းပင်။

"ဟုတ်ကဲ့"

သွားစမ်း၊ ဘာဖြစ်လို့ သူ့ရှေ့မှာ သူမက ယုန်သူငယ်လို ခေါင်းညိတ် "အင်း"လိုက်နေမိရတာလဲ။

သူမရဲ့မာန်တွေကို သူက ဘာဖြစ်လို့ အဝေးကြီးဆီ လွင့်ပစ်နိုင်ရတာလဲ။

"ဒီည နွယ်သာကို အလှည့်လား"

"အင်း"

"ဒါဆို ကျွန်တော် လာကြိုမယ်၊ ခွင့်ပြုမှာလား"

ဒီလို ဖြောင်ကျကျ ခွင့်တောင်းတာကို သူမ ခေါင်းညိတ်လို့ ဖြစ်မတဲ့လား။

"ခွင့်ပြု မပြုပြုလေ ကျွန်တော် လာစောင့်နေမယ်"

ကြည့် ... တတ်ပဲ တတ်နိုင်လွန်းသည်။ သူ့ဘာသာ သူမေးပြီး သူ့ဘာသာသူ ဖြေသွားသည်။





"ကျွန်တော် အလုပ်လေးတွေ ရှိသေးလို့ ဖုန်းချတော့မယ်နော်၊ ကျွန်တော့်ကို ကိစ္စရှိရှိ မရှိရှိ ဖုန်းဆက်ပေးပါနော်"

ပြောချင်တာတွေပြောပြီး ဖုန်းချသွားသည်။

ဖုန်းကိုကိုင်ပြီး ပေါ့ပါးနွေးထွေးစွာ ပြုံးနေတဲ့ အမျိုးသမီးတစ်ယောက်က သူမကို မှန်ထဲကနေ လှောင်ထေ့ထေ့ ကြည့်နေသည်။

သူမရဲ့ပုံရိပ်က သူမကို သတိပေးနိုင်ပေမယ့် သူမရဲ့ နှလုံးသားကတော့ သတိပေးမှုအားလုံးကို လျစ်လျူရှုထားလေသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



အအေးမိသွား၍ထင် သူမ လည်ချောင်းတွေနာ

မျက်လုံးတွေ ပူစပ်စပ် ဖြစ်နေသည်။

သိပ်နေမကောင်းသော်လည်း သူမကိုယ်တာ

အပြည့် ဆိုပေးခဲ့လိုက်သည်။

ဆိုနေစဉ်က သိပ်မသိတာ၊ ဆိုပြီးတဲ့အချိန်

စိတ်လျော့လိုက်၍ထင်။

တစ်ကိုယ်လုံး အားအင်တွေ ဆုတ်ယုတ်သွားသ

ခံစားလိုက်ရသည်။

အရင်က ပေါ့ပါးလွယ်ကူစွာ လွယ်နေကျ ဂစ်တာ

အိတ်သည်ပင် သူမအတွက် လေးလံကျယ်ဝန်းလွန်းနေသည်။





ဆိုင်ထဲကအတွက် Carparking ကိုအဖြတ် သူမရှေ့

ကားတစ်စီးက လျှာခနဲ ဆိုက်လာသည်။

"ဒရိုင်ဘာလေး ပြန်လာပါပြီ ခင်ဗျာ"

ရွတ်နောက်နောက် အသံနဲ့အတူ ကောင်းကင်က

သွားခနဲ ...

ခရီးထွက်စရာရှိ၍ ပျောက်သွားတာကိုး။

သူမ မေ့ပင်နေသည်။

သူမ နှမ်းလျစွာပြုံးပြီး ကားတံခါး ဖွင့်မည်အလုပ်။

သူမ အိတ်ထဲက ဖုန်းမြည်လာသည်။

ကားထဲမဝင်သေးဘဲ ဖုန်းကို ထုတ်ကြည့်လိုက်ရာ

ထိမ်လွှာဆိက ဖြစ်နေသည်။

"နွယ်သာကီ ကျွန်တော် Car parking မှာ ရှိနေတယ်၊

အဲဒီကားနဲ့ မလိုက်သွားပါနဲ့"

ဖုန်းနားထောင်ရင်း Car parking ကို လှမ်းကြည့်

ချိ သူ့ကားလေးကို လှမ်းမြင်နေရသည်။

ဘာလုပ်ရမလဲ။



www.burmeseclassic.com

သူမကို ပြုံးပျော်ပျော်နဲ့ စောင့်နေပေးတဲ့ ကောင်းကင်။

သူမကို အကြည့်လေးတစ်ချက်နှင့်ပင် လက်ဖျား ခြေဖျားတွေက အေးစက်အောင် ညှို့ယူနိုင်တဲ့ တိမ်လွှာ။

"တက်လေ မမနွယ်၊ ကားထဲကလည်း ပြောလို့ရပါတယ်"

သူမက ကောင်းကင်ကို အားနာစွာ ကြည့်လိုက်ပြီး_

"ဆောရီး ကောင်းကင်၊ တို့ ကိစ္စတစ်ခု ပေါ်လာလို့ ပြန် လိုက်လို့ မဖြစ်တော့ဘူး"

ကောင်းကင်က နည်းနည်းမှ သံသယဖြစ်ဟန် မပြ။

"ဒါဆို ကျွန်တော် လိုက်ပို့ပေးမယ်လေ"

နွေးထွေးလိုက်လေ့စွာ ကူညီပေးဖို့ စိတ်သန်နေဆဲ။

"ရတယ် ကောင်းကင်၊ ဆိုင်ထဲမှာပဲ ချိန်းထားလို့ မလိုက် တော့ဘူး"

ကောင်းကင်က အလိုမကျသလို မျက်နှာရှုံ့ပြလိုက် ပြီး ...

"ဒါဆိုလည်း ဘာတတ်နိုင်ပါ့မလဲ၊ ရပါတယ်လေ၊ မမနွယ် ကို မြင်ရပြီပဲ၊ ဒါလောက်နဲ့ပဲ ကျေနပ်ရတော့မှာပေါ့"





ခက်လိုက်တဲ့ ကောင်လေး။

အော်ဟစ်ဆူပူ မောင်းထုတ်ရလောက်အောင် အတင့် ရဲသူလည်း မဟုတ်သလို၊ တစ်ခါတလေ ငြင်းရခက်အောင် တောင်းပန်အောက်ကျို့ ရှာလွန်းသူလည်း ဖြစ်သည်။

ကောင်းကင်ရဲ့ကား ထွက်သွားတော့မှ သူက တိမ်လွှာဆီ လျှောက်သွားလိုက်သည်။

သူက ကားထဲက ထွက်လာပြီး သူမ ဂစ်တာကို လှမ်းယူသည်။

အလိုက်သင့် ပေးလိုက်စဉ် သူက ဂစ်တာကို ကား နောက်ခန်းထဲ ထည့်လိုက်ပြီး ...

"သူနဲ့ သိပ်ရင်းနှီးလား"

ကားတံခါး ပြန်ပိတ်ရင်း မေးခြင်းဖြစ်၍ သူမနား ထဲ သူ့စကားကို သိပ်မကြားလိုက်။

"ဘြော် ... စောစောက ချာတိတ်နဲ့ ရင်းနှီးလားလို့ပါ"

"ဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး"

ခပ်ပေါ့ပေါ့ ပြန်ဖြေလိုက်မိသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ခပ်ငယ်ငယ်ပဲ ထင်တယ်"

သူမဘက်က ပြီးသွားပေမယ့် သူ့ဘက်က မပြီးသေး။ မေးခွန်းတွေ ထပ်တက်လာသည်။

"ငယ်တာတော့ သိတယ်၊ ဘယ်လောက်ငယ်လဲ မသိဘူး"

"ဘယ်ကလဲ၊ ဘာလုပ်တာလဲ"

သူ့ရဲ့ အတင့်ရဲလာတဲ့ စပ်စုမှုကြောင့် သူမ သူ့ကို အံ့ဩစွာ ကြည့်လိုက်မိသည်။

သူကတော့ သူမဘက်ကို မကြည့်ဘဲ ကားကိုဂရု စိုက်မောင်းနေသော်လည်း သူမ ကြည့်နေတာကို သိနေသည့် အလား သရော်သလို ပြုံးနေသေးသည်။

"သိပ်စပ်စုတယ် ထင်လို့လား၊ ကျွန်တော့်အတွက်ကတော့ သိထားသင့်တယ် ထင်လို့ပါ"

သူမ ထုပ္ပရုက်စွဲ့သွားရပြန်သည်။

သူ့နှုတ်တွေက သူမ အနေရခက်စေမယ့် စကား တွေပဲပြောဖို့ စိတ်ကူးထားသည့်အလား။

"သူက ကျွန်တော့်ပြိုင်ဘက် ဖြစ်လာနိုင်တယ်လေ"



သူမ နှုတ်ဆိတ်လေလေ သူက နှုတ်ရဲလေလေ။ ခက်တော့ နေချေပြီ။

"ကော်ဖီ သွားသောက်ရအောင်"

သူမ ခေါင်းညိတ်လိုက်စဉ် သူက ဆိတ်ငြိမ်လှပ သော ကော်ဖီဆိုင်လေးတစ်ခုဆီ ခေါ်သွားသည်။

ဆိုင်နာမည်က Heaven တဲ့။

ကောင်းကင်ဘုံကို တိမ်လွှာစီးပြီး ရောက်လာခြင်း ဖဲလို့ သူမဘာသာတွေးပြီး ပြုံးလိုက်မိသေးသည်။

"ဘာကော်ဖီ သောက်မလဲ"

သူက ကော်ဖီ Menu ကို သူမဘက် ကမ်းပေးရင်း မေးသည်။

"ကပ္ပချီနို"

"အိုကေ ... ကျွန်တော်က မို့ချာ သောက်မယ်"

ကော်ဖီလာမချသေးခင် သူက Tissues Box ထဲ က Tissues တစ်ရွက် ဆွဲထုတ်ပြီး သူမကို ကမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းဘူးလား၊ Air con ခန်းထဲမှာတောင် နွယ်သာကို မျက်နှာတွေ ရဲနေတယ်"

ဘုရားရေ ... သူမရဲ့ ဖျားချင်ချင် ဖြစ်နေတဲ့ နုံးချိချိ အခြေအနေကို မေ့သွားပါလား။

ဖျားဖို့မှိုင်းနေတဲ့ သူမ အဖြစ်က ရှက်စရာပဲ ကောင်းလိုက်တော့။

သူပြောမှ သူမ လက်ဖဝါးထဲက ချွေးစေးတွေကို ပွတ်သုတ်လိုက်ပြီး ...

"ဟုတ်တယ်၊ ဖျားချင်သလိုတော့ ဖြစ်နေတယ်၊ ဖျားတဲ့ အဆင့်တော့ မရောက်သေးဘူး"

"ဟာ ... ဒါဆို နွယ်သာကို အနားယူဖို့ ကောင်းတာ၊ ကျွန်တော် ဒုက္ခပေးသလို ဖြစ်နေပြီ၊ ခဏနေဦးနော်"

သူမကိုထားပြီး လှစ်ခနဲ ထွက်သွားသည်။

ကော်ဖီတွေ အေးစပြုတဲ့ အချိန်လောက်မှ သူ ပြန်ရောက်လာပြီး ...

"ဒီဆေးလေး သောက်လိုက် နွယ်သာကို"





ဘယ်မှာ ဘယ်လို ရှာလာသည်မသိ။

သူမရှေ့သို့ ဆေးလုံးလေးတွေ ရောက်လာသည်။

"စိတ်ချလက်ချသာ သောက်ပါ နွယ်သာကို၊ ဒီနားမှာ ကျွန်တော့်မိတ်ဆွေ ဆရာဝန်တစ်ယောက်ရှိလို့ သူ့ဆီက အကူအညီ တောင်းလာတာ"

အနည်းငယ် မောနေတဲ့ သူ့ကိုကြည့်ပြီး နွေးထွေးယုံကြည်မှုက သိမ့်ခနဲ။

"ကော်ဖီနဲ့ မသောက်နဲ့၊ ကျွန်တော် ရေသန့်မှာပေးမယ်၊ ပြီးတော့ အစားတစ်ခုခု ခံမှဖြစ်မှာ၊ နွယ်သာကို ဘာစားထားလဲ"

သူမ အလိုလို ပျော့နွဲ့မှိုခိုချင်စိတ်တွေ ပေါ်လာပြီး နှမ်းဖျော့စွာ ခေါင်းခါလိုက်မိသည်။

"ဒါဆို ဒီဆိုင်မှာ နို့ပေါင်မုန့်ပေါင်း ရတယ်၊ သိပ်နူးညံ့ပြီး အဟာရဖြစ်တယ်၊ အဲဒါပဲစား"

ပြောပြောဆိုဆိုနဲ့ သူ့ဘာသာသူမှာပြီး အလုပ်ရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နို့ပေါင်မုန့်ပေါင်း ရောက်လာသည်နှင့် သူက ကလေးတစ်ယောက်လို သူမကို ဂရုတစိုက် ကျွေးသည်။

စားပြီးသည်နှင့် ခဏနေခိုင်းပြီး အချိန်ခြားပြီးမှ ဆေးနှင့်ရေကို လှမ်းပေးသည်။

သူမအတွက် ဒီလို ဂရုစိုက်မှုမျိုးနဲ့ ဝေးနေတာကြာပြီဖြစ်၍ သူ့ရဲ့ဂရုစိုက်မှုကို မရှက်အားဘဲ ဝမ်းနည်းနေသည်။

ဘာရယ်မဟုတ် စိုစွတ်လာတဲ့ မျက်ဝန်းတွေကို သူက မြင်ဖြစ်အောင် မြင်သွားသေးသည်။

"ဘာလဲ ... နေရခက်နေလို့လား"

သူမ ကြည်နူးစွာ ခေါင်းခါပြလိုက်သည်။

သူကမ်းပေးတဲ့ဆေးနဲ့ ရေကို သောက်ပြီး ...

"ကျေးဇူးတင်ပါတယ် တိမ်လွှာ"

သူက ဝိရိယပါးနပ်စွာ ပြုံးသည်။

"ယောက်ျားတွေက မိန်းမတွေရဲ့ ကျေးဇူးတင်ခံဖို့ မွေးဖွားလာတာပဲလေ၊ မိန်းမတွေက ကျေးဇူးများများတင်လေ ယောက်ျားတွေက ပိုပြီးသူ့ရဲကောင်း ဆန်ထားလေလေပေါ့"





သူမ ပေ့ါပါးစွာ ရယ်လိုက်သည်။

သူမရဲ့ အဖျားငွေ့ကို ဆေးအရှိန်ကပဲ ယူငင်သွားသလား၊ သူ့ရဲ့ ယုယဖေးမမှုကပဲ ယူငင်သိမ်းဆည်းသွားလေသလားမသိ။

သူ[illegible]တ်ရော လူပါ လန်းဆန်းပေ့ါပါး ကြည်နူးသွားခဲ့သည်။

ထိုညနေမှာ သူမသည် သူ့အပြုံးတွေရဲ့ လုံးငင်ရစ်ပတ်ဆွဲညို့ခြင်းကို ငြိမ်သက်ကြည်ဖြူစွာ ခံယူခဲ့လေသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



ညက ဆေးအရှိန်နဲ့ အစောကြီး အိပ်ပျော်သွား၍ မနက်အစောကြီး နိုးနေသည်။

သူမ အိပ်ရာရဲ့ခေါင်းရင်းမှာ ပြတင်းပေါက်ရှိ၍ ပြတင်းပေါက်မှာ ခန်းဆီးအပြာရောင်ကို တပ်ဆင်ထားသည်။

နေခြည်နုနုနဲ့ လေနုအေးက ရောထွေးပြီး သူမ အိပ်ရာပေါ် ဖြန့်ကြဲလျက်။

ပက်လက် အိပ်လျက်နဲ့ပင် ပြတင်းပေါက်မှ ဆင့် မြင်နေရတဲ့ မိုးကောင်းကင်ကို မော့ကြည့်နေမိသည်။

လွင့်မြောနေတဲ့ တိမ်ဆိုင်ဆုပ်ကြီးတွေက ဟိုတစ် ဒီတစ်စ။





အဖျားသွေး မရှိတော့သည့်အပြင် အိပ်ရေးဝနေ၍ သူမစိတ်တွေ ကြည်လင်ပေါ့ပါးနေသည်။

လွင့်မြောနေတဲ့ တိမ်တိုက်တွေနဲ့အတူ သူမစိတ်တွေ ရောထွေးလွင့်မြောနေစဉ် ဖုန်းမြည်လာ၍ ဖုန်းကိုင်လိုက်စဉ် ...

"ဟဲလို ... နိုးနေပြီလား နွယ်သာကီ"

သူ့အသံက သူမနံနက်ခင်းအတွက် ကြည်နူးစရာတွေ သယ်ဆောင်လာသလိုပင်။

"ဟုတ်ကဲ့ ... နိုးနေပါပြီ။ ညက စောစောအိပ်လိုက်တော့ စောစော နိုးနေတယ်"

"အဖျား ရှိသေးလား"

သူ့အသံနွေးနွေးက သူမနဖူးပေါ်မှာ အဖျားသွေး လာစမ်းနေသည့်အလား သူ့လက်ဖဝါးရဲ့ အတွေ့နွေးနွေးကို ခံစားလိုက်ရသည်။

"ဟင့်အင်း ... မရှိတော့ဘူးထင်တယ်၊ ခေါင်းထဲ ကြည် လင်နေတာပဲ၊ လူလည်း ပေါ့ပါးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မနက်စာ ထွက်စားလို့ရတဲ့ အနေအထားမျိုးပေါ့၊ နောက် ဆယ့်ငါးမိနစ်လောက်ဆိုရင် နွယ်သာကို အခန်းရှေ့ ကျွန်တော် ရောက်ပြီး၊ အဝတ်အစားလဲပြီး စောင့်နေ၊ တစ်ခုခု ထွက်စားကြတာပေါ့"

သူမဆန္ဒကို တစ်စက်ကလေးမှ မမေးဘဲ သူ့ဘာသာသူ ဆုံးဖြတ်ချက်ချပြီး ဖုန်းချသွားသည်။

ဖုန်းကိုင်ပြီး အံ့ဩရင်ခုန်နေမိသည်က မိနစ်အနည်းငယ်။

နောက်ဆုံးတော့ သူမရဲ့ရင်ခုန်သံကိုပဲ ဦးနှောက်ထဲ အနိုင်ပေးလိုက်ရပြန်သည်။

မိုးပြာရောင်စပို့ရှပ်နဲ့ ယောလုံချည် အနက်ရောင်ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်လိုက်ပြီး ဆံပင်တွေကို ခပ်မြင့်မြင့်စုစည်းလိုက်သည်။

မျက်နှာပြောင်ရှင်းရှင်းမှာ နပူးပြေပြေနဲ့ မျက်လုံး ဝိုင်းဝိုင်း ပြေပြစ်လိုက်တဖက်စွာ ...





ပန်းနုဖျော့ဖျော့ ဆေးကျူထားတဲ့ နှုတ်ခမ်းဖူးဖူးက အပြုံးတွေကို လှို့ဝှက်ထားသည့်နှယ်။

သိပ်လှတဲ့ အမျိုးသမီးမဟုတ်ပေမယ့် လှတယ်လို့ ပြောလို့ရတဲ့အထဲမှာတော့ သူမပါသည်။

ထူးထူးထွေထွေ ပြင်နေကျ မဟုတ်သဖြင့် သူမအလှသာ အမြဲတမ်း ရိုးရှင်းစွာ။

ကားစက်သံကြားရသည်နှင့် သူမ အခန်းရှေ့ရောက် သွားသည်။

ကားထဲဝင်လိုက်စဉ် သူက သူမကို ပြုံးစစကြည့်ပြီး ...

"တော်တော်လှတဲ့ နံနက်ခင်းပဲ"

သူမ နူးညံ့ရှက်ရွံ့စွာ ပြုံးဖြစ်သွားသည်။

"Dimsum သွားစားကြတာပေါ့"

သူ့ရှေ့ရောက်ရင် သူမ ခေါင်းညိတ်တတ်တဲ့ အရုပ်တစ်ရုပ် ဖြစ်သွားတတ်သည်မို့ ...



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းရဲ့ နေခြည်နုထွေးထွေးအောက်မှာ ကျယ်ဝန်းရှင်းသန့်တဲ့ စားသောက်ဆိုင်လေးက သက်ဝင်လှုပ်ရှားလျက်

တရုတ်ဆိုင်ဖြစ်၍ ရိုးရာဝတ်စုံ ဝတ်ထားသော ချော့ကြိုမိန်းမငယ်လေးများက သူတို့နှစ်ယောက်ကို လှရှင်းတဲ့ နေရာတစ်ခုမှာ နေရာချပေးသည်။

အငွေ့ပျံနွေးနွေးလေးနဲ့ စားချင်စဖွယ် Dimsum အမျိုးမျိုးကို သူက ကောင်းနိုးရာရာရွေးပြီး သူမ ပန်းကန်ထဲ ထည့်ပေးနေသည်။

ဂရုစိုက်တာ မခံရတာ ကြာပြီမို့ သူ့ရဲ့ဂရုစိုက်မှုက ကြည်နူးဆွတ်ပျံ့ဖွယ်။

"လှည့်မကြည့်နဲ့နော် နှယ်သာကို၊ တစ်ဝိုင်းကျော်က ချာတိတ်တစ်ယောက် နှယ်သာကိုနဲ့ ကျွန်တော့်ကို ရှေး စိုက်စိုက် ကြည့်နေတယ်၊ ကျွန်တော့်အသိ မဟုတ်ဘ သေချာတယ်၊ နှယ်သာကို့ အသိထဲကလား"

သူက ဝက်သားပေါင်းတစ်တုံးကို သူမ ပန်းကန်ထဲ ထည့်ပေးရင်း ခပ်တိုးတိုး ပြောသည်။





လှည့်မကြည့်နဲ့လည်း ပြောသေးသည်။

အသိလားလို့လည်း မေးသည်။

သူမ မသိမသာ လှည့်ကြည့်လိုက်စဉ် မျက်ဝန်းရဲရဲနဲ့ စိုက်ကြည့်နေတဲ့ ကောင်းကင်။

သူမနဲ့ အကြည့်ချင်းက တည့်တည့်တိုးသည်။ သူမ မြီးဖို့မသတိမရလိုက်ခင်မှာပင် သူမ အကြည့်တွေ ပြန်လွဲမိသွားသည်။

"အသိလား"

သူက ထပ်မေးပြန်သည်။

"ဟုတ်တယ်၊ သိပ်အရင်းနှီးကြီးတော့ မဟုတ်ပါဘူး"

ဖြေပြီးမှ ကောင်းကင်ကို အားနာပြီး မလုံမလဲ ခံစားလိုက်ရသည်။

"ကျွန်တော့်ကိုကြည့်တဲ့ မျက်လုံးတွေက စားမတတ် ဝါးမတတ် မျက်လုံးတွေဆိုတော့ ဒီချာတိတ် နှယ်သာကို့အပေါ်မှာ မရိုးဘူးထင်တယ်"

မြွေမြွေချင်း ခြေမြင်တာပဲလား မပြောတတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကောင်းကင် လာနှုတ်ဆက်မှာတော့ သူမ စိုးရိမ်နေသည်။

သူ့ရှေ့မှာ သူမ ဘယ်ယောက်ျားနဲ့မှ ရင်းရင်းနှီးနှီး မဖြစ်လိုပေ။

သူမဆန္ဒ ပြည့်ပါသည်။

ကောင်းကင်သည် သူမကို ဝမ်းနည်းရိပ်ဝေစွာ လှည့်ကြည့်ရှုသာကြည့်ပြီး ထွက်သွားတာ တွေ့ရသည်။

ပြုံးပြဖို့ပင် စေးနှဲနေသည့် သူမ။ ကောင်းကင်အပေါ် စိတ်မကောင်းဖြစ်မိပေမယ့် တိမ်လွှာရဲ့ ယုံကြည်မှုကို ရလိုက်သည့်အတွက် ကျေနပ်သွားသည်။





"သူ ဘယ်သူလဲ ဆိုတာ ကျွန်တော် မေးပိုင်ခွင့် မရှိပါဘူး မမနွယ်၊ ဒါပေမဲ့ မမနွယ်နဲ့ ဘယ်လိုပတ်သက်လဲ ဆိုတာတော့ ကျွန်တော် သိချင်တယ်"

ကောင်းကင် ပုံစံက လောကကြီးထဲက ထွက်ပြေးပုန်းရှောင်တော့မည့် မျက်နှာမျိုးနဲ့ စိတ်ပျက်ညှိုးရီစွာ ...

"မိတ်ဆွေတွေလို့ပဲ သိထားပါ ကောင်းကင်၊ ဒါပေမဲ့ အဲဒီနေ့က ကောင်းကင်ကို မမနွယ် မနှုတ်ဆက်ဖြစ်တဲ့အတွက်တော့ စိတ်မကောင်းပါဘူး"

"တောင်းပန်တာလား မမနွယ်"

ကောင်းကင်ကိုကြည့်ပြီး သူမပင် ဘယ်လိုနှစ်သိမ့်ရမှန်းမသိ ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ယူဆလေသည်း ရပါတယ် ကောင်းကင်"

ကောင်းကင်က သူမကို ဝမ်းနည်းစွာ ကြည့်နေသလို ပင်။ မေမေနဲ့ ကွာရှင်းခွင့်တောင်းတုန်းက ဖေဖေ့ဆီက မျက်လုံးမျိုး ကောင်းကင်မှာ မြင်နေရသည်။

"ကျွန်တော့်အပေါ် မမနွယ် ဘယ်လိုသဘောထားလဲ"

ဘယ်အချိန်မေးမေး သူမမှာ အမြဲ အဖြေအဆင်သင့် ရှိနေပါသည်။

"မောင်လေးတစ်ယောက်လို၊ မိတ်ဆွေတစ်ယောက်လိုထက် မပိုဘူး ကောင်းကင်"

ပြိုအိကျလာတဲ့ ကောင်းကင် မျက်နှာကို သူမ မကြည့်ရက်။

ဒါပေမဲ့ သူမ ပြတ်သားမှပဲ ကောင်းကင်အတွက် ပိုပြီး ခံစားရ သက်သာပေလိမ့်မည်။

"ဟိုလူ့အပေါ်မှာရော"

ကောင်းကင်ရဲ့ မကျေမနပ်အသံက ကလေးတစ် ယောက်ရဲ့ ပူဆာသံလို ငိုသံပေါက်နေသည်။





"ကောင်းကင် ... ဒီနေ့ တို့နှစ်ယောက်အကြောင်းပဲ ပြော ရအောင်"

ကောင်းကင်က ရိုဝေမျှော်တော့စွာ ခေါင်းညိတ်ပြ သည်။

သက်ပြင်းကြီးတစ်ခုကို လေးလေးလံလံ ချလိုက်တာ ငြင်ရပြီးနောက် ...

"ကျွန်တော့်ကို မမနွယ် နားမှာ နေခွင့်ပြုပါ၊ ကျွန်တော် မမနွယ်ကို ချစ်တယ်"

ကောင်းကင် အသံက မျှော်လင့်ချက်မဲ့သလို ဝမ်း ည်းအားငယ်လွန်းစွာ။

သူမ မကြားချင် မကြားရက်သော စကားတွေကို ောင်းကင်က ပြောလာလေပြီ။

"တို့ မင်းကို မချစ်ဘူး ကောင်းကင်"

အလျင်စလို မမေးပါဘဲနဲ့ အလျင်စလို သူမ ဖြေ က်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုချတော့မလောက် စိုစွတ်မှိုင်းညိုနေတဲ့ ကောင်းကင်ကို မကြည့်ရက်ပေမယ့် မြင်နေရသည်။

"အဲဒီလူကြောင့်လား မမနွယ်"

"ကျွတ် ... စိတ်ညစ်စရာ ကောင်းလိုက်တာ ကောင်းကင်ရယ်၊ တို့ ရှေ့မှာ၊ အဲဒီလူ ပေါ်လာလာ မပေါ်လာလာ ဒီမိုး မင်းကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး"

အရောတဝင် အရင်းတနီး နေမိခဲ့ခြင်းရဲ့ ရလဒ်ဟာ သူမအတွက် သိပ်မကောင်း။

ခေါင်းငိုက်စိုက် ကျသွားတဲ့ ကောင်းကင် အတွက် သူမ နှစ်သိမ့်ပေးချင်ပေမယ့် ကောင်းကင် ထပ်ပြီး မျှော်လင့်အား ယာနေမှာစိုး၍ မနှစ်သိမ့်ဖြစ်တော့။

"ကဲ ... တို့ သွားမယ် ကောင်းကင်၊ မင်းစိတ်ကို အဖိုး သားဆုံး ထားနိုင်တဲ့ တစ်နေ့ မမနွယ်ရှေ့မှာ ပြန်ပေါ်လာ လို့ ရတယ်၊ မမနွယ်ဆီက အချစ်ကို မျှော်လင့်ရှိဆိုရင် တော့ နောက်ထပ် မပေါ်လာပါနဲ့တော့ ကောင်းကင်"





ဒီစကားပြောရတာ ဒီထက်ပိုစောရင် ကောင်းကင် အလောက် ကြေကွဲရှာမည်မဟုတ်။

သူမကိုယ်သူမ အပြစ်မကင်းသလို ခံစားလိုက်ရသည်။

ဘာမှပြန်မပြောနိုင်တော့ဘဲ ကျန်ရစ်ခဲ့တဲ့ ကောင်းကင်ကို ကျောခိုင်းလိုက်စဉ် ငယ်သူငယ်ချင်းတစ်ယောက် ဆုံးရှုံးလိုက်ရသလို နှမြောဝမ်းနည်းလာသည်။

သူမ ဘာတွေ လျှောက်လုပ်နေမိပါလိမ့်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပြန်တက်ပါလား နွယ်သာကီ"

အဆက်အစပ်မရှိ ပြောလာတဲ့ တိမ်လွှာ စကား ကြောင့် သူမ အံ့ဩသွားသည်။

ပြီးမှ သက်ပြင်းနိုးရှိုက်လိုက်ပြီး ပြုံးလိုက်မိသည်။

"ကျွန်မလည်း တက်ချင်ပါတယ် တိမ်လွှာ"

သူ ခပ်ရိုးရိုးပဲ ဖြေလိုက်သည်။

"ကျွန်တော် ကျောင်းစရိတ် ထောက်ပံ့ပေးပါ့မယ်၊ နွ သာကီ လက်ခံမယ်ဆိုရင်ပေါ့"

စိုးစဉ်းမျှ အားနာတွန့်ဆိုင်းမှု မရှိဘဲ ပြောလာသ သူမ ထပ်အံ့ဩသွားရပြန်သည်။





သူမ စကားကို သူ အဓိပ္ပာယ်ကောက် လွဲသွား၍ ဒီလို ပြောလိုက်ခြင်းလား။

သူမ မျက်နှာ ရှက်အမ်းအမ်းနဲ့ တင်းထန်သွားသည်။

"ကျွန်မ ဘာသာ ကျွန်မ တက်နိုင်ပါတယ် တိမ်လွှာ၊ အကြောင်းကိစ္စတစ်ခုကြောင့် ကျွန်မ တမင်မတက်ဘဲ နားနေတာပါ"

ဒီတော့မှ သူ့ဆီက အားတုံ့အားနာနဲ့ လှုပ်လှုပ်ရှား ရှား ဖြစ်သွားတာ တွေ့ရသည်။

"ဆောရီး နွယ်သာကီ၊ ကျွန်တော့်စကားက နွယ်သာကီ မာနနဲ့ သိက္ခာကို စော်ကားသလို ဖြစ်သွားလား မသိဘူး၊ ကျွန်တော့်အနေနဲ့ နွယ်သာကီ့ဆန္ဒကို ဖြည့်ပေးချင်တဲ့ စေတနာသန့်သန့်နဲ့ပါ"

သူမ စိတ်မဆိုးသဖြင့် တောင်းပန်ရန် မလိုပါ။ ဆဲ့ သူမ ဆက်မရှင်းတော့။

သူ တောင်းပန်တာကို အသာတကြည်လေးပဲ လက် ိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စေတနာဆိုတဲ့ သူ့စကားကို သာယာမိတာလည်း ပါမှာပေါ့။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝအတွက်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြန်တက်ဖို့ ကောင်းတယ်"

မေမေ မဆုံးခင်ကလည်း ဒါကိုပဲ အထပ်ထပ် အခါခါ မှာသွားသေးသည်။

မေမေ ပြောတုန်းက စိတ်မလည်ခဲ့တဲ့ သူမ။

ခုတော့ စိတ်ပြန်လည်ချင်လာသည်။

မေမေ ရွေးချယ်လျှောက်ခိုင်းတဲ့ လမ်းဖြစ်၍ သူမ လျှောက်ချင်ရက်နဲ့ လမ်းပျောက်ခဲ့တာ မှန်,မမှန် သူမ မတွေးခဲ့။

မေမေ စိတ်ဆင်းရဲခဲ့သလို မေမေ သူမအတော် ဆေါသတွေနဲ့ တနုံ့နုံ့ခံစားနေစေချင်တဲ့ မကောင်းတဲ့ နာကြည်းမှုကို သူမ လွယ်ပိုက်ထားတာ ဘယ်လောက် ကြာခဲ့ပြီလဲ။

"အချိန်လွန်မှ နောင်တရမယ့်အစား အချိန်ရှိတုန်း ပြန်စာကြိုးစား ဖို့ကောင်းပါတယ်၊ နွယ်သာရီရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်အဖြစ် အကြံပေးချင်တယ်"





အရင်းနှီးဆုံးမိတ်ဆွေ ... တဲ့။

သူ့ဘက်က တည်တည်ငြိမ်ငြိမ် ပြောလိုက်ခြင်းဖြစ်ပေမယ့် သူမကတော့ အနေရခက်သွားသည်။

"အခုလို စဉ်းစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် တိမ်လွှာ၊ ကျွန်မလည်း ပြန်စဉ်းစားပါ့မယ်"

ပြန်ဖြေလိုက်စဉ် သူက နွေးထွေးစူးရဲတဲ့ အကြည့်တွေနဲ့ ပြုံးပြီးခေါင်းညိတ်ပြသည်။

"ကျွန်တော်မှ လုပ်ပိုင်ခွင့် မရှိလို့သာပေါ့၊ ရှိလို့ကတော့"

သူ့ဆီက ပြုံးစိစိနဲ့ ပြောလာတဲ့ စကားကို သူမနား စလည်။

မျက်လုံးအဝိုင်းသားနဲ့ ဆက်ပြီးနားစွင့်နေစဉ် သူက ခေါင်းနပ်တဲ့အပြုံးနဲ့ သူမကို မေးစင်းကြည့်ပြီး ...

"လုပ်ပိုင်ခွင့် ရှိလို့ကတော့ အတင်းဆွဲပြီး ကျောင်းပြန်တက် ခိုင်းလိုက်မယ်၊ ပြီးတော့ ပညာရေးကို အလေးမထားခဲ့တဲ့ အတွက် နားရွက်ဆွဲပြီး အပြစ်ပေးဦးမလားဘဲ"



www.burmeseclassic.com

ဘုရားရေ ... သူ့စိတ်ကူးထဲမှာ သူမက ဘယ်အနေ အထားပါလိမ့်။

"ဘယ်လိုလဲ၊ ကျွန်တော့်ကို အဲဒီအခွင့်အရေး ပေးမှာလား"

ရှက်လွန်း၍ သူမ ထူပူနေခြင်းလား။

ဒါမှမဟုတ် မထင်မှတ်ထားတာတွေ ပြောနေ၍ သူမ အံ့သြပြီး နှုတ်ဆွံ့နေခြင်းလား။

သူမ တိတ်နေသည်ကို သူက နားလည်စွာဖြင့် အားနာပေးလိမ့်မည်ဟု ထင်ခဲ့သော်လည်း ...

"ကျွန်တော် နှယ်သာကီကို ချစ်တယ်၊ အဲဒီလို အခွင့်အရေး တွေရဖို့ ကျွန်တော် နှယ်သာကီရဲ့ချစ်သူ ဖြစ်ချင်တယ်"

သူမ သူ့ကိုမကြည့်ရဲတော့။

သူ့အသံနွေးနွေးနဲ့အတူ သူ့အကြည့်တွေလည်း ... လွှမ်းမိုးနေလိမ့်မည်။

သူမ ကြိုးစားပြီး သူ့ကို မော့ကြည့်စဉ် သူ့ရဲ့သိမ် ... ဖြားယောင်းသော မျက်ဝန်းတွေက ညို့ငင်စွာ ...





သူမ ခေါင်းခါဖို့ ကြိုးစားလိုက်စဉ် သူမခေါက်တွေ နိုင်ပြီး လေးလံနေသည်။

ဟင့်အင်းလို့ စိတ်ထဲက အခါခါ ငြင်းဆန်နေပေမယ့် သူမ နှုတ်ခမ်းတွေက စေးပိတ်လျက်။

မာထန်ပြတ်သားတဲ့ အကြည့်တွေကို ဖန်တီးနေပေမယ့် သူမ မျက်ဝန်းတွေက စိုစွတ်နွမ်းလျနေသည်။

သူ့ရဲ့အကြည့်တစ်ချက်နဲ့ပင် သူမ ချိနဲ့မောလျစွာ အရှုံးပေးရလေပြီ။

www.burmeseclassic.com



ဘွားဘွားကြိုက်တဲ့ ကြက်ဖင်ဆီဘူး အကင်များကို တွေ့သဖြင့် ဘွားဘွားကို ကျွေးချင်တဲ့ဆန္ဒ ပေါ်လာသည်။ တည့် မတည့် မသိသော်လည်း သူမ ယေ်ယေ်က ဘွားဘွားကိုယ်တိုင် ကင်ကျွေးခဲ့ဖူးသည်ကို သတိရလာသည်။

ဖင်ဆီဘူးတွေ ဝယ်လာပြီး ဘွားဘွားဆီ ထွက်လာခဲ့စဉ်က အရင်ကလောက် တွန့်ဆုတ်မှု မရှိတာကို သတိထားမိလာသည်။

အရင်က သူစိမ်းဆန်လွန်းသည်ဟု ခံစားခဲ့ရသော အိမ်က အခု သိပ်မစိမ်းတော့သလို။

အဲဒါ ထူးခြားတဲ့ ခံစားမှုအဖြစ် နိမိတ်ပြနေခြင်းလား အတွေးများက တစိမ့်စိမ့်။





ခြံထဲဝင်လာစဉ် ဆင်ဝင်ရှေ့မှာ ကားတစ်စီးရပ်ထားတာ တွေ့လိုက်ရသည်။

စိတ်ထဲမှာ တွေ့ဖူးသလိုလို ဖြစ်သော်လည်း ရန်ကုန်မြို့ပေါ်က ကားပေါင်းများစွာကို မြင်ဖူးသလိုပဲ ဖြစ်မှာပေါ့ဆိုတဲ့ ခပ်ပေါ့ပေါ့ ခံစားချက်နဲ့ စေ့ထားတဲ့ တံခါးကို ခပ်သာသာ တွန်းဖွင့်ဝင်လိုက်သည်။

ညှိခန်းမှာ စကားပြောနေသံ ကြားရသဖြင့် ညှိခန်းကိုမဖြတ်ဘဲ ဘွားဘွားအခန်းဆီ တန်းသွားရန်အပြင် ...

"ဒေါ်ညိုလေးသိမ့်နဲ့ နွယ်သာကီနဲ့ သိပ်ရှုတဲ့အချက်က ခေါင်းမာတာ ထင်တယ်"

အသံက ကြားဖူးသလိုလို၊ သူမ နာမည်ပါ ပါလာ၍ သူ့စကားကို ဆက်မတက်ဖြစ်ဘဲ လှေကားရင်း ဝှက္ကွာကွယ်မှာ ရပ်ပြီး ဆက်နားထောင်နေလိုက်သည်။

"သူ့အဖေနဲ့က မာနကြီးတာချင်း တူတယ်လေ၊ ဒါပေမဲ့ သူက သူ့အဖေကို သိပ်ချစ်တာ"

သူမအကြောင်း ပြောနေတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကြောင်းကို ပြန်ကြားနေရတာ ရင်ထိတ်စရာ ကောင်းလှသလို စိတ်ဝင်စားစရာလည်း ကောင်းလှသည်။

ဆက်နားစွင့်နေစဉ် ...

"ဒါပေမဲ့ သူ့ကို တစ်လျှောက်လုံး ထောက်ပံ့နေတာ ဒေါ်ညိုလေးသိမ့် ဆိုတာ သိသွားရင် သူ စိတ်ပြောင်းသွားမှာပါ"

သူမ ပိုစိတ်ဝင်စားလာသည်။

"ကျွန်မ အပေါ် ပြန်စိတ်လည်လာရင်တော့ ကောင်းတာပေါ့၊ သူ့အဖေလို သူ့မာနကို ထိပါးပါတယ်ဆိုပြီး ထပ်ပြီး အထင်လွဲသွားရင် ကျွန်မ ရင်ကျိုးရမှာ ဦးရဲမြင့်ရဲ့"

သူမအပေါ် အလွန်နွေးထွေးတဲ့ သူမ ဆိုင်ပိုင်ရှင် ဦးရဲမြင့်နဲ့ မေမေတို့ အဆက်အသွယ်ရှိတာ သူမ ခုမှသိရသည်။

"ကျွန်မ ... ကျွန်မသမီးကို သိပ်ချစ်ပါတယ် ဦးရဲမြင့်ရယ် သမီး ခုလိုဖြစ်နေတာ ကျွန်မရဲ့ချွတ်ယွင်းချက်တွေကြောင့် လည်း ပါတယ်၊ မိဘနှစ်ယောက်ရဲ့ အထင်လွဲ မာနကြီး





တွေကြောင့် သမီးလေး ခုလို လောကကို အရွဲ့တိုက်နေတာ၊ သူ မြန်မြန်အမြင်မှန်ရပါစေလို့ ကျွန်မဆုတောင်းတယ်"

သူမ ရပ်တည်နေတဲ့ မြေကြီးတစ်ခုလုံး နိမ့်ကျွံကျသွားသလို မူးလှပ်လှပ် ခံစားလိုက်ရသည်။

ဘုရား ... ဘုရား ... ဒါ ... ဒါ ... မေမေ့ရင်ထဲက စကားအမှန်တွေလား။

သူမကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားရတာမဟုတ်ရင် ဒါ ရယ်စရာ အိပ်မက်တစ်ခုလို့ သဘောထားမိမည်ထင့်ရဲ့။

"ကျွန်မ လောဘကို လောကကြီးက ကျိန်စာတိုက်နေတာ ထင်တယ်"

သူမ ဆက်မကြားရဲတော့။

သူမ ပထမဆုံး ကြားဖူးတဲ့ မေမေရဲ့ ဝမ်းနည်းစိတ်ချက်သံသည် သူမအတွက် ဖြစ်နေသည်။

အလာတုန်းကလိုပင် သူမ ... သူမပြန်သွားခြင်းကို ဝမ်းနည်းစိတ်ပျက်သံသည် သူမအတွက် ဖြစ်နေသည်။

www.burmeseclassic.com



ဒါပေမဲ့ အလာတုန်းက သူမ ခြေလှမ်းတွေက ပေါ့ပါးဖျတ်လတ်စွာ။ အပြန်မှာတော့ သူမ ခြေလှမ်းတွေမှာ နောင်တအငြိ အမှိုက်တွေနဲ့ လေးလံစွာ။





"ပြောပါဦး သမီး၊ ပိုပြီးတိတိကျကျ သိချင်လို့ပါ"

နေ့မခြားဘဲ ညနေပိုင်း သူမအလှည့်မရှိသည့်မို့ ဆိုင်ကို တမင်သွားပြီး ဆိုင်ပိုင်ရှင် ဦးကို ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

ဦးက ညင်သာ နူးညံ့စွာ ပြုံးသည်။ သူမအတွက် အမေပြီးရင် သူမအပေါ် အကောင်းဆုံး သူစိမ်းတစ်ယောက်ဖြစ်သည်။

"ဦးကလည်း ပြောချင်နေတာပါ သမီး၊ ဒါပေမဲ့ ဒေါ်ညိုလေးသိမ့်က မပြောပါနဲ့လို့ ကတိတောင်းထားလို့၊ ခုတော့ သမီးဘာသာသမီး သိလာခဲ့ပြီးသားမို့ ဦး ပြောပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးက သူ့စားပွဲရှိ အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်သည်။ ပြီးတော့ ဖိုင်အပြာရောင်တစ်ခုကို ဆွဲထုတ်ပြီး သူမရှေ့သို့ တွန်းပို့သည်။

"ဖတ်ကြည့်လိုက် သမီး"

သူမ ဖိုင်လေးကို တစ္ဆေတစ်ကောင်လို စိုးရွံ့တုန်လှုပ်စွာ ကြည့်နေမိသည်။

ဘုရား ... ဘုရား ... ဒီထဲမှာ သူမ နောင်တတွေ ထပ်သိုလှောင်ထားနေမည်လား။

မရဲတရဲနဲ့ ဖိုင်လေးကို ဖွင့်ကြည့်လိုက်သည်။

တိုက်ခန်းအရောင်းအဝယ်စာချုပ် ဆိုတဲ့ ခေါင်းစဉ်အောက်မှာ သူမတို့နေနေတဲ့ တိုက်ခန်းအရောင်းက ဦး၊ ဝယ်သူက ဒေါ်ညိုလေးသိမ့်တဲ့။

သူမ သိထားတာက ...

"ဒီတိုက်ခန်းက ဖေဖေ့ အဒေါ်တစ်ယောက်ရဲ့ အမွေထားပေးခဲ့တာဆို"

ဦးက ခေါင်းခါပြီး ဖြည်းဖြည်းလေးလေး ပြုံးသည်။





"မဟုတ်ဘူး သမီး၊ သမီးတို့ သားအဖ အိမ်ပေါ်ကဆင်းမယ်လို့ ကြားကြားချင်း ဒေါ်ညိုလေးသိမ့် ဦးဆီ ရောက်လာတယ်၊ သမီးဖေဖေရဲ့ အရင်းနှီးဆုံး သူငယ်ချင်းအဖြစ် ဦးဆီ သမီးဖေဖေ ရောက်လာမယ်ဆိုတာ သိလို့လေ"

သူမ ကောင်းကောင်းမှတ်မိပါသည်။

ဖေဖေက ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးပြီး တစ်ပတ်အတွင်း အိမ်ပေါ်ကဆင်းမည်ဟု ပြောခဲ့သည်။

ဖေဖေ့မှာ အိမ်ငှားဖို့ လုံလောက်တဲ့ပိုက်ဆံ ရှိမယ့် အိမ်ဝယ်ဖို့အထိ မရှိ။

"ဦးနဲ့တိုင်ပင်ပြီး ဦးဆီက အခန်းတစ်ခန်းကိုဝယ်တယ်၊ ပြီးတော့ ဆုံးသွားပြီဖြစ်တဲ့ သမီးဖေဖေအဒေါ်ရဲ့ အမွေအဖြစ် ရှေ့နေတစ်ယောက်ဆီက အကူအညီတောင်းပြီး ထပ်စာချုပ် ချုပ်တယ်"

ဒါကြောင့် နေစရာမရှိတဲ့ သူမတို့သားအဖနှစ်ယောက် သက်ထဲကို အဆင်သင့် အချိန်ကိုက် တိုက်ခန်းတစ်ခု ရောက်လာခဲ့တာပေါ့၊ ခင်းတို့။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ သမီးတို့ကိုပေးတဲ့ လစာနှစ်ဆကို ဒေါ်ညိုလေးသိမ့်က အပိုဆောင်းပြီး ပေးနိုင်ခဲ့တယ်၊ တစ်ဖက်လှည့်နဲ့ သမီးတို့ကို ထောက်ပံ့ပေးခဲ့တာပါ၊ ဒီကြားထဲ ဦးကူညီတယ်ဆိုတဲ့ ပံ့ပိုးမှုအားလုံးက ဒေါ်ညိုလေးသိမ့်ရဲ့ ပံ့ပိုးမှုတွေချည်းပဲ သမီး၊ ဒေါ်ညိုလေးသိမ့်ဟာ သမီးတို့သားအဖနဲ့ ပတ်သက်ပြီး အချိန်ပြည့် ဦးဆီမှာ စုံစမ်းဖြည့်ဆည်းပေးနေတာပါကွယ်"

သူမ သိထားတာတွေနဲ့ အားလုံး ဆန့်ကျင်ဘက်တွေ ဖြစ်နေသည်။

"ဒါဆို မေမေက ဖေဖေ ကွာရှင်းခွင့်တောင်းတာကို အဘဖြစ်လို့ အလွယ်တကူ လက်ခံခဲ့ရတာလဲ"

ဦးက နက်နဲလျှို့ဝှက်စွာ ပြုံးနေသည်။

"တစ်ခါတလေ အချစ်ဆိုတာက ဆန်းကြယ်တယ် သမီးရဲ့၊ သမီးဖေဖေနဲ့ မေမေဟာ သိပ်ချစ်ပြီး လက်ထပ်ခဲ့ကြတဲ့သူတွေ၊ ချစ်ပေမယ့် စရိုက်သဘာဝတွေ မတူကြဘူး၊ သမီးဖေဖေက လောကကို ရောင့်ရဲကျေနပ်ပြီး သမီးမေမေက လောကကြီးကို အနိုင်ယူချင်တယ်၊ ဒီတော့ လောဘကြီးတဲ့သူက ဝိုပင်ပန်းတော့တာပေါ့၊ သမီးမေမေက လေကားတွေပေါ် တစ်ထစ်ပြီးတစ်ထစ် တက်နေချိန်မှာ သမီးဖေဖေက ရပ်နေခဲ့တယ်လေ၊ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးကွာဟလာကြတာပေါ့။ ကွာဟလာတာနဲ့အမျှ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲတာတွေ၊ သွေးအေးလာတာတွေ ဖြစ်လာတယ်။ ဒီကြားထဲ သမီးဖေဖေမှာ ကင်ဆာဖြစ်လာတော့ သမီးဖေဖေက အေးအေးဆေးဆေးနဲ့ လောကကြီးကို ကျောခိုင်းချင်လာတယ်၊ သူ့နောက်ဆုံးချိန်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြတ်သန်းချင်လာတယ်၊ သမီးမေမေကတော့ သေခြင်းတရား ဆိုတာကို လွယ်လွယ်နဲ့ အလျှော့ပေးချင်တဲ့သူ မဟုတ်တော့ သမီးဖေဖေရဲ့ စိတ်ပျက်လက်ပျက် ပုံစံကို မလိုချင်ဘူးပေါ့။ ဒီတော့ သူတို့နှစ်ယောက် ဘယ်လိုဆုံးဖြတ်ကြမလဲ"

သူမ စာတ်ရှည်လည်လာသလို နှစ်ယောက်စလုံးကို ...ည်း သနားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သူတို့ ဘယ်လောက် စိတ်ပင်ပန်းခဲ့ကြမလဲ။

"နောက်ဆုံးတော့ သမီးမေမေရဲ့ဆန္ဒကိုပဲ သူ လိုက်လျော ရတော့တာပေါ့။ ဒါပေမဲ့ သူ့ဘက်က ဝတ္တရားမပျက်ခဲ့ ဘူးကွယ်၊ မာနတွေကြောင့် ဟန်ဆောင်တင်းထားခဲ့တာ တွေတော့ ရှိတာပေါ့"

အဲဒီမာနတွေကြောင့် သူမလည်း မှားခဲ့ရသည်။

"အခု သမီးမေမေ သမီးအတွက် စိတ်ပူပြီး စိတ်မကောင်း ဖြစ်နေရှာတယ် သမီး၊ အဖြစ်အမှန်တွေ သိပြီဆိုတော့ သမီး မေမေ့ဆီ ပြန်သွားလိုက်ပါကွယ်။ ပြီးခဲ့တဲ့ကိစ္စ ကို သမီးတို့ မေ့ထားလိုက်ကြပါတော့။ ဦးကိုယ်တိုင်လည်း ကာယကံရှင်တွေကိုယ်စား ရှင်မောလှပါပြီကွယ်"

သူမ မျက်ဝန်းတွေ စိုစွတ်လာသည်။

လှိုက်တက်လာတဲ့ ဝမ်းနည်းမှုတွေက တားဆီး

တစ်ဖွတ်ထိုး ဆုံးဖြတ်ခဲ့တဲ့ အမှားတွေက

တစ်ကိုယ်လုံး လောင်မြိုက်ပူကျွမ်းလျက်။



"သမီးမေမေလည်း ပင်ပန်းလွန်းလှပါပြီ။ သမီးမေမေရဲ့ အလုပ်တွေကို ကူညီဖို့ သမီးမေမေလို လောကကြီးကို အနိုင်ယူဖို့ သမီး ပြန်သွားပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းနေတဲ့အချိန်မှာ သတိရမိတဲ့သူသည် [illegible] အားအကိုးမိဆုံး၊ အချစ်ဆုံးနဲ့ အယုံကြည်ဆုံး လူတစ်ယော[illegible] အဖြစ် တိမ်လွှာကို သူမ သတိရလာသည်။

အခန်းထဲမှာ လှောင်ပိတ်မွန်းကျပ်သလို ခံစား[illegible] ရတာမို့ ဖုန်းနံပါတ်တွေကို ခပ်မြန်မြန် နှိပ်လိုက်မိသည်။

ဆက်သွယ်မှုဧရိယာပြင်ပ ရောက်နေတယ်ဆို[illegible] ဖုန်းဖြေသံကိုသာ ကြားရသဖြင့် စိတ်ပျက်အားလျော့စွာ ဖုန်း[illegible] ထားလိုက်ရသည်။

ဟိုတစ်နေ့က သူ့စိတ်ထဲရှိသမျှကို သူမအား [illegible] သွားပြီးကတည်းက မတွေ့ဖြစ်၊ သူမကိုယ်တိုင်လည်း ရှက်နေ[illegible] ၍ မဆက်သွယ်မိ။





နေ့တာရှည်လွန်းနေသလို အချိန်တွေကို ဖျင်းရိ[illegible]ပျော့စွာ ဖြတ်သန်းနေရသည်။

မေမေ့ဆီပြန်ပြီး မေမေ့ရင်ခွင်ထဲ နိုဝင်ငိုကြွေးချင်[illegible]ယ် သူမ စိတ်က အဆင်သင့် မဖြစ်သေး။

တွေဝေမှုတွေနဲ့ လုံးထွေးရစ်ပတ်နေစဉ် ...

မမျှော်လင့်ထားသူဆီက ဖုန်းဝင်လာသည်။

"မမနွယ် ကျွန်တော် ကောင်းကင်ပါ"

သူမ မေ့ထား၍ မေ့ပင်နေတဲ့ ချာတိတ်လေးဆီက [illegible]နေသည်။

"ဪ"

သူမ ကောင်းကင်နဲ့ ဖုန်းပြောချင်စိတ်မရှိ။

ခုချိန်မှာ သူမျှား ရင်ဖွင့်တာ နားမထောင်ချင်။

[illegible] ရင်ဖွင့်ငိုကြွေးလိုက်ချင်သည်။

"ကျွန်တော် မမနွယ်ကို နှုတ်ဆက်ချင်လို့ပါ"

ကောင်းကင် အသံက ဝမ်းနည်းတုန်ယင်စွာ။

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လေယာဉ်ကွင်းက ဆက်နေတာပါ မမနွယ် ကျွန်တော် စင်ကာပူမှာ ကျောင်းသွားတက်တော့မယ် နွယ်၊ မမနွယ်ပြောသလို မမနွယ်ရှေ့ကို ကျွန်တော် မလာတော့ပါဘူး၊ မမနွယ် ကျေနပ်နိုင်ပါစေလို့ ကျွန် ဆုတောင်းပေးပါတယ် မမနွယ်"

အင်း ... ဒီလိုဆိုတော့လည်း ကောင်းကင် ပြောင်ပြောင် ငြိမ်းချမ်းသွားမှာမို့ သူမ ဝမ်းသာပါသည်။

"မမနွယ်လည်း ကောင်းကင် အတွက် ဝမ်းသာပါ ကောင်းကင်ရဲ့ အချစ်ကို တန်ဖိုးထား မြတ်နိုး မိန်းကလေးနဲ့ ဆုံပါစေကွယ်"

သင့်လျော်မည် မလျော်မည်မသိ။ ရင်ထဲက သောဆန္ဒဖြင့် ဆုတောင်းပေးလိုက်မိသည်။

"မမနွယ်"

"အင်း ... ပြောလေ"

"မမနွယ်လည်း အချစ်ကို တန်ဖိုးထားတတ်

ကောင်းကင်ရဲ့ စကားကြောင့် သူမ ငြိမ်



"ကျေးဇူးပဲ ကောင်းကင်"

ကောင်းကင်ဆီက ဘာမှ ထပ်ပြောသံ မကြားရဘဲ သက်ပြင်းချသံတွေသာ ကြားနေရသည်။

ဖုန်းထဲက တခြားလူတွေအသံ ကြားနေရပြီ။

"ညီ ဝင်တော့လေ"

အသံတစ်သံကိုပါ ကြားလိုက်ရသည်။ ပြီးတော့ ဖုန်းကျသွားသည်။

သူမ တိမ်လွှာဆီ ဖုန်းထပ်ခေါ်လိုက်စဉ် ဖုန်းပိတ်ထားတယ်ဆိုတဲ့ အသံကို ကြားရပြန်သည်။

တိမ်လွှာရယ်၊ သူမနား အမြန်ရောက်လာပြီး နှစ်သိမ့်ပေးစမ်းပါ။

အမှားတွေ နောင်တတွေနဲ့ နစ်မြုပ်ကူးခတ်နေတဲ့ သူမကို ဆွဲတင်ကယ်မ နှစ်သိမ့်ပေးစမ်းပါ။

သူမဘက်က အရူးတစ်ယောက်လို မျှော်လင့်တမ်းတ တော့လည်း တိမ်လွှာသည် သူမရှေ့သို့ အရိပ်ကလေးတစ်ခုအဖြစ် ပေါ်မလာခဲ့ပေ။

www.burmeseclassic.com



ဖုန်းခေါ်၍လည်း မရသဖြင့် သူမစိတ်ပူရသည်။

သွေးရိုးသားရိုး ပျောက်ကွယ်မှုအဖြစ် သူမဘက်က စိုးထိတ်ခဲ့သော်လည်း ...။

❦ ✧ ❦





အစကတည်းက မငုံမရဲစိတ်ဖြင့် လာခဲ့ခြင်းဖြစ်၍ တကယ်တမ်း ရောက်သောအခါ လှည့်ပြန်ချင်စိတ် ပေါက်လာသည်။

ဒါပေမဲ့ စိုးရိမ်နေတဲ့စိတ်က အဖြေကို သိရမှဖြစ်မည်မို့ လှည့်မပြန်တော့ဘဲ ဆက်ဝင်လာခဲ့လိုက်သည်။

ဝသုန်မေက သူမကို တွေ့သည်နှင့် အံ့ဩသွားသလို ချက်မှာလည်း ပျက်သွားသည်။

သို့သော် နွေးထွေးလှိုက်လှဲမှုကတော့ လျော့မသွား။

"လာ ... နွယ်သာကျီ၊ ကိစ္စရှိလို့လား။"

ဆိုက်ထဲမှာဖြစ်၍ ထိုင်စရာသီးသန့် ရှိမနေ။ ခုံတစ်ခုခွဲပေးပြီး သူမကို ထိုင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေးသာ မေးလိုက်သော်လည်း ဝသုန်မေ့ ပုံစံက သိထားပြီးသား လူတစ်ယောက်လို မျက်နှာပျက်ချင်ချင်။

သူမရင်တွေ ပိုပြီးဗလောင်ဆူလာသည်။

တွန့်ဆုတ် တွေဝေနေတဲ့ သူမကိုကြည့်ပြီး ဝသုန်မေက သက်ပြင်းချလိုက်သည်။ ပြီးမှ ...

"လာ ... နှယ်သာကီ၊ ဆိုက်ထဲမှာ ဆူညံနေတော့ စကားပြောလို့ မကောင်းဘူး၊ တစ်နေရာမှာ သွားစကားပြောရအောင်"

သူမကို အပြင်သို့ ခေါ်ထုတ်သွားပေမယ့် လမ်းမှာ ဘာမှမပြော။

ဆိတ်ငြိမ်တဲ့ အအေးဆိုင်လေးတစ်ဆိုင် ရောက်တော့မှ ဝသုန်မေက သူမကို တည်ငြိမ်စွာကြည့်ပြီး ...

"တိမ်လွှာနဲ့ ပတ်သက်တာ သိချင်လို့လား"

သူမ ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်သည်။

သူနဲ့ ပတ်သက်ပြီး မာနနဲ့သိက္ခာမဲ့သွားသလို ခံစားလိုက်ရတာမို့ ရှက်ရွံ့မှုက တငွေ့ငွေ့။





"မနေ့ကပဲ တို့နဲ့ တိမ်လွှာ တွေ့တယ်"

သူမနဲ့ မတွေ့တာ ဆယ်ရက်ခန့် ရှိပြီဆိုတာ မပြောပြဖြစ်တော့။

"တိမ်လွှာအကြောင်း ဘယ်လောက်သိထားလဲ နှယ်သာကီ"

သူမမှာ သူနဲ့ပတ်သက်ပြီး ခေါင်းခါစရာတွေချည်းပဲ ရှိနေမည်ထင်။

"တိမ်လွှာ့အကြောင်း ဘာမှမသိထားရင် သူ့ကို မေ့လိုက်တော့ နှယ်သာကီ၊ တိမ်လွှာလို လူမျိုးကို နှယ်သာကီ မေ့လိုက်တာ အကောင်းဆုံးပဲ၊ တို့လည်း တိမ်လွှာ့ကို သူငယ်ချင်းအဖြစ်က မနေ့ကပဲ ဆွဲထုတ်လိုက်ပြီ"

ကြီးမားတဲ့ မှားယွင်းမှုတစ်ခု သူမတို့ကြား ရှိနေတာ သေချာနေသည်။

"ကျွန်မ အကြောင်းရင်းကို သိလို့ရမလား ဝသုန်မေ"

ဝသုန်မေက သူမကို သနားသည့်ပုံစံနဲ့ကြည့်ပြီး ...

"ဘာဖြစ်လို့ သိချင်မှာလဲ နှယ်သာကီရယ်၊ ဒီအတိုင်းနေလိုက်ပြီး မေ့လိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းမာစွာနဲ့ ခေါင်းခါလိုက်ပြီး ...

"ပြောပါ ဝသုန်မေ၊ ကောင်းကောင်းဆိုးဆိုး ကျွန်မအတွက် အမှန်ကိုတော့ သိခွင့်ပေးပါ"

ဝသုန်မေက သူမကိုမကြည့်ဘဲ အအေးဆိုင်နံရံရှိ နံရံကပ် မီးပြာလေးကိုကြည့်ပြီး ...

"တိမ်လွှာက နှယ်သာကီကို အသုံးချသွားတာ၊ ဒီကောင် သိပ်ယုတ်မာတယ်"

ဝသုန်မေ စကားတွေက သူမနားထဲ အူထွက်သွားသလို သူမ ပတ်ဝန်းကျင်က ခဏလေး မှောင်ကျသွားသည်။

"တိမ်လွှာမှာ ညီတစ်ယောက်ရှိတာ နှယ်သာကီ သိလား"

သူမ တစ်ခါမှ တိမ်လွှာဆီမှာ သူ့မိသားစုအကြောင်း မစပ်စုခဲ့သလို သူကလည်း တစ်ခါမှ မပြောပြဘူးခဲ့။

ခေါင်းထပ်ခါလိုက်ရပြန်သည်။

"သူ့ညီနာမည်က ကောင်းကင်တဲ့"

သူမ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ သူမ သိတဲ့ ကောင်းကင်လေလား။ မဟုတ်ပါစေနဲ့။



ဒါပေမဲ့ သူမ ဆုတောင်းမပြည့်ပါ။

"ကောင်းကင်ကို နှယ်သာကီနဲ့ ပတ်သက်မှာစိုးလို့ ကြားက သူဝင်ပြီး ဖျက်လိုက်တာပဲ နှယ်သာကီ၊ ကောင်းကင်က နှယ်သာကီအပေါ် သိပ်ချစ်ပြီး ကျောင်းတက်ဖို့ကိစ္စ နှောင့်နှေးနေတာရော၊ သူ့ညီကို နှယ်သာကီနဲ့ သဘောမတူနိုင်တာရော၊ အဲဒါတွေကြောင့် ကောင်းကင်ဆီက ကတိတစ်ခုတောင်းပြီး နှယ်သာကီနဲ့ ပတ်သက်ဖို့ ကြိုးစားခဲ့တာ"

နားကျင်ကြွေမွနေတဲ့ သူမ ရင်ခွင်တစ်ခုလုံး ဗလာကျင်းသွားသည်။

"ဘာကတိလဲ ဝသုန်မေ"

အတည်ငြိမ်ဆုံး ထိန်းထားပေမယ့် ရှုံးနိမ့်မှုကြောင့် မျက်ဝန်းတွေက စိုစွတ်စွတ်။

"နှယ်သာကီက သူ့ကိုရွေးရင် ကောင်းကင် ကျောင်းသွားတက်ရမယ်ပေါ့"

သူမ ဇာတ်ရည်လည်ရှုံပင်မက ဇာတ်ထဲမှာဝင်သတ်ပစ်ကူးလာခဲ့ရပြီးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အခု ကောင်းကင် ကျောင်းသွားတက်ပြီဆိုတော့ ကျွန်မ မလိုအပ်တော့ဘူးပေါ့"

ဝမ်းပန်းနည်းအသံ မဖြစ်အောင် ကြိုးစားထိန်းထား လိုက်သည်။

ဝသုန်မေက မဖြေ။ သူမကို အားပေးနှစ်သိမ့်သည့် အပြုံးကို နှမ်းလျစွာ ပြုံးပြီး ...

"တို့ တိမ်လွှာကို အဲဒီကိစ္စကြောင့် သူငယ်ချင်းအဖြစ်က ဖြုတ်ခဲလိုက်ပြီ။ ဘာဖြစ်လို့လဲဆိုတော တို့ နှယ်သာကီကို ရိုးရိုးသားသား ခင်ခဲ့လို့ပဲ။ ပြီးတော့ မိန်းမသားချင်း ကိုယ်ချင်းစာတယ်၊ တိမ်လွှာမှာ အရင်က ဒီလိုစိတ်မျိုး မရှိခဲ့ပါဘူး၊ သူ့ညီကို ချစ်လွန်းတဲ့စိတ်နဲ့ ဒီလိုဖြစ်သွား တာလို့ ပြောလို့ရပေမယ့် ခွင့်လွှတ်သင့်တဲ့ကိစ္စ မဟုတ် ဘူးလေ"

သူမကို ကံကြမ္မာက အပြစ်ပေးတာ မြန်ဆန်လွန်း လှသည်။

"ကျေးဇူးတင်ပါတယ် ဝသုန်မေ"





စိတ္တမကောင်းဖြစ်နေတဲ့ ဝသုန်မေကို သူမ ပြန်နှစ် သိမ့်ချင်ပေမယ့် သူမကိုယ်တိုင် အားမရှိ။

"တိမ်လွှာဆီမှာရှိတဲ့ အကြွေးကို ကျွန်မ ရအောင်ပြန်တောင်း မှာမို့လို့ ဝသုန်မေ စိတ်မကောင်း မဖြစ်ပါနဲ့တော့"

ဝသုန်မေက သူမကို ကြောင်သွားပြီဆိုတဲ့ အငွေ့ နဲ့ ကရုဏာသက်စွာ ကြည့်နေမလား မသိ။

သူမ ဝသုန်မေကို နှုတ်ဆက်ပြီး ထွက်လာစဉ် သူမ သည် နှယ်သာကီ မဟုတ်တော့။

အသွားတုန်းက ရင်ခုန်နေတဲ့ နှယ်သာကီ။

အပြန်မှာတော့ ရင်ဗလာနဲ့ နှယ်သာကီ။

သူမကိုပေးသော ဆုလာဘ်ကို သူမ ကောင်းကောင်း ဆိုးဆိုး လက်ခံလိုက်ပြီဖြစ်၍ သူမ ပြန်ပေးဆပ်ဖို့ အားမွေးရပေ ဦးမည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

လူတွေရဲ့အမြင်မှာပဲ ရှိနေစေချင်လို့ တိမ်လွှာနဲ့ ကောင်းကင်လို့ အမည်ပေးခဲ့တာဖြစ်ကြောင်း သူ့အမေက ပြောဖူးသည်။

မေမေ့ရဲ့ဆန္ဒ ပြင်းပြမှုရဲ့ သွန်သင်မှုကြောင့်လား။ သူတို့ရဲ့ဘဝမေး ကုသိုလ်ကံကြောင့်လားတော့ မသိ။ သူတို့ညီအစ်ကိုနှစ်ယောက်လုံး လူ့အောက်သို့ မရောက်ခဲ့။

ညီကနည်းနည်းဆိုးချင်ပေမယ့် ကြာကြာမဆိုးတတ်။

ညီထွက်သွားတာ နှစ်နှစ်ရှိပြီဖြစ်၍ ညီကို လွမ်းမိသည်။





ညီနဲ့ သူ့ကြားမှာ ဘာအဖုအထစ်မှ မရှိခဲ့ဘူးဆိုလျှင် ညီ သူ့ကို ဒီလောက် သူစိမ်းဆန်တော့မည် မဟုတ်။

ဒါကလည်း ညီ ကောင်းဖို့အတွက်ဆိုတဲ့ စေတနာနဲ့ သူ ဖြေသိမ့်နိုင်ပါသည်။

မဖြေသိမ့်နိုင်တာက သူ့ကိုယ်သူပင်။

သူ့ကိုယ်သူ အထင်ကြီးခဲ့ပြီး မေ့နိုင်မည်ဟု ထင်ခဲ့သည့်အရာက မမေ့နိုင် ဖြစ်နေသည်။

မေ့ပစ်ရမယ်ဆိုတဲ့ အသိနဲ့ ဖွတ်မှေ့ထားပေမယ့် မမေ့နိုင်တာ သူ့ဘာသာသူ သိနေသည်။

ကြားထဲမှာ ညီဆို နှစ်ခေါက်သွားလည်ပေမယ့် ညီဆီက အရင်ကလိုဟက်ဟက်ပက်ပက် နွေးထွေးမှုတွေကို မရတော့။

မမေ့နိုင်သေးတဲ့ညီကို ကြည့်ပြီး သူ လွန်ခဲ့လေသလားလို့ပင် နောင်တရချင်မိသည်။

"ဆရာ ... Green Hill က ဖုန်းလာနေတယ် ဆရာ"

သူ့အတွင်းရေးမှူးကပြော၍ အတွေးထဲက ပြန်ရုန်းထွက်ပြီး ဖုန်းကိုင်လိုက်သည်။

"ဟဲလို ... ပြောနေပါတယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … လူကြီးမင်းအခန်းကို ဒီနေ့ အပြီးသတ် အပ်မယ်ဆိုတဲ့အကြောင်း အသိပေးတာပါ ခင်ဗျာ၊ ညနေငါးနာရီတိတိမှာ အခန်းအပ်ပါ့မယ်"

Green Hill Decoration ကုမ္ပဏီမှာ သူ့အခန်းအတွက် Decoration ပြင်ရန် အပ်ထားခြင်းဖြစ်၍ ကုမ္ပဏီက အကြောင်းကြားလာခြင်း ဖြစ်သည်။

စရန်ငွေသာ ပေးထား၍ ဒီညနေမှာ ငွေအကြေချေရမည်ဖြစ်သည်။

"ကုန်ကျငွေက ကုမ္ပဏီမှာ ချေရမှာလား၊ ကျွန်တော့်အခန်းမှာပဲ ချေရမှာလား"

သေချာအောင် မေးလိုက်စဉ် …

"ကုမ္ပဏီမှာပဲ ချေရမှာပါ ခင်ဗျာ၊ လူကြီးမင်းရဲ့အခန်းကို ကြည့်ပြီး လိုအပ်တာ၊ မကျေနပ်တာ ရှိရင်လည်း ကုမ္ပဏီမှာပြောပြီး ပြင်ခိုင်းနိုင်ပါတယ် ခင်ဗျာ"

ဝန်ဆောင်မှု ကောင်းလွန်း၍ တစ်ရှိန်ထိုး နာမည်ကြီးလာသည့်ကုမ္ပဏီ ဖြစ်နေသည်မှာ ဒီအချက်တွေကြောင့်ပင် ဖြစ်ပေလိမ့်မည်။





"ဒါဆို ညနေ ကျွန်တော်လာခဲ့ပါ့မယ်၊ အခန်းကြည့်ပြီးမှ ငွေလိုက်ချေပါမယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဒီအခန်းလေးကို ဝသုန်မေ့ဆီက ဝယ်ထားခြင်းဖြစ်၍ ဝသုန်မေ့ကို သတိရလာသည်။

ဒါပေမဲ့ သူ ဖုန်းဆက်တိုင်း မကိုင်၍ နောက်ပိုင်းအဆက်အသွယ် မရှိတော့။

ဝသုန်မေ အပါအဝင် တစ်လောကလုံးက သူ့ကို ချစ်တယ်ပဲ ပြောကြပေလိမ့်မည်။

အဲဒီတစ်လောကလုံးမှာ ညီ့မပါရင် သူ ကျေနပ်ပါသည်။

ဒါပေမဲ့ … …။



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းထည်တုန်းက ခဏ ခဏ ဝင်ကြည့်ဖြစ်သော်လည်း တကယ် အချောပြင်တဲ့အခါ သူ မဝင်ကြည့်ဖြစ်တော့။

အခန်းတစ်ခန်းရဲ့ ပြောင်းလဲမှုကို လုံးဝအံ့သြစွာ ခံစားချင်၍ လာမကြည့်ဖြစ်တော့တာလည်း ပါသည်။

သူနဲ့ တစ်လနီးပါးလောက် ကင်းကွာသွားတဲ့ အခန်းလေးက သူ့ကို ပြောင်းလဲ ဆန်းကြယ်မှုတွေနဲ့ ကြိုဆိုနေတော့သည်။

အခန်းဝရောက်သည်နှင့် သူ့အခန်းတံခါးကို ကျွန်းကနုတ်တံခါးအဖြစ် ပြောင်းတပ်ထားတာ မြင်ရသည်။

ကနုတ်များကို ပန်းခက်ပန်းနွယ်လေးများအဖြစ်သာ မန်ထင်ထားသော်လည်း သေသေချာချာကြည့်မှ ရောမလေး



ရာဆန်ဆန် အမျိုးသမီးတစ်ဦး၏ ဘင်ဂျိုပိုက်ထားဟန်ရုပ်ပုကို သံလွင်ခက်များနဲ့ ဇာဝိုက်ပုံဖော်ထားတဲ့ လက်ရာဖြစ်နေတာ တွေ့ရသည်။

အတွေးဆန်းဆန်းဖြင့် ပုံဖော်ထားသည့်အတွက် သူ ကျေနပ်စွာ ပြုံးလိုက်မိပြီး အခန်းထဲ ဝင်လိုက်စဉ် ...

အစိမ်းဖန့်ဖန့် ကျောက်ပြားလေးများ ခင်းထားသည့်ခန်းတစ်ခုလုံး ကြည်လင်ရှင်းသန့်စွာ နေရာယူထားတာ တွေ့ရသည်။

အစိမ်းနုနု ကျောက်ပြားပေါ်မှာ အစိမ်းပုပ်ပုပ် ဆက်တီများက ခန့်တည်ငြိမ်ဝပ်စွာ။

"ဟာ ... ဆရာ၊ ရောက်လာပြီလား၊ အခုပဲ ကျွန်တော် ဆရာ့ဆီ ဖုန်းခေါ်နေတာ"

တာဝန်ခံဖြစ်ဟန်တူသော လူငယ်တစ်ယောက်က သူ့နားလာပြီး ယို့ယို့ကျိုးကျိုး ပြောသည်။

"ဟုတ်လား၊ ကိစ္စရှိလို့လား"

"အထွေအထူးတော့ မဟုတ်ပါဘူး၊ ဒီအခန်းကို ရောင်းချင်ရင် ဝယ်မယ့်သူ ရှိတယ်လို့ ပြောချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုယ်တော်ဇာ တစ်အိမ်လုံးပြည့်အောင် မကြည့်ရသေးဘူး၊ ဒီစကားပြောတော့ ကိုယ်လှည့်ပြန်ရမလိုတောင်ဖြစ်နေပြီ"

"ဟာ ... ဒီသဘော မဟုတ်ပါဘူး ဆရာ၊ ကျွန်တော့် MD က ဒီအခန်းအတွက် Decoration Desing ဆွဲရတာ အရမ်းဖီလင်လာလို့တဲ့၊ ပြင်ပြီးတော့လည်း သူ စိတ်တိုင်းကျလွန်းလို့ ရောင်းချင်ရင် ဝယ်ပါမယ်လို့ ပြောခိုင်းလို့ပါ"

စိတ်ကူးယဉ်ဆန်ဆန် ပြင်ထားတဲ့ အိမ်ခန်းလေးကိုကြည့်ပြီး စိတ်ကြည်နူးမိတာကတော့ အမှန်။ မပြင်ခင်က ဒီနိုင်းလာပြသော်လည်း ကုမ္ပဏီနာမည် ရှိတာကိုယုံ၍ သေသေချာချာမကြည့်ခဲ့။

"ဒီနိုင်းက MD ကိုယ်တိုင် ဆွဲတာလား"

"ဟုတ်တယ် ဆရာ၊ သူက စိတ်ကြိုက်လုပ်ခွင့်ရှိရင် ပိုပြီးစိတ်ပါပြီး ကောင်းတတ်တယ်၊ ဆရာက ဘာမှဝင်မစွက်ဖက်တော့ ပိုပြီး စိတ်ကြိုက်ဖန်တီးလို့ ကောင်းသွားတာပေါ့"





သူ ယုံကြည်ရကျိုးနပ်စွာ အခန်းလေးက သစ်ရှပ်ခန့်ထည်စွာ။

နံရံကပ်မီးသီးလေးတွေကအစ သူ မမြင်ဘူးတဲ့ဒီနိုင်းလေးတွေနဲ့ အလှဆင်ထားသည်။

"အချို့ပစ္စည်းတွေဆိုရင် MD က စိတ်ကြိုက်ဒီနိုင်းဆွဲပြီး ကုမ္ပဏီကို သီးသန့်လှမ်းမှာတာ၊ မီးလုံး၊ မီးချောင်းအစ ဂရုစိုက်တယ် ဆရာရဲ့"

ဒီလိုစိတ်ဓာတ်ရှိ၍ သူမှုးထက်ပိုပြီး အောင်မြင်ရခြင်း ဖြစ်ပေလိမ့်မည်။

"မင်းတို့ MD ကိုတော့ ကျေးဇူးလည်းတင် စိတ်လည်းဝင်စားတယ်ကွာ၊ ဘယ်လိုလဲ၊ ဒီကပြီးရင် ငွေက သူ့ဆီသွားချေရမှာ မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ၊ ညနေ ငါးနာရီခွဲ ချိန်းထားပါတယ်၊ ဆရာ အခန်းကို သေသေချာချာ ကြည့်ပါဦး၊ မကြိုက်တာရှိရင် တစ်ခါတည်း ပြောလို့ရအောင်"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



အရင်က ဘိလပ်မြေနံ့နဲ့ အိမ်သုတ်ဆေးနံ့ လွှမ်းနေတဲ့ အခန်းလေးက အခု သစ်သီးနံ့သင်းသင်းလေးသာ ရနေသည်။

နံရံကပ် ဝေါပေပါတွေကို ရုတ်တရက်ကြည့်လိုက်လျှင် အဝါဖျော့ဖျော့ဖြောင်ဟု ထင်ရသော်လည်း အနီးကပ်ကြည့်သောအခါ ဂီတသင်္ကေတလေးတွေကို ခပ်ပါးပါး အရိပ်ဖော်ထားကြောင်း တွေ့ရသည်။

"မင်းတို့ MD က ဂီတသမားလားကွ"

ခပ်ရွှတ်ရွှတ် လှမ်းမေးလိုက်စဉ် ...

"ဟုတ်တယ် ဆရာ၊ MD ဂစ်တာတီးရင် သိပ်နားထောင်လို့ ကောင်းတယ်လို့ သူ့အတွင်းရေးမှူးက ပြောဖူးတယ်။ ကျွန်တော်တို့တော့ နားမထောင်ဖူးဘူး"

"ဟား ဟား ... ကြည့်ရတာ မင်းတို့ MD က စိတ်ကူးယဉ် အလွမ်းသမား ထင်တယ်"

စိတ်လက်ပေါ့ပါးစွာ နောက်လိုက်ပြီး အခန်းအနှံ့ လျှောက်ကြည့်နေမိသည်။





တစ်ခန်းလုံး နံ့သွားသည့်ထိုင် သူ စိတ်တိုင်းမကျသည့်အကွက် မတွေ့ရ။

စေ့စပ်သေချာ စေတနာပါသည့် လုပ်ဆောင်မှုအတွက် လိုက်လိုက်လဲလဲ ကျေးဇူးတင်သွားသည်။

"ကဲ ... အခန်းကတော့ ပြောစရာမရှိအောင် ကြိုက်တယ်ကွာ၊ မင်းတို့ MD ငွေပုံပေးရင်တောင် မရောင်းချင်တော့ဘူး၊ ငါတို့သွားရအောင်"

တာဝန်ခံကောင်လေးကို ခေါ်ပြီး ကုမ္ပဏီရုံးခန်းရှိရာသို့ ထွက်လာခဲ့လိုက်ကြသည်။

"ဒါနဲ့ မင်းတို့ MD က လူလွတ်လား"

ကားမောင်းရင်းနဲ့ မေးလိုက်စဉ် ကောင်လေးက ရယ်ပြီး ...

"ဟုတ်ကဲ့၊ လူလွတ်ပါ ဆရာ"

အောင်မြင်နေတဲ့လူတွေ ဘာဖြစ်လို့ အိမ်ထောင်ပြုဖို့ နောက်ကျနေကြပါလိမ့်။

သူလိုပဲ ရတာမလို လိုတာမရလို့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့နားထဲမှာ သီချင်းသံတိုးတိုး ကြားလာသလိုပင်။ ဂစ်တာကြိုးတစ်ချောင်းချင်းစီကို ခပ်သာသာတီးခတ်တဲ့ အသံလေး။

အခန်းထဲက ဂီတသင်္ကေတတွေက သူ့နောက် လိုက်လာ၍ထင်။

❦ ✧ ❦





ညနေစောင်းနေပြီ ဖြစ်သော်လည်း ကုမ္ပဏီရုံးခန်းမှာ ဝန်ထမ်းတွေက သွက်ဖျတ်စွာ အလုပ်လုပ်နေကြဆဲ။

"ဟာ ... မင်းတို့အလုပ်က ဒီအချိန်ထိ မဆင်းသေးဘူးလား"

ကောင်လေးက သူ့ကို ပြုံးကြည့်ပြီး ...

"အလုပ်ချိန်က မနက် ဆယ်နာရီကနေ ညနေခြောက်နာရီအထိ ဆရာရဲ့၊ ဖယ်ရီ စီစဉ်ပေးထားပြီး လစာလည်း ပိုပေးထားတော့ အလုပ်ချိန်များပေမယ့် ကျေနပ်ကြတယ် ဆရာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကုမ္ပဏီမှာ ညနေလေးနာရီလောက်ကတည်းက မိတ်ကပ်ရိုက် နှုတ်ခမ်းနီ ဆိုးနေကြတဲ့ စာရေးမတွေကို ဒီမှာလာခေါ်ပြရမလို ဖြစ်နေသည်။

"MD ရှိလား"

ရုံးခန်းတစ်ခုရှေ့အရောက် ကောင်လေးက အခန်းဝမှာ တွေ့ရတဲ့ စာရေးမလေးတစ်ယောက်ကို လှမ်းမေးတာတွေ့ရသည်။

"ရှိတယ်၊ လာရင် ဝင်လာခဲ့ဖို့ မှာထားတယ်"

"ဆရာ ဒါဆို ဝင်သွားလိုက်ပါ၊ ကျွန်တော် သိမ်းစရာရှိတာလေးတွေ သိမ်းချင်လို့ပါ"

"အေး ... အေး"

ကောင်လေးက အခန်းဝမှာ သူ့ကိုထားပြီး ထွက်သွားသည်။

အခန်းတံခါးကို နှစ်ချက်လောက်ခေါက်၍ အသိပေးပြီး အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်စဉ် ...





အခန်းထဲက လုံနေတဲ့ လေအေးက စိမ့်ခနဲ သူ့ကို ကြိုဆိုသည်။

တစ်ခုခုကို ငုံ့ဖတ်နေဟန်တူတဲ့ အမျိုးသမီးတစ်ယောက်သာ တွေ့ရ၍ MD ဆိုတာ အမျိုးသမီးဖြစ်နေမှန်း သိလိုက်သည်။

ခေါင်းငုံ့နေတဲ့ အမျိုးသမီးက သူ့ကို ခေါင်းမော့ကြည့်လိုက်စဉ် ...

"ဟင်"

ရပ်နေတဲ့ သူ့ခြေထောက်တွေ အေးစက်တောင့်တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ကိုတိမ်လွှာ"

သူ့အမြင် မမှားပါ။

သူ့နာမည်ကိုပါ ခေါ်လိုက်နိုင်သည့်အတွက် သူမ မှ သူမအစစ်။

လောကကြီးက ကျဉ်းတယ်ဆိုတာ လက်ခံပေမယ့် ဒီလောက်တိုက်ဆိုင်လိမ့်မယ်လို့တော့ မထင်။

"နှယ်သာကီ"

သူ့နှုတ်က အသံထွက်တာလား မသေချာ။

ရင်ထဲမှာတော့ အကြိမ်ကြိမ် ခေါ်နေမိသည်။

"ဟောဒီမှာ လိုအပ်လို့ တပ်ဆင်ရတဲ့ ပစ္စည်းစာရင်း ဒါက ဝန်ဆောင်စရိတ်"





ဘောက်ချာစာရွက်နှစ်ခုကို သူ့ရှေ့သို့ ချပေးရင်း ပြောသည်။

ဘောက်ချာစာရွက်နှစ်ခုကို သူ မကြည့်ဖြစ်ဘဲ သူမကို အံ့သြစွာ ကြည့်နေမိသည်။

အရင်ကလို တည်ငြိမ်နူးညံ့စွာ လှနေဆဲဖြစ်ပေမယ့် ပျော့ပျောင်းနွေးထွေးမှုတော့ ပျောက်ဆုံးနေသည်။

"နေကောင်းရဲ့လား နှယ်သာကီ"

ပဋိသန္ထာရ စကားအဖြစ် မေးလိုက်ရပေမယ့် အဓိပ္ပာယ်မရှိမှန်းတော့ သိနေသည်။

"ကောင်းပါတယ်၊ ကျွန်မ ကျန်းကျန်းမာမာနဲ့ Green Hill ကို ဦးဆောင်နေပါတယ် ကိုတိမ်လွှာ"

သူမက တည်ငြိမ်စွာနဲ့ ပြန်ဖြေသည်။

သူကတော့ စိတ်လှုပ်ရှားလွန်း၍ ဘာတွေပြောရမှန်းပင် မသိ။

"နှယ်သာကီနဲ့ ပြန်တွေ့ရတာ ကျွန်တော် ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးသည်။

အဲဒီလို မပြုံးစမ်းနဲ့ နွယ်သာကီ။

အရင်က သူ ပြုံးခဲ့တဲ့ အပြုံးတွေကို သူမဆီမှာ ဖောဖောသီသီ တွေ့နေရသည်။

"ကျွန်မတို့ အလုပ်ကိစ္စ ဆက်ပြောရအောင် ကိုတိမ်လွှာ"

သူမက အားနာမှု အလျှင်းမရှိ။

ပြတ်သားစွာ စကားလမ်းကြောင်း ပြောင်းသည်။

"ကိုတိမ်လွှာ့ အခန်းကို ကျွန်မ ဝယ်ချင်တယ်"

"ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ၊ ဆိုတာတော့ မေးလို့ရပါတယ်နော်"

သူမက ထိုင်ရာကနေထပြီး အခန်းထောင့်ရှိ ရေခဲသေတ္တာကို သွားဖွင့်သည်။

ရေခဲသေတ္တာထဲက အအေးဘူးနှစ်ဘူးကို ယူလာပြီး သူ့ကို တစ်ဘူးကမ်းပေးသည်။

"ကျွန်မ ကြိုက်လို့ပါ"

သူမ အဖြေက ရိုးစင်းစွာ။





အင်းလေ … ဒီအဖြေထက်ပိုပြီး သူက ဘာလိုချင်လို့ပါလိမ့်။

သူ့ကိုယ်သူ ရယ်ချင်သွားသည်။

"ဘာဖြစ်လို့ ကြိုက်တာလဲ"

သူ့ကိုယ်သူ ထပ်အရှက်ရအောင် မေးမိလိုက်ပြန်သည်။

"ကိုတိမ်လွှာရဲ့ အခန်းမို့လို့ ကြိုက်တာပါလို့ ကြားချင်တာလား"

သူမ အရင်ကထက် ပိုပြီးပွင့်လင်းလာသည်။

သူ မဖြေဘဲ သူမကိုသာ ကြည့်နေမိသည်။

"ကျွန်မ ဒီအခန်းအတွက် ဒီဇိုင်းဆွဲစဉ်ကရော၊ လိုအပ်တဲ့ ပစ္စည်းတွေ ဈေးစဉ်ကရော၊ ပြင်နေတဲ့အချိန်မှာရော ကျွန်မ အာရုံဝင်စားဆုံးအရာ ဖြစ်နေတယ်၊ သူများ သားသမီးကို တစ်လလောက် သုတ်သင်ကျွေးမွေးခွင့်ရတဲ့အတွက် အဲဒီ ကလေးကို သံယောဇဉ်ဖြစ်သွားတဲ့ ခံစားချက်မျိုးလို့ ပြောရမလားပဲ၊ ဒါကြောင့် ဒီအခန်းကို ကျွန်မ ဝယ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မရောင်းဘူး ဆိုရင်ရော"

သူမက မထီတရီ ပြုံးပြန်သည်။

"သဘောပါ၊ ကျွန်မ အတင်း တိုက်တွန်းခွင့် မရှိပါဘူး"

သူမ ပုံစံက သေလုအောင် လိုချင်တာတောင်မှာ ချမည့်ပုံမပေါ်။

"ကျွန်တော် ငွေသား ရှင်းရမလား၊ ချက် ရေးပေးရမလား"

"ငွေသားပဲ ပေးပါ"

သူ ကားထဲက ငွေထုပ်ကို ကားသော့ပေးပြီး သွားသယ်နိုင်းလိုက်သည်။

ငွေကြေးကိစ္စအားလုံးအပြီး သူ စိတ်ထဲသိချင်လာသည့် ကိစ္စတစ်ခုကို အားနာစွာနဲ့ပင် ထုတ်မေးလိုက်သည်။

"ကျွန်တော့်ကို တစ်ခုခု မမေးချင် မပြောချင်ဘူးလား နွယ်သာကီ"

နွယ်သာကီက ပုံထားတဲ့ ပိုက်ဆံတွေကိုကြည့်ပြီး





"ကျွန်မ ငွေအကြောင်းပဲ သိချင်တယ်၊ ငွေက သူ့ကို တန်ဖိုးထားရင် သူကလည်း ကိုယ့်ကို ပြန်တန်ဖိုးထားတယ်၊ လူနဲ့မတူဘူးလေ၊ ကျွန်မ လူတွေအကြောင်း မသိချင်ဘူး"

သူ့မှာ ဆက်ပြောစရာ စကားမရှိတော့။

သူမကို ရှာစဉ်က မတွေ့ရဘဲ မရှာတော့ဘူးလို့ ဆုံးဖြတ်ပြီးချိန်ကျမှ လာတွေ့ရခြင်းအတွက် သူ ကံတရားနဲ့ ရန်ဖြစ်လို့မရ။

သူ့ကို ကံကြမ္မာက အပြစ်ပေးလိုက်ခြင်းသာ ဖြစ်သလိမ့်မည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ရပ်အတွက် မှန်တယ်လို့ ထောက်ခံသူဆို[illegible] မှန်ရှေ့မှာ ရပ်ပြမှသာ တွေ့ရမည်ဖြစ်သည်။

မိန်းမတစ်ယောက်အတွက် အချိန်ကုန်ခံပြီး အချိ[illegible] ဖြုန်းနေတဲ့ ညီကိုကြည့်ပြီး သူ စိတ်မချမ်းသာ။

ပြီးတော့ ညီရဲ့ အပြစ်ကင်းစင်မှုအပေါ် အသုံးချ[illegible] ရမည်ကိုလည်း သူ စိုးရိမ်လှသည်။

ညီနောက်ကလိုက်ပြီး တိတ်တဆိတ် စုံစမ်း[illegible] အရ ညီချစ်နေတဲ့ မိန်းကလေးက စားသောက်ဆိုင်မှာ ဖျော်[illegible] နေသူ ဖြစ်နေသည်။

ညီကို တိတိကျကျ အဖြေမပေးဘဲ တွဲနေတယ်[illegible] သော သတင်းကြားချက်နဲ့ပင် သူ့ရင်ထဲ တနုံ့နုံ့။





ညီ့ကို ဘယ်လိုဖျောင်းဖျ ဖျောင်းဖျ ...

ညီက လက်မခံ။

သူ့ရဲ့မမနွယ်သည် တခြားမိန်းကလေးတွေနဲ့ မတူတဲ့ မိန်းကလေးပါတဲ့။

ညီရဲ့ ရူးသွပ်မှုကို သူ သက်သေပြနိုင်မှပဲ ညီ့ကို ဒီနွံထဲက ဆွဲထုတ်လို့ ရမည်ဟု သိလိုက်သည်။ ဗီလိန်ဖြစ်သွားရသည်။

"ညီ မမနွယ်ကို ကိုကို ချဉ်းကပ်ပြမယ်၊ သူသာ ညီ့အပေါ် မျက်နှာမများဘူးဆိုရင် ကိုကို့ကို ငြင်းမှာပဲ၊ အဲ ... ကိုကို့ဘက် ပါလာပြီဆိုရင်တော့ ညီ့မမနွယ် မရိုးဘူးပဲ"

ညီက တစ်လောကလုံးရှိ မိန်းမများထဲတွင် အရိုးသားဆုံး အဖြူစင်ဆုံးပါဟု ယုံကြည်ပြီး သူ့ကမ်းလှမ်းချက်ကို သဘောကျခဲ့သည်။

"ကိုကို့ဘက်ကို သူ ပါရင် ညီ လက်လျှော့ပြီး ကျောင်းသွားတက်ဖို့ကိစ္စကို လုပ်ရမယ်၊ ကိုကိုကတော့ သူ့ကို အတည်လက်ခံမှာ မဟုတ်ဘူးနော်၊ အဲ ... ဒါမှမဟုတ် သူ



www.burmeseclassic.com

www.burmeseclassic.com



က ညီမှညီ ဆိုရင်တော့ ကိုကို သူ့အပေါ် မြင်တဲ့အမြင်ပြောင်းလဲပေးရမှာပေါ့”

မိန်းမတွေကို အထင်မကြီးတတ်တဲ့ ဓာတ်ခံရှိနေသူမို့ သူမကို စချဉ်းကပ်စဉ်က ဘယ်လိုမှ မနေခဲ့။

သူ့ကို တစ်ချက်,တစ်ချက် လှမ်းကြည့်တတ်တဲ့ မျက်လုံးရွဲကြီးတွေကိုတော့ သူ နှစ်သက်လှသည်။

သူမကပဲ ရိုးစင်းလွန်းတာလား ...

သူကပဲ ပရိယာယ်ကြွယ်လွန်းတာလား ...

သူမသည် သူ့ဘက်ကို အလွယ်တကူပါလာခဲ့သည်။

ညီရှေ့ရေးအတွက် သူမကို ချဉ်းကပ်ခြင်းဖြစ်သော်လည်း တကယ်တမ်း ညီ ခံစားရတာကို မြင်ရပြန်တော့ သူ စိတ်မကောင်း။

ထူးခြားတာက သူမကိုပြောလိုက်မိတဲ့ စကားလုံးတိုင်းသည် တမင်တကာ အကွက်ဆင်ထားတဲ့ စကားလုံးများမဟုတ်ဘဲ သူ့နှုတ်က အလိုလိုပြောမိတတ်သော စကားများဖြစ်နေသည်။





ပြန်ဆန်းစစ်မိတော့ ဒီစကားလုံးများသည်လည်း သူ့ရင်ထဲက အလိုအလျောက်ပေါ်ပေါက်လာခြင်း ဖြစ်တာကို အံ့ဩစွာတွေ့လာရသည်။

မသိမသာ တိုးရစ်လာတဲ့ နှောင်ဖွဲ့မှုကြားက အလွတ်ရုန်းထွက်ရမယ်ဆိုတာသိရက်နဲ့ ကိုယ်တိုင် ချည်မိခဲ့သည်။

ရင်ဖွင့်စရာအဖြစ် ဝသုန်မေကို ဖန်ခံမိစဉ် ဝသုန်မေသ သူ့ကို ခါးခါးသီးသီးအပြစ်တင်ပြီး သူငယ်ချင်းအဖြစ်ကပင် စွန့်လွှတ်ခဲ့သည်။

အတွေးထဲ လွင့်မြောနေရာက ကက်ဆက်ခလုတ်ကို ဖွင့်လိုက်စဉ် နိုးပြီး အသံသွင်းနိုင်းထားတဲ့ သီချင်းသံလေးက နွေးရှရှလေး ထွက်လာသည်။

သူ့အနားမှာ သူမ အရိပ်အငွေ့အဖြစ် အနီးစပ်ဆုံးရှိနေပေးတဲ့ ဒီအခွေလေးသာ သူ့ကို နားလည်ပေးနိုင်ပေလိမ့်မည်။

ကြေကွဲလွမ်းဆွတ်မှုတွေနဲ့ မျှော်လင့်ချက်မဲ့ တမ်းတနေတဲ့သူ့အတွက် လောကကြီးဆီက သူ ဘာမှ မတောင်းဆိုလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ မသိခဲ့တာတွေကို တစ်ခုပြီးတစ်ခုပြီး သိလာရချိန်တွင် ပထမတစ်ခါတုန်းကလို အံ့ဩမှုမဖြစ်တော့ ...

သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာဧည့်ခံပွဲတစ်ခုမှာ သူ ထိုင်မိသည့်နေရာကို ဝသုန်မေက လာဝင်ထိုင်သည်။

ဝင်ထိုင်စဉ်က သူ ထိုင်နေမှန်း သိဟန်မတူ။

ထိုင်ပြီးတော့မှ သူ့ကို မြင်သွားသည်။

ထ,ထွက်သွားမလားဟု ထင်မိသော်လည်း ဝသုန်မေက ပြန်မထတော့ပေ။

အပေါ်စီးဆန်ဆန် ပြုံးတာမြင်ရ၍ သူပါ လိုက်ပြုံးလိုက်မိသည်။





နှယ်သာကီနဲ့ တွေ့ဖြစ်တာကို ပြောရင်ကောင်းမလားလို့ တွေးနေစဉ်မှာပင် ...

"အန်တီတို့ နေကောင်းရဲ့လား"

သူ့မိဘတွေကို ရည်ရွယ်၍ မေးတာကြားလိုက်ရသည်။

"ကောင်းပါတယ် နင်တို့ရော"

ဝသုန်မေက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြပြီး...

"အားလုံးကောင်းတယ်၊ ထင်ထားတာထက် ပိုကောင်းနေကြတယ်"

ဝသုန်မေ့စကားက အနက်များစွာတွေ့ရှိနေသလိုပင်။

"ခဏကြာရင် ဒီကို နှယ်သာကီ ရောက်လာလိမ့်မယ်၊ သူ့ကိုလည်း ဖိတ်ထားတယ်"

ဝသုန်မေက သူ့ကို လှောင်ပြောင်ပြီး ပြောနေသလိုပင်။

"ဟုတ်လား မိတ်ဆွေဟောင်းတွေ ပြန်ဆုံကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကလည်း ဘာမှ မထူးခြားသလို ခပ်အေးအေးပြန်ဖြေလိုက်သည်။

"နင် မတွေ့ရဲရင် ဝိုင်းပြောင်းချင်ပြောင်းလေ"

သေချာသည်။ ဝသုန်မေက သူ့ကို အထိနာစေချင်နေပုံရသည်။

"ငါနဲ့သူ တွေ့ပြီးသွားပြီ၊ Green Hill MD တစ်ယောက်အဖြစ်နဲ့ပေါ့"

"ဪ ..."

သူနဲ့ဆုံဖြတ်တာကို ဝသုန်မေ သိထားသေးဟန်မတူ။

"ဟုတ်တယ် Green Hill နဲ့ ငါ့ အလုပ်က ဆက်စပ်နေတယ်လေ၊ ငါ့ဆီက အခန်းဝယ်သူတွေကို ငါက နှယ်သာကီနဲ့ ဆက်သွယ်ပေးတယ်"

သူ မသိတာတွေကို သိလိုက်ရပေမယ့် သိပ်မအံ့ဩမိတော့။

"ဟာ ... ဟိုမှာ လာနေပြီ"





ဝသုန်မေရဲ့ အကြည့်ရွေ့လျားရာကို သူ လိုက်ကြည့်လိုက်စဉ် အစိမ်းရင့်ရင့် ပိုးပျော့ကို ပွဲတက်ဝတ်စုံအဖြစ် ရှင်းရှင်းလေးဝတ်ထားပြီး အစိမ်းဖျော့ ပဝါပါးကို လက်မှာ ချိတ်ရုံလေး လွှမ်းခြုံထားသည်။

ဆံထုံးမြင့်မြင့်ကြောင့် သူမ အရပ်ပိုမြီးရှည်သွယ်လာသလိုပင်။

ဝသုန်မေက လက်ပြလိုက်သဖြင့် သူတို့ဝိုင်းရှိရာကို တည့်တည့်မတ်မတ် လျှောက်လာသည်။

အရင်က ဂျင်းပင်န်နဲ့ T.Shirtတွေကိုသာ ဝတ်လေ့ရှိတဲ့သူမ။

အခုတော့ ရင့်ကျက်ထည်ဝါတဲ့ အသွင်နဲ့ သူ့ရှေ့မှာ ကော့ရိတစ်ပါးနယ်။

"ကြာပြီလား ဝသုန်မေ၊ နှယ် ထွက်လာခါနီးမှ အလုပ်ကိစ္စတစ်ခုပေါ်လာလို့"

သူ့ကို မမြင်သေး၊ ဝသုန်မေကို အားနာစကားအရင်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မစောင့်ရသေးပါဘူး၊ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ စကားပြောနေလို့ စောင့်လို့စောင့်ရမှန်းတောင် မသိလိုက်ဘူး"

ဝသုန်မေက သူ့ဘက်ကိုမျက်စပစ်ပြီး ပြောလိုက်စဉ် သူမက သူ့ဘက်ကို အမှတ်တမဲ့လှည့်ကြည့်လိုက်တာတွေ့ရသည်။

အစိမ်းရင့်ရောင်ဝတ်စုံကြောင့် မျက်လုံးများပါ လိုက်စိမ်းနေသည့် သူမ မျက်နှာက ပြုံးယောင်ယောင်သမ်းသွားသည်။

သူမက ဝသုန်မေ့ဘေးတွင် ဝင်ထိုင်လိုက်တာတွေ့ရသည်။

"ကောင်းကင် နေကောင်းရဲ့လား"

သူမဆီက မမျှော်လင့်တဲ့စကားကို ကြားရသည်။

"ကောင်းပါတယ်"

အံ့ဩပေမယ့် တုံ့ဆိုင်းခြင်းမရှိဘဲ ဖြေလိုက်မိသည်။

သူတို့သုံးယောက်ကြားမှာ ပြောစရာစကား ရှားပါးလှစွာနဲ့ တိတ်ဆိတ်လွန်းနေသည်။





သူမက တီးဝိုင်းမှာ သီချင်းဆိုနေတဲ့ အဆိုတော်ကို စိတ်ဝင်စားဟန်ဆောင်ပြီး ကြည့်နေသည်။

ဝသုန်မေကတော့ သူ့ရဲ့အင်္ကျီကို မိမိရရဖမ်းပြီး ထိုးနက်ဖို့ စောင့်ကြည့်နေသလို ခံစားရသည်။

သိပ်မကြာခင်ပင် သတို့သားနဲ့ သတို့သမီး ပွဲထွက်လာ၍ အာရုံက အဲဒီဘက်ပြောင်းသွားကြသည်။

သူတို့သားက သူတို့သူငယ်ချင်းဖြစ်ပြီး သတို့သမီးနဲ့တော့ မရင်းနှီး။

သူ့သူငယ်ချင်းက သဘောအရာရှိဖြစ်သည်။ ငယ်ရွယ်ရီးအေးပုံရသည့် သတို့သမီး ဘာလုပ်သလဲဆိုတာတော့မသိ။

သူ့အတွေးမျိုး ဝသုန်မေက တွေးမိလေသလားမသိ။

"တိမ်လွှာ ဖိုးစည် အမျိုးသမီး ဘာလုပ်လဲသိလား"

သတို့သား စည်သူကို အားလုံးက ဖိုးစည်ဟု အလွယ်တကူခေါ်ခဲ့ကြသော်လည်း ဝသုန်မေက ဖိုးစည်ဟုခေါ်တိုင်း နားထဲကန့်လန့်ဝင်သွားသလို ဝသုန်မေ့အသံက ခပ်တောင့်တောင့်ဖြစ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဘာဖြစ်လို့လဲ"

ဝသုန်မေက သတို့သမီးကို နှစ်လိုဖွယ်ငေးကြည့်နေပြီး ...

"စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့သူပဲလေ၊ ဖိုးစည်က တကယ်မြတ်မြတ်နိုးနိုး လက်ထပ်ယူလိုက်တာ"

ဝသုန်မေ ပြောနေတာတွေကို သူမ မကြားဘဲနေမည် မဟုတ်။ ကြားမှာသေချာသည်။

ဒီနေရာမှာ ထိုင်မိတာ မှားပြီဟု အတွေးဝင်လာသည်။

သိပ်နောက်ကျသွားပြီဖြစ်၍ ထ,သွား၍မကောင်းတော့။

ထိုစဉ် သူမ ဖုန်းမြည်လာသဖြင့် ဖုန်းပြောနေတာတွေ့ရပြီး ...

"ဝသုန်မေရေ နှယ်တော့ အလုပ်ကိစ္စတစ်ခု မသွားမဖြစ်သွားဖို့ပေါ်လာပြီ၊ ကိုစည်သူကို နှယ့်ကိုယ်စား နှုတ်ဆက်ပေးနော်"





သူမက ခပ်လောလော ကသိကရိုကပြီး ဝသုန်မေကို မှာနေတာတွေ့ရသည်။

"ကောင်းပြီလေ နောက်မှ ဖုန်းဆက်လိုက်တာပေါ့"

သူ့ဘက်ကို အကြည့်တစ်ချက်နဲ့သာ မသိမသာ နှုတ်ဆက်သွားသည်။

ထိုနေ့က သူ ဆက်ပြီး ကံဆိုးပြန်သည်။

ဝသုန်မေ ကားစက်နိုး၍မရတော့သဖြင့် သူ ဝသုန်မေ့ကို လိုက်ပို့ဖို့အကြောင်းဖန်လာသည်။

ဒါကြောင့် ဝသုန်မေရဲ့ ပြင်းရှတဲ့စကားလုံးတွေကို ခံရခက်စွာ သူ ထပ်ကြားခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် နှယ်သာကီနဲ့ပတ်သက်ပြီး ငါ့ကို ဘာမှ မမေးချင်ဘူးလား"

မမေးဘဲနဲ့ ပြောချင်နေတဲ့ ဝသုန်မေ့ ပါးစပ်ကို ဘာနဲ့မှ ပိတ်လို့မရဘူးဆိုတာ ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်၍ သိနေသည်။

တမင်ပြောချင်၍ သူ့ကို လိုက်ပို့ခိုင်းတာပင်ဖြစ်နိုင်သေးသည်။

"မမေးလည်း နင် ပြောမယ်မဟုတ်လား"

ဝသုန်မေက အားပါးတရပြုံးသည်။ သူ့သူငယ်ချင်းမနဲ့ ခုလို ပြန်ခေါ်ခွင့်ရတာ ကောင်းတဲ့အလားအလာပင်ဖြစ်ချင်သည်။





"နင် သိချင်မှပြောမှာပါ၊ ငါ ပါးစပ်ဘယ်လောက်ယားယား နင် မသိချင်ရင် မပြောပါဘူး"

ဝသုန်မေ ဈေးကိုင်ပုံက ရယ်စရာပင်။

"ကြားမှာ နှယ်သာကီ ဘယ်ပျောက်သွားတာလဲတော့ သိချင်တယ်"

"ပျောက်သွားတယ် ဟုတ်လား၊ နင်က ခြေရာပျောက်သွားခဲ့တာလား၊ နှယ်သာကီက ရှောင်ပြေးသွားတာလား"

နှယ်သာကီ သီချင်းဆိုတဲ့ဆိုင်ကို အကြိမ်ကြိမ်သွားပြီး ရှာခဲ့တာ ဝသုန်မေ သိမည်မဟုတ်။

"ထားပါတော့လေ ငါက ထားခဲ့တယ်ပဲ ထားပါတော့"

ဝသုန်မေက နှုတ်ခမ်းတစ်ဖက်ကို မဲ့၍ပြုံးပြီး ...

"သူ ပြင်သစ်မှာ Decortion နဲ့ပတ်သက်တဲ့ သင်တန်းသွားတက်တာ၊ ပြီးတော့ ဟိုက အဆက်အသွယ်နဲ့ အလှဆင်တွေသွင်းတယ်၊ Decoration တွေ လိုက်ဆင်တယ်၊ ငါ့အလုပ်နဲ့နှယ်သာကီ အလုပ်က ဆက်စပ်နေတော့ ငါနဲ့ နှယ်သာကီ ပိုရင်းနှီးသွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်မေက အတိတ်ကို အားပါးတရ ပြန်လှန်ဖို့ အားယူနေသလိုပင် ...

"နင် သိခဲ့တဲ့ နှယ်သာကီက သာရာပြောင်းတတ်တဲ့ ခပ်ညှံ့ညှံ့ အခြေအနေနဲ့ အမျိုးသမီးမဟုတ်ဘူး တိမ်လွှာ။ အိမ်တွင်းရေးကိစ္စတစ်ခုကြောင့် အရွဲ့တိုက်ပုန်းရှောင်နေတာ။ အခုတော့ အားလုံးနဲ့ ပြန်အဆင်ပြေပြီး သူ့ဘဝသာယာဖြင့် မားနေပြီလေ၊ မနမြောဘူးလား တိမ်လွှာ"

ကားကို ဘရိတ်ဆောင့်နင်းပြီးသား ဖြစ်သွားသည်။

"ဝသုန်မေ နင် ငါ့ကို ဆက်စော်ကားနေမယ်၊ ဆက်ပြီး ထိုးနှက်နေမယ်ဆိုရင် ငါကားကို နင်ယူသွားလိုက်၊ ငါ ကားငှားပြီး ပြန်လိုက်မယ်"

"ဆောရီး တိမ်လွှာ၊ ငါ နင့်ကားပေါ်မှာဆိုတာမေ့သွားတယ်"

ဝသုန်မေက ခပ်ထေ့ထေ့ တောင်းပန်သည်။

ကားကို ကလပ် ဆောင့်လွှတ်လိုက်ပြီး ဝုန်းခနဲ ထွက်လာစဉ် ဝသုန်မေဆီက အခံရခက်လှသောရယ်သံကို ကြား ရသည်။





"နှယ်သာကီကတော့ ပြောပါတယ်၊ တိမ်လွှာဆိုတာ တောင်ခြေကကြည့်ရင် ကိုယ့်ခေါင်းပေါ်မှာဖြစ်ပေမယ့် တောင်ပေါ်ကကြည့်ရင် ကိုယ့်ခြေထောက်အောက် ရောက်နေရောတဲ့"

"တောက် ..."

သူ ရိုင်းပျစွာ တောက်ခတ်လိုက်မိပြီးနောက် ဝသုန်မေက ဘာစကားမှ ဆက်မပြောတော့။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



e-mail ထဲက ညီ ပြန်လာမယ်ဆိုတဲ့ စကားကြောင့် ညီ့ကို သတိရစိတ်နဲ့ ဝမ်းသာမိသော်လည်း ပြည့်ပြည့်ဝဝ ဝမ်းမသာမိ။

ညီ ပြန်လာရင် ဘာတွေဆက်ဖြစ်မယ်ဆိုတာ သူ မပြောနိုင်။

သူ့ကို အရင်ကလိုပင် သားတစ်ယောက်လို ဆိုးနွဲ့မှုဆာတတ်သည့် ညီက သူမနဲ့ပတ်သက်ပြီး စိမ်းတိမ်းတိမ်းဖြစ်သွားတာ နေမြော်ပို့ကောင်းလှသည်။

ပြင်ပြီးသားအခန်းမှာ သူ ညဘက် လာအိပ်တိုင်း တစ်ယောက်တည်း အထီးကျန်မှုဖြင့် ရင်ထဲ ဟာတာတာ။





သူမ အတွေးတွေနဲ့ ပုံဖော်ထားတဲ့ အခန်းအဖြစ် လုံခြုံနွေးထွေးမှုကို ခံစားရပေမယ့် ဝမ်းနည်းလွမ်းဆွတ်မှုက ဆက်လက်ပါတတ်လာတာမို့ မတွေးရဲလောက်အောင်ပင်။

မေ့မေ့ပျောက်ပျောက်ရှိပြီးကာမှ ပြန်အစပေါ်လာသည့် ခံစားမှုကို အရှိန်သတ်ဖို့ ခက်ခဲလှသည်။

နာရီကိုကြည့်လိုက်စဉ် ညဆယ်နာရီခွဲစွန်းစွန်းကို ပြနေသည်။

Remove ဖြင့် ဖွင့်လိုက်စဉ် သူ နားထောင်နေကျ သီချင်လေးက ဆွတ်ပျံ့ငြိမ်းအေးစွာ ပေါ်လာသည်။

လက်နှစ်ဖက်ကို ခေါင်းအုံးပြီး မျက်နှာကြက်ကို မော့ကြည့်ပြီး အတွေးနယ်ချဲ့နေစဉ် သူ့ဖုန်းမြည်လာသည်။

"ဟဲလို"

"တိမ်လွှာလား"

အသံက ဆိုးညင်းညင်း ရှတတ။ ဒါပေမဲ့ သူ ကောင်းကောင်းမှတ်မိနေသည်။

"ဟုတ်ပါတယ် နွယ်သာကီ"



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီအချိန်ကြီး သူမ ဖုန်းဆက်ရတာပါလိမ့်။ ရင်ထဲ ဘာလိုလို ခုန်နေသည်ကို သတိထားမိသည်။

"အခု တိမ်လွှာ ကျွန်မ ပြင်ပေးတဲ့အခန်းမှာလား"

သူမ အသံက တစ်ခုခုကို စိတ်လောနေပုံပေါက်နေသည်။

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ဒါဆို အခု Wall lamp တွေဖွင့်ထားလား"

ဖွင့်ထားတာပေါ့၊ ဂစ်တာပုံ Wall lamp တွေက သံစဉ်နုနုထွက်နေသလို မှိန်ဖျော့ရီဝေစွာ ...။

"ဟုတ်တယ် ဖွင့်ထားတယ်"

"ဒါဆို အခု ပိတ်လိုက် တိမ်လွှာ"

သူမက အထိတ်တလန့်ပုံစံနဲ့ ပိတ်ခိုင်းတာမို့ သူ နားမလည်နိုင်။

"ဘာဖြစ်လို့လဲ နွယ်သာကီ"

စိတ်ထဲမရှင်း၍ မေးလိုက်စဉ် သူမ မဖြေခင် သူ အဖြေကို သိသွားသည်။





ဖျတ်ခနဲ ဖောက်ခနဲ မီးသီးလေးတွေက ကျွမ်းသွားပြီး Auto main က သူ့အလိုလိုကျပြီး တစ်ခန်းလုံး မှောင်သွားသည်။

"ကျွန်တော် အချိန်မမီတော့ဘူး နွယ်သာကီ"

"ဩော် ... ကျွမ်းသွားပြီကိုး"

သူမက စိတ်မကောင်းစွာဖြင့် ခပ်တိုးတိုးရေရွတ်လိုက်သံ ကြားရသည်။

"ဆောရီးပဲ တိမ်လွှာ၊ ဒီ Wall Lamp က ကျွန်မ ဒီဇိုင်းနဲ့ ဟိုက ထုတ်ပေးထားတာ၊ အထဲက မီးသီးက သိပ်နုတော့ ဒီက ဗို့အားကို မနိုင်ဘူးဖြစ်နေတယ်။ သူတို့ဆီက နည်းနည်း ပဲလုပ်ပေးထားပြီး အာမခံနိုင်ဘူးလို့ တစ်ခါပြောပြီးသား၊ အချိန်လည်း သိပ်မပေးမိတာ ပါတယ်ထင်တယ်၊ အဲဒီ Wall Lamp ကို ကျွန်မ အခန်းနဲ့ တိမ်လွှာ့ အခန်းမှာပဲ တပ်ထားတာ၊ ဖုန်းမဆက်ခင် မိနစ်ပိုင်းလောက်မှာပဲ ကျွန်မ ဆီက မီးသီးတွေ ကျွမ်းသွားပြီ၊ အချိန်မီမလားလို့ စိတ်ပူပြီး တိမ်လွှာ့ဆီ ဆက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူတယ်ဆိုတဲ့အသံက သူ့ရင်ထဲ နွေးထွေးစွာ စီးဆင်းသွားပေမယ့် လိပ်ပြာလုံလုံနဲ့ မကြည်နူးရဲပေ။

"ကျွန်တော် ညတိုင်း ဒီ Wall Lamp လေးတွေ ဖွင့်ပြီး အိပ်တယ်၊ သူတို့ဆီက သံစဉ်လေးတွေ ကြားရသလို ခံစားရလို့"

သူမဆီက ရယ်သံညင်းသွဲ့သွဲ့ကို ကြားလိုက်ရသည်။

ဒီရယ်သံတွေ သူ့ကြောင့် ဆုံးရှုံးခဲ့ဖူးတာ တွေးမိစဉ် သူ့နှုတ်တွေက မဝံ့ရဲတော့ ...

"အခု တိမ်လွှာ သီချင်းဖွင့်ထားတာလား"

ရေစီးကြောင်းသံယောဇဉ်ကို သူမ ကိုယ်တိုင်တီးပြီး ဆိုထားတာ သူမ ပီသစွာ ကြားရရဲ့လား။

"ဟုတ်တယ်"

"မသိပါဘူး ကျွန်မ Wall Lamp တွေက သီချင်းညည်းနေတာလားလို့"

သူမ မမှတ်မိတာဘဲ ကောင်းပါသည်။

ဖုန်းထဲက သူမနဲ့ သီချင်းထဲက သူမ မတူနိုင်တော့သည်ပဲ။





"ကျွန်မ မနက်ဖြန်ကျရင် Wall Lamp တွေလဲဖို့ လှူလှူတ်လိုက်ပါ့မယ်၊ အဲဒီအတွက် ဝန်ဆောင်စရိတ်ပေးစရာမလိုပါဘူး၊ ဘယ်အချိန် လှူလှူတ်ပေးရင် အဆင်ပြေနိုင်မလဲ"

"ညနေပိုင်းဆိုရင် အဆင်ပြေလိမ့်မယ်ထင်တယ်၊ ဒီလိုလုပ်လေ ကျွန်တော် အိမ်ပြန်ရင်းနဲ့ ရုံးခန်းကိုဝင်ပြီး လှူခေါ်သွားပါ့မယ်"

"အိုကေ ... ဒါဆို ကျွန်မဘက်က စီစဉ်စရာရှိတာ စီစဉ်ထားပါ့မယ်၊ ဂွတ်နိုက် တိမ်လွှာ"

သူမက ဖျတ်ခနဲလာပြီး ဖျတ်ခနဲပျောက်သွားသည်။

ကြည်နူ့နူ့အသံဖြင့် သီချင်းထဲက သူမကတော့ ညနဲ့အတူ သူ့ကို နှော့နှော့ကလေး ချော့သိပ်နေဆဲ။

"ဂွတ်နိုက် နွယ်သာကီ"

မကြားနိုင်ပေမယ့် နူးညံ့လိုက်လှဲစွာ ဆုတောင်းပေးလိုက်သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



"MDအတွက်တော့ ဒီအခန်းက ပြင်လွန်းလို့ ဖင်ချွန်းဖြစ်နေပြီ"

ခေါ်လာသည့် မီးသမားကောင်လေးက မီးသီးအကျွမ်းတွေကို ဂရုတစိုက်ဖြုတ်ရင်း ပြောလာသဖြင့် ...

"ဘာဖြစ်လို့လဲကွ"

ခုံတစ်လုံးနဲ့ ပြင်နေတဲ့နား ဆွဲထိုင်ရင်း မေးလိုက်သည်။

"ဒီအခန်းအတွက် Wall Lamp တွေကို သူကိုယ်တိုင်စိတ်ကြိုက် ဒီဇိုင်းဆွဲပြီးမှာတာ၊ Wall Lamp တွေရောကျွန်းတံခါးတွေကအစ တချို့ဆို မကြိုက်လို့ နှစ်ခါလောက်တောင်လဲပေးရတယ်"





ဒါ သူမ စေတနာပဲလား ...

"အခြားအခန်းတွေ ပြင်တုန်းကရော ဒီလိုပဲမဟုတ်လားကွ"

ကောင်လေးက ကျွမ်းသွားတဲ့ မီးသီးနေရာမှာ မီးသီးအကောင်းကို တပ်ပေးနေရင်းနဲ့ သူ့ကို လှမ်းကြည့်ပြီး ...

"ပိုင်ရှင်တွေကိုကျလို့ ပြောင်းပေးရတာမျိုးပဲရှိတယ်၊ ဒီအခန်းကျတော့ MDကိုယ်တိုင် စိတ်တိုင်းမကျနိုင်ကိုဖြစ်နေတာ"

သူမ သူ့အခန်းမှန်း ကြိုသိလေခဲ့သလား။ သူ့ကိုယ်သူ အထင်ကြီးသွားတဲ့ အတွေးမျိုးက ရုတ်တရက် ဝင်လာသည်။

"သြော် ... ဒါဆို ကိုယ် ကုသိုလ်ထူးတာပေါ့"

"အစ်ကိုကတော့ ကုသိုလ်ထူးတာပေါ့၊ အလုပ်သမားတွေကတော့ ညည်းသလားမမေးနဲ့၊ ဒီအခန်းပြီးမှပဲ ဟင်းချနိုင်ကြတော့တယ်"

"သြော် ..."

သူ့ရင်ထဲ ဘာလိုလိုကြီးက လျှော့မသွား ....။

"ဒါဆို အားလုံးကို ကိုယ်က ကျေးဇူးတင်တယ်လို့ ပြောပေးစမ်းပါကွာ"

www.burmeseclassic.com



ကောင်လေးက ခေါင်းညိတ်ပြီး နောက် မီးသီးတစ်လုံးကို ဖြုတ်လဲနေသည်။

"အစ်ကိုရော MD ပြင်ထားတာတွေကို စိတ်တိုင်းကျရဲ့လား"

ထပ်တူပါပဲဟုဆိုလျှင် လွန်သည်ဟု ပြောကြလေမလား။

"ကျပါတယ် ဘာဖြစ်လို့လဲ"

ကောင်လေးက ရယ်ကျဲကျဲလုပ်နေသဖြင့် သူ ပိုသိချင်သွားသည်။

"ဘာလဲကွ မင်းက ရယ်နေတာ"

ရှင်းရှင်းနှီးနှီးပုံစံနဲ့ စကားထောက်လိုက်စဉ် ...

"အစ်ကိုက အိမ်ထောင်မရှိပါဘူးနော်"

ကောင်လေးက စကားပလ္လင်ခံနေသေးသည်။

"မရှိပါဘူးကွာ"

ကောင်လေးက ထပ်ရယ်ပြန်သည်။ ပြီးမှ အားနာသလိုကြည့်ပြီး ...





"MDရဲ့ဖူးစာရှင်အခန်းဆိုပြီး ကျွန်တော်တို့ နောက်ကွယ်မှာ စ,နေကြတာ"

သူပါ လိုက်ရယ်ပြီးမှ သူမကို အားနာစိတ်ဝင်လာသည်။

"မင်းတို့ MD မှာရော ရည်စွဲယ်ထားတဲ့သူ မရှိဘူးလား"

ကောင်လေးက နောက်ဆုံး Wall Lamp ကို တပ်လိုက်ပြီး ...

"မရှိဘူးထင်တာပဲ၊ ရှိရင် MD ဆီ အဝင်အထွက်တော့ အနည်းအကျဉ်းတော့ရှိမှာပေါ့၊ အခုထိ တစ်ခါမှတော့ အဲဒါမျိုး မတွေ့မူးဘူး"

သူမ ဒီအချိန်ထိ တစ်ယောက်တည်းရှိနေတဲ့အတွက် ကျေးဇူးတင်ရမလား၊ ဝမ်းနည်းရမလားမသိ။

မျှော်လင့်ခွင့်ဆိုတာ သူနဲ့ မထိုက်တန်ပေမယ့် မျှော်တော့မျှော်လင့်ချင်သေးသည်။

"အေးပေါ့ကွာ၊ လောကကြီးမှာ ချစ်ပေမယ့် မဆုံစည်းနိုင်တဲ့အကြောင်းအရာတွေက အများကြီးကွ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ချက်ချင်း လေးနက်သွားတဲ့ သူ့ပုံစံကို ကြည့်ပြီး မျက်နှာပေါ်က ရယ်ကျဲကျဲအမူအရာပါ ပျောက်သွားသည်။

❦ ✧ ❦





သူမဆီကို ကျေးဇူးတင်စကားပြောရန် အကြိမ်ကြိမ် ကြိုးစားမိသော်လည်း ဖုန်းနံပါတ်များကို နှိပ်ပြီးတိုင်း ချီတုံချတုံ ဖြစ်ပြီး ဖုန်းပြန်ချမိသည်ချည်းပင်။

Wall Lapm မှိန်ဖျော့ဖျော့လေးတွေက သူမ အရိပ် တွေလို သူ့ကို ရစ်ပတ်ဆော့ကစားလျက် ...

ဆုံးသွားပြီဖြစ်တဲ့ သူ့အဘွားရဲ့ နိုင်ငံခြားချက်အရ အဘွား မိတ်ဆွေတစ်ယောက်၏ မွေးနေ့အလှူကို အဘွား ခြံဝ မှာ မဝံ့မရဲမျက်နှာနဲ့ ရပ်နေတဲ့ သူမ ပုံရိပ်ကို ပြန်မြင်ယောင် လာသည်။

ချွေးစို့နေတဲ့ မျက်နှာပြောင်ရှင်းရှင်းပေါ်က ဝေခွဲမရ တဲ့မျက်နှာနဲ့ ရပ်နေတဲ့ သူမ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တွေ့တိုင်း မငုံမရဲနဲ့ ရှက်နေတတ်ပေမယ့် မာနတွေနဲ့ တင်းဖွဲ့ထားတတ်တဲ့ သူမ ...။

သူ propose လုပ်စဉ်က အံ့ဩစိုးရွံ့နေတဲ့ မျက်လုံးဝိုင်းတွေနဲ့ သူ့ကို မရဲတရဲကြည့်နေတဲ့ သူမ ...။

အခု ဒီမျက်ဝန်းတွေကို သူ ထပ်ရှာတွေ့ရတော့မည် မဟုတ်။

ရင့်ကျက်တည်ငြိမ်မှုတွေနဲ့ ဖွဲ့တည်ထားတဲ့ သူမ ရှေ့မှာ တစ်ဖန်ပြန်ပြီး မငုံမရဲဖြစ်ရသူက သူကိုယ်တိုင်ဖြစ်နေသည်။

တုံးစံအတိုင်း သီချင်းဖွင့်ပြီး အိပ်ရာပေါ်လှဲချလိုက်သည်။

မျက်နှာကြက်ပေါ်က သိမ်မွေ့စွာပြုံးနေတဲ့ သူမကို မြင်ရစဉ် သူ့မျက်လုံးတွေကို ဖြည်းလေးစွာ မှိတ်လိုက်သည်။

❦ ✧ ❦





၄

လူကြီးတစ်ယောက်လို တည်ငြိမ်ခန့်ညားလာတဲ့ ညီကို ကြည့်ပြီးတစ်မိသားစုလုံးက အားရကျေနပ်လှ၏။

အနေဝေးသွားလို့လား လူကြီးဆန်သွားလို့လား မသိ။ ညီက အရင်ကလို မိသားစုအပေါ် နွဲ့ဆိုးမဆိုးတော့။

အရင်က ညီ ဆိုးနွဲ့လျှင် စိတ်ရှုပ်ရတတ်ပေမယ့် အခုတော့ အဲဒီလို စိတ်ရှုပ်ရတာကိုပင် ပြန်လိုချင်လာသလိုပင်။

ဆယ်ရက်လောက်နေပြီး စင်ကာပူမှာပဲ အလုပ်ဝင်မှာဖြစ်၍ ညီ့အတွက် အချိန်တွေက ရှားပါးစွာ။

ဒီရှားပါးတဲ့ အချိန်တွေထဲမှာမှ ညီ သွားချင်တဲ့နေရာ ... ...

"ကိုကို မမနွယ် ဘယ်မှာရှိလဲဆိုတာ သိလား"



www.burmeseclassic.com

ကြည့်ရတာ ညီ အရင်က စားသောက်ဆိုင်မှာ သွားစုံစမ်းခဲ့ပြီးဖြစ်ပေလိမ့်မည်။

ဘာသတင်းမှ မရတဲ့အဆုံး သူ့ကို လာမေးခြင်းဖြစ်မည်။

"ဘာလုပ်ဖို့လဲ ညီ"

အမှုအရာမပျက်အောင် ထိန်းရင်း မေးလိုက်ရသည်။

"တွေ့ချင်လို့ပါ၊ ကိုကို့အစား ညီ တောင်းပန်ချင်လို့ပါ"

တောင်းပန်ဖို့ ကာယကံရှင်ကိုယ်တိုင် မငံ့မရဲဖြစ်ရပေမယ့် တောင်းပန်သင့်တာကိုတော့ လက်ခံပါသည်။

ဒါပေမဲ့ တောင်းပန်ခြင်းက အတိတ်ကို ပြန်တူးဆွသလို ဖြစ်မှာစိုးရိမ်လှသည်။

အတိတ်မှာ အကြွေးရှိခဲ့သူဖြစ်၍ အတိတ်ကို ပြန်တူးဆွမှာ စိုးရိမ်တာတော့အမှန်။

"ဒီအတိုင်းပဲ ထားလိုက်ပါ ညီရယ်"

နှမ်းလျစွာ ပြောလိုက်စဉ် ညီက သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ...





"ကိုကိုနဲ့ညီကြားမှာ မမနွယ်က အသုံးချခံရသလို ဖြစ်သွားတာ၊ မမနွယ် အနေနဲ့အမြင် သိခဲ့ရမှာပဲ၊ ကိုကို့ဘက်က ဘယ်လိုမှ မနေပေမယ့် ညီက မမနွယ်အပေါ်မှာ တကယ် စိတ်ရင်းနဲ့ သံယောဇဉ်ရှိခဲ့တဲ့အတွက် တောင်းပန်ရမယ် ကိုကို"

ဒီအတွက် ပြန်လာသလားလို့ မေးရလောက်အောင် ပင် ညီ့ပုံစံက ပြတ်သားခိုင်မာစွာ။

"ဒါပေမဲ့ ညီ သိခဲ့တဲ့ နွယ်သာကီနဲ့ အခု နွယ်သာကီက မတူတော့ဘူး ညီ"

"ဪ ... ကိုကို သိနေတယ်ပေါ့"

ဖုံးဖိထားရမယ့် အရွယ်တွေမဟုတ်တော့ သူ ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ပြန်လာစဉ် ညှိုကို မတွေ့ရသဖြင့် မေး ကြည့်လိုက်စဉ် ...

"သား တိုက်ခန်းသော့ယူပြီး ထွက်သွားတာပဲ၊ အဲဒီမှာ ဒီည အိပ်မယ်ပြောတယ်"

သူ့အမေက ညှိုကို ထည့်ပေးမယ့် ချဉ်ပေါင်ရွက်ဆွေးကို သင်ရင်းပြောသည်။

"တခြားရော ဘာမှာသွားသေးလဲ မေမေ"

"ဘာမှတော့ မမှာသွားဘူး သားကြီးရဲ့၊ အပြင်ကပြန်လာပြီးမှ ဘာစိတ်ကူးပေါက်တယ်မသိဘူး၊ သားကြီး အခန်းသော့ယူပြီး ဟိုမှာ သွားအိပ်မယ်ပြောသွားတာပဲ"



"အင်း ... သူ့သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်နေချင်လို့ထင်တယ်"

မေမေ စိတ်ပူမှာစိုး၍ လျှော့ပေါ့ပြောပြောပေးလိုက်လိုက်သည်။

ရေမိုးချိုး၊ စားသောက်ပြီးမှ ညှိုဆီ ဖုန်းခေါ်လိုက်စဉ် ...

"ပြောပါ ကိုကို"

ညှိုအသံက ပုံမှန်ဖြစ်၍ နည်းနည်းစိတ်အေးသွားသည်။

"ညနေစာ စားပြီးပြီလား ညှို"

"ဟုတ်ကဲ့ ... စားပြီးပါပြီ"

"ကိုကို ညှိုနဲ့ လာအိပ်ရမလား"

ညှို လူကြီးဖြစ်လာပေမယ့် ညှိုအပေါ်ထားတဲ့ သူ့အမြင်က မပြောင်းလဲချင်သေး။

"ဟင့်အင်း ... ရတယ် ကိုကို၊ ညှိုညှို အေးအေးဆေးဆေး တစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေးချင်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



မိသားစုရဲ့ နွေးထွေးမှုတွေနဲ့ ဝေတ်မွတ်နေတဲ့ ညီ ဒီအချိန်မှာ ဘယ်လိုစိတ်မျိုးက ညီ့ရဲ့ ဆာလောင်မှုကို ချိုးဖျက်နိုင်တာလဲ။

နွယ်သာကိုနဲ့ တွေ့ခဲ့လား မေးချင်ပေမယ့် မမေးရဲ

"ဒါဆိုလည်း မနက် Brakefast တော့ အိမ်မှာပဲ ပြန်စားနော်၊ မေမေက ညီ့အကြိုက် မြီးရှည်လုပ်ထားမယ်လို့ ပြောတယ်"

"အင်း"

ညီ စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ စကား သိပ် မပြောတော့ဘဲ ဖုန်းချလိုက်သည်။

ဒါပေမဲ့ သိချင်စိတ်က တားမရ ...

သူ နောက် ဖုန်းနံပါတ်တစ်ခုကို ထပ်နှိပ်လိုက်သည်။

❦ ✧ ❦



"ဟဲလို ... ပြောပါ တိမ်လွှာ"

သူမ အသံက ဝိသကြည်လင်စွာ ...

မေးသင့် မမေးသင့်ဆိုတာထက် သိချင်စိတ်က ကဲလွန်းနေသည်။

"ကောင်းကင်နဲ့ တွေ့သေးလား"

"ဩော် ..."

သူမရဲ့ အသံက ညီနဲ့ တွေ့ပြီးခဲ့ပြီဆိုတာ သက်သေခံနေသည်။

"ကျွန်မဆီ ကောင်းကင် ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်ခဲ့ပါတယ် တိမ်လွှာ"

သူမအသံက ထေ့ရိနေတာလား မသေချာ။

www.burmeseclassic.com

www.burmeseclassic.com



"ညီကို နားလည်ပေးပါ နွယ်သာကီ"

တစ်ဖက်က နာကြည်းခါးသက်တဲ့ ရယ်သံကို ကြားရသဖြင့် သူ အံ့သြနေဆဲ ...

"ဘယ်လိုလဲ တိမ်လွှာ၊ အရင်ကတော့ ညီနဲ့ ဝေးအောင် အစ်ကိုက ဇာတ်လမ်းတွေဆင်လို့ အခုကျပြန်တော့လည်း နားလည်ပေးပါဆိုတော့ ဒီမယ် တိမ်လွှာ ..."

သူမရဲ့အသံက မာထန်ပြီး ပြတ်သားစွာ ...

"ကျွန်မ အရုပ်မဟုတ်ဘူး၊ ခံစားမှုရှိတဲ့လူ၊ သူများထက်ပိုပြီး ခံစားတတ်တဲ့လူ၊ ရှင်က ဒီလိုနေပါ ဒီလိုထိုင်ပါလို့ ပြောလို့ရတဲ့ တုံးတုံး နွယ်သာကီ မဟုတ်ဘူး တိမ်လွှာ"

သူမကို ပေါက်ကွဲခွင့်ပေးသင့်ပါသည်။

သူကိုယ်တိုင်လည်း အပြစ်တင်ခံရမှ ကျေနပ်စွာ ရှင်သန်နိုင်ပေလိမ့်မည်။

"ကျွန်တော် ညီကိုလက်ခံပေးပါလို့ တောင်းဆိုတာ မဟုတ်ပါဘူး နွယ်သာကီ၊ ညီဆန္ဒကို သဘောပေါက်နားလည်ပေးရုံပါပဲ"





သူမရဲ့ အသက်ရှုသံပြင်းပြင်းကိုပါ ကြားနေရသဖြင့် သူမ ဒေါသတကြီးနဲ့ စိတ်လှုပ်ရှားနေတာ သိလိုက်သည်။

တဖြည်းဖြည်းနဲ့ နွယ်သာကီရဲ့ အသက်ရှူသံက ပုံမှန်ပြန်ဖြစ်သွားပြီး သက်ပြင်းချသံကို ကြားလိုက်ရသည်။

"ဆောရီး တိမ်လွှာ၊ ကျွန်မ စိတ်လှုပ်ရှားလွယ်သွားလွန်းတယ်"

သူမက အသံကိုပုံမှန်ပြန်ထိန်းရင်း တောင်းပန်သည်။

"ရပါတယ် နွယ်သာကီ၊ ကျွန်တော့်ဘက်ကလည်း တောင်းဆိုတာ နည်းနည်းများသွားတာကိုး"

"ကောင်းကင်က တိမ်လွှာကို ဘာမှပြန်မပြောဘူးလား"

"ညီကို ကျွန်တော် မမေးရဲတာပါ"

သူမဆီက သက်ပြင်းချသံ ကြားရပြန်သည်။

ပြီးမှ လေးနက်တည်ငြိမ်စွာဖြင့် ...

"ကောင်းကင်က ကျွန်မကို ရှောင်လင့်နေဆဲပဲတဲ့"

စိတ်လှုပ်ရှားလွန်းစွာဖြင့် အသက်အောင့်ပြီး နားထောင်နေရပေမယ့် သူ့ရင်ထဲမှာတော့ လှိုင်းထလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်က ငြင်းရက်စရာမရှိတဲ့ လူကောင်းလေးတစ်ယောက်ပါ တိမ်လွှာ"

ဒီတော့ သူ့ရင်ခုန်သံတွေ ပိုပြီးဆူပွက်လာသည်။

"ဒါပေမဲ့ ကျွန်မ သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဖူးဘူး"

ညီ သိပ်ပြီး ဝမ်းနည်းသွားခဲ့သလား။

"ကျွန်မ ညီ သိသင့်တယ်ထင်တဲ့ ကိစ္စတချို့ကို ပြောခဲ့တယ်၊ ညီ့ကိုလည်း နှစ်သိမ့်ခဲ့ပါတယ်"

သူမဘက်က ထင်ထားတာထက် ပိုကောင်းတဲ့ တုံ့ပြန်ချက်ကို ညီ ရခဲ့ပေမယ့် ညီ မှန်းထားတာက ဒီထက်မကဖြစ်နေတော့ ...

"ညီ အခု အိမ်မှာမရှိဘူး၊ ကျွန်တော့်အခန်းမှာ သွားအိပ်တယ်"

"အင်းလေ ... သူ့အတွက် အပေါင်းတွေကို ပြန်သစ်နေသရွေ့ ခံစားနေရမှာပဲလေ၊ သူမှမဟုတ်ပါဘူး လူတိုင်း ဒီလိုပါပဲ အတိတ်ဆိုတာ မေ့ထားသင့်ပေမယ့် မမေ့နိုင်ကြလို့ ဝမ်းနည်းပူဆွေးနေကြရတာမျိုးပေါ့"





သူမ အသံက စိတ်ပျက်လက်ပျက်ပုံစံနဲ့ နွမ်းဖျော့သွားသလိုပင်။

"အိုကေ ... တိမ်လွှာ၊ ကျွန်မ နားချင်ပြီ ဒါပဲမဟုတ်လား"

နားပါ နွယ်သာကီ ...

သူ့ရင်ခွင်ကျယ်ကြီးထဲမှာ နားခိုခွင့်ပေးချင်ပေမယ့် ရင်ခွင်ပိုင်ရှင်ကိုယ်တိုင်က ဒဏ်ရာဗလပွနဲ့ ...။

"နားပါ နွယ်သာကီ၊ ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်"

နွေးထွေးကြင်နာစွာနဲ့ သူ ပြောလိုက်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲ ညို ဝင်လာသဖြင့် စာရင်းတွေ စစ်နေတာကို ချထားလိုက်ပြီး အံ့ဩစွာ မေးလိုက်သည်။

"ဘာလဲ ညို"

ညိုက သူ့ခုတင်စွန်းတွင် ထိုင်လိုက်ပြီး ...

"ဒီည ကိုကိုနဲ့ အိပ်မလားလို့ မနက်ဖြန် ပြန်ရတော့မယ်လေ"

ညိုဆီက စကားကြောင့် ဝမ်းသာအံ့ဩသွားရသည်။

အရင်က ဘောလုံးပွဲကောင်းတဲ့ ညနေဆို ညိုအစ်ကိုနှစ်ယောက် အတူတူကြည့်ပြီး အတူတူအိပ်ခဲ့တာ မှတ်မိသေးသည်။

သူ အရင်နိုးတိုင်း ညို့ မျက်နှာပေါ်ကို ရေခဲရေကပ်ပြီး နှိုးတတ်သေးသည်။



"ကောင်းတာပေါ့ ဒါဆို ဒီည ကိုကို စာရင်းတွေ မလုပ်တော့ဘူး၊ ညိုနဲ့ စကားပြောပြီး အိပ်ကြတာပေါ့"

ညိုက ခုတင်ပေါ် ကန့်လန့်အနေအထားဖြင့် လှဲချလိုက်သဖြင့် သူပါ ညိုဘေးတွင် ကန့်လန့်လိုက်လှဲလိုက်သည်။

ညိုအစ်ကိုနှစ်ယောက်လုံး မျက်နှာကြက်ကို စိုက်ကြည့်ရင်း တိတ်ဆိတ်လျက် ...

"ကိုကို ညိုမေးရင် မှန်မှန်ဖြေမှာလား"

ညိုဆီက အရင်းမရှိ အဖျားမရှိ စကားကြောင့် ညိုဘက်ခေါင်းငဲ့ကြည့်စဉ် ညိုကလည်း သူ့ကို ပြန်ကြည့်နေသည်။

"ဖြေမှာပေါ့ ညို ဘာသိချင်လို့လဲ"

ညိုက ငြိမ်းချမ်းစွာပြုံးသည်။ ညို့မှာ ဒီလိုအပြုံးမျိုး သူ မတွေ့ရတာကြာပြီထင်။

"ကိုကို မမနွယ်ကို တကယ်ချစ်ခဲ့တာလား"

မေးခွန်းက မထင်မှတ်ထားတဲ့ မေးခွန်းဖြစ်သလို ခြေရခက်တဲ့မေးခွန်းလည်း ဖြစ်နေသည်။

"ဘာဖြစ်လို့ သိချင်တာလဲ ညို"

www.burmeseclassic.com

www.burmeseclassic.com



ညီက ရိုးရိုးစင်းစင်းပဲ ပြန်ဖြေသည်။

"ကိုကို နွယ်သာကီကို တကယ်ချစ်ခဲ့တယ်လို့ ပြောရင်ရော ညီ ယုံမှာလား"

ညီ့ဆီက ရယ်သံတစ်ချက် ဆိုရုံလေး ကြားရသည်။

"ယုံမှာပါ ကိုကို၊ ညီက ကိုကို့ကို တောက်လျှောက် ယုံကြည်ခဲ့တာပဲ"

ညီ ခေါင်းအောက်သို့ သူ့လက်ကို ထိုးထည့်၍ ခေါင်းအုံးပေးပြီး ...

"ဟုတ်တယ် ညီ ကိုကို နွယ်သာကီကို ညီ့အတွက် ချဉ်းကပ်ရင်း တကယ်ချစ်သွားခဲ့တယ်၊ ဒါပေမဲ့ ကိုကို ဘာအတွက်လုပ်နေတာလဲဆိုတဲ့ အချက်ကို မေ့လို့မရဘူးလေ၊ ညီ့ကို နွယ်သာကီအနားက ခွဲထုတ်ခဲ့သလို ကိုကိုလည်း နွယ်သာကီနဲ့ ဝေးရာမှာနေပေးရမယ်ဆိုတာလည်း သိနေခဲ့တယ်၊ ညီ့လက်ထဲက ကိုကို လုတဲ့အဖြစ်မျိုး အရောက်ခံလို့ဘယ်ဖြစ်ပါမလဲ ညီ"





ဒီလို လွတ်လပ်ပေါ့ပါးစွာ ဝန်ခံရခြင်းလောက် ပေါ့ပါးစေတာ မရှိသလိုပင်။

"နွယ်သာကီအတွက်တော့ ကိုကို့လုပ်ရပ်ဟာ သိပ်ရက်စက်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့လုပ်ရပ် ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒါပေမဲ့ အစ်ကိုတစ်ယောက်အနေနဲ့တော့ လုပ်သင့်လုပ်ထိုက်တဲ့ အနေအထားတစ်ခုကို လုပ်လိုက်ရတယ်လို့ပဲ သဘောထားပါတယ် ညီ"

"အခုရော ကိုကို မမနွယ့်အပေါ် ဘယ်လိုသဘောထားသေးလဲ"

သူ ဖြေစရာမရှိတော့ ...

ဝေဒနာဆိုတာ လွတ်လပ်စွာပြခွင့်ရတိုင်း ပြရတဲ့ အရာမဟုတ်။

အချို့ကိစ္စတွေက သိမ်းဆည်းထားရင်းနဲ့ သေရာပါ ဝေဒနာတွေဖြစ်ခဲ့ရတာ အများကြီး။

"ခုချိန်မှာ ဒါတွေ အရေးမကြီးတော့ပါဘူး ညီ၊ ကိုကို့နားမှာ ညီ ရှိနေရင်ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီက သူ့ကို လေးစားချစ်ခင်တဲ့အကြည့်နဲ့ နင်နင်နဲနဲ ကြည့်နေရှာသည်။

နှယ်သာကို အချစ်ဆိုတာ ပိုင်ဆိုင်နေရမှာ မဟုတ်ဘူး ချစ်နေတယ်ဆိုတဲ့ ကိုယ့်ခံစားချက်နဲ့ ကိုယ် ကျေကျေနပ်နပ် လွမ်းနေခွင့်ရရင်လည်း ရှင်သန်နေရကျိုးနပ်ပါတယ်။

"မနက်ဖြန် လေဆိပ်ကို မမနှယ်လည်း လာလိမ့်မယ်"

ရင်ဆိုင်တွေ့ရတိုင်း ရင်ခုန်သံတွေကို လုံခြုံအောင် သိမ်းဆည်းရတာ ဝင်ပန်းလွန်းလှသည်။



ညီကို သယ်ဆောင်သွားတဲ့ လေယာဉ်ကြီးကို မျက်စိတစ်ဆုံး သူနဲ့ သူမ ငေးကြည့်နေမိသည်။

နီးနီးလေး ပြန်လာမှာပါ ဆိုတဲ့ အတွေးတွေဆို့ခံပေးထားတာတောင် ရင်ထဲ လွမ်းဆွတ်နာကြင်လျက် ...

မျက်မှန်အနက်တပ်ထားတဲ့အတွက် သူမ မျက်ဝန်းတွေကို မမြင်ရပေမယ့် သူမလည်း မိတ်ဆွေဟောင်းတစ်ယောက်ကို သတိတရဖြစ်နေမယ်ဆိုတာ သေချာသည်။

သူကတော့ မျက်ရည်စေ့စေ့ဝဲဝဲ။

"ကျွန်မ ပြန်တော့မယ် တိမ်လွှာ"

သူမဆီက အသံကြားတော့မှ ပြန်ရမယ်ဆိုတာ သတိဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်စဉ် သူမက နောက်ကြောင်းလှည့်ပြီး ထွက်သွားသည်။ ဘာရယ်မဟုတ် …

သူမ သူ့နားက ထွက်သွားတာကို သူ့ရင်ထဲ လိုက်ပြီး ဝမ်းနည်းလာပြန်သည်။

ဘာဖြစ်တာပါလိမ့်။ သူ အနုတလော ပျော့ညံ့လွန်းနေသည်။

အပြာဖျော့ဖျော့ ဝတ်စုံကို ဝတ်ထား၍ သူမ ထွေ သွားတာက မြူတွေ ခပ်ရိပ်ရိပ်ကျလာသလို ဖြူဖျော့လျက် …

သူ့အနားမှာ ဘာမှမရှိတော့သလို ရင်ထဲလိုက်ဟာ သွားသည်။

ကောင်းကင်ကြီးကို မော့ကြည့်စဉ် လေယာဉ်သံက ပဲ့တင်ထပ်ကျန်နေဆဲ။ သူ နှမ်းဖျော့စွာဖြင့် ကောင်းကင်ကြီးကို နှုတ်ဆက်လိုက်သည်။

ရင်ဘတ်ထဲ ဘာမှ မရှိတော့သည့် လူသားတ ယောက်အဖြစ် သူ ဘယ်လောက်ကြာကြာ ရပ်တည်ရဦးမှာပါလိမ့်

❦ ✧ ❦





သူ ထွက်လာစဉ် သူမ ကားကို အရိပ်အယောင်မျှ ခင် မတွေ့ရတော့။

စက်နှိုးပြီး သီးချင်ဖွင့်လိုက်စဉ် သီချင်းသံက ချက် ချင်းထွက်မလာ …။

ပြန်ပိတ်မည်အလုပ် ညီအသံက ပီသစွာထွက်လာ သည်။

“ကိုကို ခုလောက်ဆို ညီ ကိုကိုတို့နဲ့ဝေးတဲ့နေရာမှာ ရောက်နေပြီထင်တယ်၊ လူကိုယ်တိုင် ကိုကို့ကို ပြောချင် ပေမယ့် ကိုကို လက်ခံမှာမဟုတ်တဲ့အတွက် အသံသွင်းပြီး ထားခဲ့တာပါ …



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မမနွယ်ကို ချစ်နေဆဲဆိုတာ ညီ သိပါတယ် ကိုကို။ ကိုကို့အခန်းက မမနွယ် သိချင်းရယ်၊ ကိုကို့ဒိုင်ယာရီရယ် အဲဒါတွေကို ညီ နားထောင်ခဲ့ ဖတ်ခဲ့ရတယ်၊ ကိုကို မသိဘဲ ဖတ်ခဲ့တဲ့အတွက် ခွင့်လွှတ်ပါ ကိုကို ...

အဲဒီနေ့က ညီ မမနွယ်ဆီသွားပြီး တောင်းပန်တာ ကိုကို မှတ်မိသေးလား ...

အဲဒီတုန်းက မမနွယ် ဘာပြန်ပြောလဲ ကိုကို သိလား။ မမနွယ် ရင်ထဲက စကားတွေကို ကိုကို နားထောင်ကြည့်ပါဦး။ အစကော မမနွယ်ရဲ့ ငြင်းဆန်တဲ့အသံလေးကိုပဲဖြစ်ဖြစ် တစ်သက်လုံး အမှတ်တရသိမ်းသွားချင်တဲ့ဆန္ဒနဲ့ ညီ ဖုန်းမှာ အသံသွင်းခဲ့တာပါ၊ အခုတော့ ကိုကို့အတွက် ညီ ထားခဲ့ပါတယ် ..."

ညီ့အသံက ခဏပြတ်သွားသည်။ နွယ်သာကို့အသံကို ကြားလိုက်ရသည်။

"ကောင်းကင် မမနွယ်ကို ရူးတယ်လို့ပဲပြောပြော မမနွယ် တိမ်လွှာကို ချစ်တယ်၊ သူက မမနွယ်ကို ချစ်ပါတယ်လို့





ပြောပြီး ပျောက်သွားပေမယ့် မမနွယ် သူ့ကို ချစ်နေဆဲပဲ။ သူ့နှုတ်က အဲဒီစကားတွေ ပြန်မရုပ်သိမ်းသေးသရွေ့ မမနွယ် ရင်ထဲမှာ သူဟာ မမနွယ်ရဲ့ ချစ်သူပဲ။ ကဲ ... ကောင်းကင် မမနွယ် မရူးဘူးလား မမိုက်ဘူးလား၊ ကိုယ့်အနားမှာရှိမနေတဲ့ ကိုယ့်အချစ်ကို မသိတဲ့လူတစ်ယောက်ကို ချစ်နေတဲ့အတွက်လေ ..."

ကားဘရိတ်ကို ရင်ခုန်လိုက်မောစွာ ဆောင့်နင်းမိပြီးသားဖြစ်သွားသည်။

ဘုရားရေ ... ဒါ နွယ်သာကိုရဲ့ အသံစစ်စစ်ဟုတ်ရဲ့လား ...။ သူ့နားကို သူ မယုံကြည်ရဲစွာ ...

ညီ့အသံက ထပ်ပေါ်လာသည်။

"ကိုကိုက ညီ့ကိုငဲ့ပြီး မမနွယ်ကို ထားခဲ့တာ ညီ နားလည်ပါတယ်၊ ညီ အားလုံးကို သိတဲ့အချိန်ကစပြီး မမနွယ်ကို အစ်မတစ်ယောက်လိုပဲ ဖြူဖြူစင်စင် ချစ်ဖို့ ဆုံးဖြတ်လိုက်တယ် အခုလောက်ဆို မမနွယ်လည်း ကိုကို့ဒိုင်ယာရီကို ဖတ်ပြီးနေလောက်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ညီ နှယ်သာကီကို ပါကင်ထုပ်ထားတဲ့ အထုပ်တစ်ခု ပေးခဲ့တာ သူ တွေ့ခဲ့သည်။

အဲဒါက သူ့နိုင်ယာရီပေါ့။

"ကံဆုံဖို့ဆိုတာ ခဲယဉ်းလှတာ ညီ သိပါတယ်။

ဒါပေမဲ့ ဆုံခွင့်ရှိရက်နဲ့ ဝေးနေကြတာတော့ ညီ မကြည့်ရက်ဘူး ...

ကိုကို့ကို ညီ ကန်တော့ခဲ့ပါတယ် ..."

ညီ့အသံက ပြတ်တောက်သွားသည်။

အခုထိ စက်ပြန်မနှိုးဖြစ်သေးတဲ့ မှင်သက်အုံ့ညြနေဆဲ။

သူ့ရင်ခုန်သံတွေ ဆူပွက်မြန်ဆန်လာပြီး ကားစက်ပြန်နှိုးလိုက်သည်။

တရိပ်ရိပ်နဲ့ သူ့ကားလေး ပြေးနေစဉ် ...

ဟော ... ဟိုး အဝေးကြီးမှာ သူ့ဆီပြန်လှည့်လာနေတဲ့ သူမ ကားလေး ...



အဲဒီကားဆီက သူမ ရင်ခုန်သံတွေကိုပါ သူ ကြားနေရသလိုပင်။

ကားနှစ်စီးက လမ်းတစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင်ရပ်မိသွားပြီး သူ့ဖုန်းအသံမြည်လာသည်။ ကြည့်လိုက်စဉ် သူမ နံပါတ် ...။

"ဘာလဲ နိုးရာပါပစ္စည်း လာအပ်တာလား"

"မဟုတ်ဘူး သူခိုးလာဖမ်းတာ"

"ကိုယ် ဘာခိုးသွားလို့လဲ"

"အချစ်တွေလေ ကျွန်မ အချစ်တွေ ခိုးသွားပြီး ဒိုင်ယာရီထဲ သိမ်းထားတာ သက်သေရော သက်သေခံပစ္စည်းရော မိထားပြီ"

"ဟာ ... ဒါဆို အပြစ်ကြီးပြီပေါ့"

"ဟုတ်တယ် တိမ်လွှာ ထောင်ကျလိမ့်မယ်"

"ဘာလဲ တစ်သက်တစ်ကျွန်းလား၊ အိမ်ထောင်ဆိုရင်တော့ ကြောက်တယ်"

www.burmeseclassic.com



"တိမ်လွှာနော် ကျွန်မ ရင်ခုန်လွန်းလို့ ကားမမောင်းနိုင်တော့ဘူး"

"ဘယ်လိုလုပ်မလဲ ကိုယ်လည်း စိတ်လှုပ်ရှားလွန်းလို့ မောင်းလို့မဖြစ်ဘူး"

သူမရော သူပါ ရယ်လိုက်စဉ် ...

ကောင်းကင်ကြီးက အပြစ်ကင်းစင်စွာနဲ့ သူတို့ကို ငုံ့မိုးကြည့်လျက် ...

တိမ်ညို တစ်ထွေးတစ်ပိုက်ကို သယ်ဆောင်ထားတဲ့ ကောင်းကင်က မိုးစက်အုကလေးများကို ကြဲပက်ချလိုက်စဉ် သူ သူမ ကားဆီ ပြေးထွက်လာလိုက်သည်။

အိမ့်ာဆစ်

(20-11-07)

www.burmeseclassic.com